



www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ဒါ ဘာ စာ မ ဟုတ် ပါ

**ဓါ်လာခုတင်နီဒါန်း (သို့) ဝတ္ထုအဓိပ္ပာယ်**

ဝတ္ထုသည် ပါဠိစကားဖြစ်သည်။ အနက်အဓိပ္ပာယ်မှာ - "အကြောင်းအရာ" ဖြစ်သည်။ ထို့ကြောင့် ဝတ္ထုဟု နာမည်ပေးခံရသော ကျမ်း၊ စာတမ်း၊ စာအုပ်တို့သည် တစ်စုံတစ်ခု (သို့မဟုတ်) တစ်ဦးတစ်ယောက်၏အကြောင်းအရာကို ရေးသားဖော်ပြကြခြင်း ဖြစ်သည်။

အကြမ်းအားဖြင့် ဝတ္ထု (၂) မျိုး (၂) စား ရှိသည်။

ပထမအမျိုးအစားမှာ အကြောင်းအရာ၊ အဖြစ်အပျက်တို့ကို တစ်ခုပြီးတစ်ခု ဖတ်ရှုသူတို့၏အာရုံမပြတ်စေအောင် ဆက်တိုက် ရေးသားထားသော ဝတ္ထုမျိုး ဖြစ်သည်။

နောက်တစ်မျိုးမှာ ဝတ္ထုဇာတ်လမ်းဇာတ်ကွက်တွင် ပါဝင်သော "ဇာတ်ကောင်" တို့၏စိတ်ဓာတ်၊ အကျင့်စာရိတ္တ၊ ဇာတိတို့ကို ကွက်ကွက်ကွင်းကွင်း ပေါ်လွင်လာအောင် တစ်ဆင့်ပြီးတစ်ဆင့် သရုပ်ဖော်ပြခြင်းပင်ဖြစ်သည်။

အများအားဖြင့် ယခုခေတ်ဝတ္ထုများမှာ ထိုနှစ်မျိုးနှစ်စားလုံး၌ပင် အကျုံးဝင်လေသည်...ဟု ဆရာကြီးရွှေဥဒေါင်း ပထမဦးဆုံး ရေးသားသော "ရတနာပုံ" ဝတ္ထုကြီး၌ ဖတ်ရှုခဲ့ဖူးပါသည်။ (စာရှုန်း)

သို့သော် ယခုခေတ်၌ ဝတ္ထု (၃) မျိုး (၃) စား ဖြစ်သွားပါသည်။ အကြောင်းမှုကား ထုတ်ဝေသူအကြိုက် ရေးသားပေးရသော "ဝမ်းစာ" ဝတ္ထု ဖြစ်ပါသည်။

စာရေးသူ

စာရေးဆရာ - ထုတ်ဝေရေးဆရာ နှစ်ပါးသွား

(သို့မဟုတ်)

မင်္ဂလာခုတင်၏ နိဒါန်း

အချို့သောလူများ၏ဦးနှောက်သည် မြေဆီမြေနှစ် အလွန်ကောင်းသော မြေပြင်နှင့်တူ၏။ ထိုသို့သောဦးနှောက်အတွင်းမှ စိတ်ကူးသစ်၊ အကြံဉာဏ်သစ်များသည် မိုးဦးကျ မှိုပွင့်များနှယ် အလုအယက် ပေါ်ထွက်လာတတ်သည်။ ဥပမာဆိုရသော် တီထွင်ပါရဂူကြီး အယ်ဒီဆင်သည် တီထွင်မှုပေါင်း တစ်ထောင်ကျော်ကို မှတ်ပုံတင်သွားခဲ့သည်။ ကျွန်ုပ်တို့၏ထုတ်ဝေသူသည် ထိုသို့သောလူစားမျိုး ဖြစ်သည်။

အချို့သောလူများ၏စိတ်နှလုံးသည် မြင်းမိုရ်တောင်ကြီးထက်ပင် ခိုင်မြဲကြံ့ခိုင်သည်။ သူတို့၏စိတ်တွင်းသို့ သန္နိဋ္ဌာန်တစ်ခုခု ဝင်ရောက်သွားပြီဆိုလျှင် မည်သည့်နည်းနှင့်မျှ ဖယ်ရှားထုတ်ပယ်၍ ရတော့မည်မဟုတ်။ အာဇာနည်သူရဲကောင်းများသည် ထိုသို့သော "တစ်ချောင်းတည်းသောစိတ်" ဖြင့် မိမိတို့နိုင်ငံ၏လွတ်လပ်ရေးကို ရယူပေးခဲ့ကြသည်။ ကျွန်ုပ်တို့၏ထုတ်ဝေသူသည် ထိုသို့သောလူစားမျိုး ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့၏ထုတ်ဝေသူသည် အယ်ဒီဆင်ကြီးကဲ့သို့ ကမ္ဘာကျော်ကောင်း ကျော်လာနိုင်သည်။ အာဇာနည်တစ်ဦးအဖြစ် ကမ္ဘာတည်သရွေ့ နာမည်မသေဘဲ အမွှန်ရှည်ကောင်း ရှည်သွားနိုင်သည်။

သို့သော်...

လင်းရောင်ခြည်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လောကတွင် အခြားလူတစ်မျိုးလည်း ရှိသေးသည်။ ''ကောက်ရိုးမီးတိမ်လူ'' ဟု ဆိုကြပါစို့။ သူတို့၏ ရည်မှန်းချက်များ၊ ဆုံးဖြတ်ချက်များ၊ စိတ်ကူးစိတ်သန်းများသည် ''ကောက်ရိုးမီးတမျှ ဟုန်းခနဲထ'' ပြီးနောက် သွေးအေးသွားသောအခါတွင် ''လေယူရာပါသွားတဲ့ မီးတိမ်လို'' လွင့်သွားကာ အိပ်မက်ပြာကျ စိတ်အနည်ထိုင်သွားတတ်မြဲ ဖြစ်သည်။ ကျွန်ုပ်တို့၏ ထုတ်ဝေသူသည် (အင်း . . . အားတော့နာပါရဲ့၊ ဒါပေမဲ့ ဝတ္ထုမဖြစ်. ဖြစ်အောင် တည်ရမှာဆိုတော့ အဟဲ . . . အားနာနာနဲ့ပဲ . . . အဟိ) အန္တိသို့သော လူစားမျိုးလည်း ဖြစ်နေသောကြောင့် သူ့ခမျှာ အယ်ဒီဆင်လည်း မဖြစ်လာ၊ အာဇာနည်လည်း မဖြစ်လိုက်ရဘဲ သုံးဆယ့်နှစ်လမ်းဝန်းကျင်၊ စာအုပ်တန်းတစ်လျှောက် စုန်ချည်ဆန်ချည်လျှောက်ရင်း ဟိုစာအုပ်ထုတ်၊ ဒီစာအုပ်ထုတ်နှင့် ယောင်တောင်ပေါင်တောင်ဖြင့် ထုတ်ဝေသူကလေးတစ်ယောက် ဖြစ်လာလေသည်။

ယခုလည်း သူ၏စိတ်အတွင်းသို့ ဘယ်က ဘယ်လို ရောက်လာသည် မသိ။ ''မင်္ဂလာခုတင်'' ဟူသော ကိုးရိုးကားရား အောက်ကလီအာ၊ ပေါ်ချာချာ၊ သွတ်တွတ်တွတ်၊ ကြောင်တောင်တောင်၊ ညို့တီတီ၊ တောင်လိုလို မြောက်လိုလို ဘာမှန်းမသိသော အမည်ကြီးက ကင်ဆာအမြစ်တွယ်သည့်နှယ် တွယ်နေပေပြီ၊ ထုတ်ဝေသူသည် လောလောလတ်လတ် သူ ရှာဖွေတွေ့ရှိလာသော ထို ''မင်္ဂလာခုတင်'' ကြီးဖြင့် ဘယ်လိုလုပ်လိုက်မည်၊ ဘယ်လိုကိုင်လိုက်မည် (စာအုပ်ထုတ်မှာကို ပြောတာပါဗျာ) . . . စသဖြင့် သူ၏ အားတိုင်းယားတိုင်း ထွက်နေသော အိုင်ဒီယာသစ်များကို ဥခါနီးကြက်မကြီး ကတော်သလို ကတော်ပြီးရင်း ကတော်မဆုံးအောင် ကတော်နေတော့သည်။

သို့သော် စာရေးဆရာကတော့ တုတ်တုတ်မျှမလှုပ်။ ''ဒီကြက်မကြီး ဘယ်လောက်ပဲ ကတော်ကတော် . . . ဥတော့လည်း လေဥပါပဲ'' ဟုသာ သဘောပိုက်ထားဟန် တူသည်။ ထုတ်ဝေသူ၏ အားကျိုးမာန်တက်စကားများသည် သူ၏ဝဲဘက်နားဝမှ ဝင်လျက် ယာဘက်နားဝမှ ပြန်ထွက်သွားသည်။ တကယ်တော့ စာရေးဆရာကလည်း သူ့ဒုက္ခနှင့်သူ၊ ထုတ်ဝေသူ၏





စကားများကို နားထောင်ဟန်ဆောင်နေရသော်လည်း သူ့ခေါင်းထဲတွင် အပေါင်း၊ အနှုတ်၊ အမြှောက်၊ အစားတွေနှင့် တဖျပ်ဖျပ် မီးပွင့်နေသည်။

အင်း . . . လကုန်ရင် ကျောင်းတွေဖွင့်ပြီ၊ အကြီးကောင်ကို ကျောင်းအပ်ရတော့မည်။ ကဲ . . . မိဘမေတ္တာသာ နိုင်နိုင်ချည်ပြီး ရှန်းဟ . . . ရှန်း . . . ရှန်း။

အလုပ်အကိုင်ကလည်း မကောင်းလိုက်ပုံများ . . . ။ ယခင်ကလို ရုပ်ပြဇာတ်လမ်းလေး ဘာလေး ရေးရရင်လည်း အသက်ရှူပေါက်လေးတော့ ရှိမည်။ ခုတော့ ရုပ်ပြစျေးကွက်ပျက်ပြီး ရုပ်ပြရေးဆရာတွေတောင် ယီးတီးယောင်တောင်နှင့် ပန်းချီဆရာ လုပ်သူလုပ်၊ ဝတ္ထုရေးရန် ကြံသူကြံနှင့် ကိုယ့်စားခွက် . . . အဲ . . . အဲ . . . စားကျက်တောင် လာလုနေကြသေး။ အေးလေ . . . သူတို့မှာလည်း သူတို့သား၊ သူတို့မယား၊ သူတို့ကြို၊ သူတို့ထမ်းပိုးနှင့်ဆိုတော့ သူတို့အဆိုးလည်း မဆိုသာပေဘူးပေါ့။ ရှန်းကြ ရှန်းကြ . . . သူငယ်ချင်းတို့။

စာရေးဆရာ၏ ခါးလျားရှည်ကြီးသည် ကိုင်းညွတ်ပြီးရင်း ကိုင်းညွတ်ကျလာသည်။ သူ၏မျက်မှန်ထက်မှ မတ်စောက်တင်းပြောင်နေသော နဖူးပြင်ကြီးထက်တွင် သောကခြေရာအရေးအကြောင်းများသည် တလိပ်လိပ်ထလာသည်။ ငါ နောက်ဆုံး ရထားတဲ့ စာမူခလေး မေ့စားနေရတာ။ ဒါကလည်း ဘယ်လောက်ခံမှာလဲ။ လကုန်ထိတောင် ခံပါ့မလား။ ဒီလ အငယ်လေး နေမကောင်းမဖြစ်လို့ တော်သေးတယ်။ မိုးနတ်မင်းကြီးကျေးဇူးပဲ၊ မဟုတ်လို့ကတော့ မွတ်ကရောကွာ။ အိမ်မှာလည်း ပေါင်လို့နှံလို့ရလောက်တဲ့ ပစ္စည်းဆိုလို့ ဘာမှမကျန်တော့ဘူး၊ လှည့်ရပြုရအောင်ကလည်း ငါ့သူငယ်ချင်းတွေဆိုတာ ငါ့လို ''ချိုနဲ့သားရေပဲ ကျန်တော့တယ်'' . . . ဆိုတဲ့ လူတွေချည်းပဲ။ မနေနိုင်လွန်းလို့ မရှိရှိတာလေး ရှာကြံပေးချင်တယ်ဆိုရင်တောင် . . . ''သူငယ်ချင်းရေ . . . ဒါလေး ယူသွားပြီး ပေါင်သုံးကွာ'' ဆိုပြီး ဝတ်ထားတဲ့ လုံကွင်းလေး ချွတ်ပေးပြီး ဖျာလိပ်ထဲဝင်နေရဖို့ပဲ ရှိတာ။ ဒါတောင် ပုဆိုးက နွမ်းနွမ်းလို့ ဘယ်အပေါင်ဆိုင်ကမှ လက်ခံမှာမဟုတ်ဘူး။ တောက် . . . ဒီလူတွေ



www.burmeseclassic.com

www.burmeseclassic.com



ဘာအားကိုးနဲ့ ဒီလောက်တောင် မွဲနေရတာလဲ မသိဘူး။ ငါ့အတိုင်းပဲ။ "ဂေါဏာနု ဂေါဏော၊ သာမဏောနု သာမဏော" ဆိုတာ ဒါမျိုးပဲ ဖြစ်မယ်။

ဤသို့ စာရေးဆရာသည် တောင်တွေးမြောက်တွေး တွေးရင်း နည်းလမ်းပေါင်းစုံဖြင့် ပေါင်းကြည့်၊ နှုတ်ကြည့်၊ မြှောက်ကြည့်၊ စားကြည့်သည်။ သို့သော် ဘယ်လိုပဲတွက်တွက် ထွက်လာသမျှအဖြေကား ကြက်ခြေခတ်များသာ။ နောက်ဆုံးတွင် စာရေးဆရာသည် အကြံကုန် ဂဠုန်ဆားချက်တော့သည်။ ပလက်ဖောင်းဈေးသည်တစ်ယောက်လို အာပေါင်အာရင်းသန်သန်ဖြင့် သူ၏ "သူ့ဟာသူကောင်း အိုင်ဒီယာများ" ကို ဒလဟော ဖြန့်ခင်းပြသနေသော ထုတ်ဝေသူဘက်သို့ မျက်စောင်းလှည့်ခဲလိုက်ခြင်းဖြစ်သည်။

ထုတ်ဝေသူကို စိုက်ကြည့်ပြီး သူတွေးသည်။ အင်း ... ဒီလူက အသားမည်းသလောက် အသည်းဖြူတဲ့လူပါ။ ရေးကာသိုလ် မစင်ကျယ်ခဲ့လို့ အောင်နက်တို့ ဘလက်ကီတို့ရဲ့ နှမတွေတောင် အမြီးမနှန့်ချင်လောက်အောင် ရုပ်မွဲပေမယ့် နှ ...(ကွန်ပျူတာဆရာများ အထူး အထူး သတိပြုရန်။ စသတ် လုံးဝ လုံးဝ မှားပြီးမပါပါစေနှင့်) လုံးတော့ အင်မတန်လှတဲ့လူပဲ။ တစ်ဖက်သားကို အင်မတန် သနားတတ်၊ ကူညီတတ်တဲ့လူ။ သူ့ရုပ်ကြီးကလည်း တစ်ခုတော့ကောင်းပါတယ်။ သေတဲ့အခါ ကျီးထိုးမှာ ပူစရာမလိုဘူးပေါ့။ အင်း ... သူ့ကိုပဲ ငိုပြီး တစ်သောင်းလောက်ထပ်ဆွဲရ ကောင်းမလား။ ဟာ ... မကောင်းပါဘူးလေ။ အရင်တစ်ခါ ယူထားတာတောင် တစ်ပြားမှ ပြန်မဆပ်ရသေးဘဲနဲ့။ တော်ကြာ ကြွေးသစ်သွားချေးမှ ကြွေးဟောင်းပြန်တောင်းဖို့ သတိရသွားဦးမယ်၊ ဟယ် ... မဟုတ်သေးဘူး၊ မဟုတ်သေးဘူး။ ငါ မချေးတော့ရော ဒီငွေတွေ သူ့သားမယား စားရမှာမှတ်လို့၊ ဒီငနောကြီးက လက်ထဲ ငွေယားလေးများရှိလို့ကတော့ လောင်းချင်စားချင်လိုက်တာမှ မြီးညှောင့်ရိုးထဲကကို ရွရွတက်နေတာ။ အကျင့်ကောင်းတဲ့ဟာကြီးမှ မဟုတ်တာ။ ရှိစုမဲ့စုလေး ဘောပွဲမှာပဲ အပျိုရည်ပျက်မလား။ ဖဲဝိုင်းထဲပဲ ရေတိမ်နစ်မလား ... ဘယ်သူပြောနိုင်မလဲ၊ ဟုတ်တယ် ...။ တာဝန်သိ လုပ်သားပြည်သူတစ်ယောက်အနေနဲ့ လောင်းကစားမှုကို တားဆီးသင့်တယ်။ ဒီတော့ ငါ





အားမနာဘဲ ငွေထပ်ချေးသင့်တယ်။ အလကားယူတာမှ မဟုတ် တာ။ ရှိတော့လည်း ပြန်ပေး။ ထိုစဉ် ..."ရေးမယ်မဟုတ်လား" ဟု ထုတ်ဝေသူက မေးလိုက်၍ စာရေးဆရာသည် ဆတ်ခနဲဖြစ်သွားကာ "ဘာ ... ဘာ ... ဘာပြောတယ်" ဟု ကတုန်ကယင် ဆိုလိုက်မိသည်။

အမှန်ကတော့ သူ ဆင်ကြံကြံနေသည်ကို တစ်ဖက်လူ ရိပ်မိသွားလေသလားဟု သူ့လိပ်ပြာ သူမလုံဘဲ ထိတ်ထိတ်ပျာပျာ ဖြစ်သွားခြင်းဖြစ်သည်။ ထုတ်ဝေသူသည် မျက်နှာမှုန်သွားသည်။

"ခင်ဗျား ... ကျုပ်ပြောတာကို နားထောင်နေတာမှ ဟုတ်ရဲ့လား"

"ဟာ ... နားထောင်နေတာ၊ နားထောင်နေတာ ... တစ်လုံးမှ မလွတ်ဘူး"

ထုတ်ဝေသူက ဘာမှဆက်မပြောဘဲ မယုံသလို စိုက်ကြည့်နေသောကြောင့် စာရေးဆရာသည် တောင်ကုတ်မြောက်ကုတ်နှင့် မကြားတစ်ချက်၊ ကြားတစ်ချက်ဖြင့် နားစွန်နားဖျားကြားခဲ့ရသော စကားများမှ မှတ်မိသမျှကို ဖျစ်ညှစ်စဉ်းစားကာ

"ဟိုဒင်းလေ ... ခင်ဗျား ပြောနေတာက အဲ ... ဟို ... ဝတ္ထုတိုစာအုပ် ထုတ်ဖို့ ..."

သူပြောတာ မှန်ပါလေစ ... ဟု မျက်လုံးလေးလှန်ပြီး ထုတ်ဝေသူကို သူစိုးကြည့်ကြည့်သည်။ ထုတ်ဝေသူက မှန်ကန်ကြောင်း ထောက်ခံချက်ပေးလိုက်သလို ခေါင်းကို ဆတ်ခနဲ တစ်ချက်ညိတ်သည်။

"အဲဒါ ဟို ဟာသဝတ္ထုတွေ ပေါင်းထုတ်မှာ"

ထုတ်ဝေသူက ခေါင်းညိတ်လိုက်ပြန်သည်။ စာရေးဆရာ အားတက်သွားပြီး ...

"အဲဒီမှာ ... အဲဒီမှာ ... အဲဒီမှာ ..."

သို့သော် သူ့ခေါင်းထဲတွင် ဘာမှဆက်စဉ်းစား၍မရတော့သော ကြောင့် အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေသည်။ ဆရာရှေ့တွင် စာအံရင်း ထစ်နေသည့် ကျောင်းသားကလေးအား သနားတတ်သောကျောင်းဆရာက

www.burmeseclassic.com



စာထောက်ပေးသည့်နှယ် ထုတ်ဝေသူက ''ခေါင်းစဉ်တပ်မှာက ...'' ဟု ထောက်ပေးလိုက်သည်။

''ခေါင်းစဉ် ... အား ... ဟုတ်ပြီ''

စာရေးဆရာ၏မျက်နှာသည် မီးအားတက်လာသော မီးသီးကဲ့သို့ တောက်ပဝင်းထိန်သွားသည်။

'' 'မင်္ဂလာခုတင်' ဆိုတဲ့ နာမည်ကို ခေါင်းစဉ်တပ်ပြီး ဟာသဝတ္ထုတိုတွေ ပေါင်းထုတ်မယ့်အကြောင်း ပြောနေတာလေ၊ ကျွန်တော် အသေအချာ နားထောင်နေတာပါဗျ။ ဂရိတ်အိုင်ဒီယာ, ဗဲရီးခွတ်အိုင်ဒီယာ, ဟိုက်ရှားဘားအိုင်ဒီယာပဲ ဒါမျိုး ဘယ်သူမှ စိတ်ကူးမှာမဟုတ်ဘူး ... ခင်ဗျားလို ဟိုက်ရှားဘားဦးနှောက်မျိုးထဲကမှ ထွက်လာနိုင်တာ၊ ဟဲ ဟဲ ... ကွန်ဂရက်ကျူလေးရှင်းဗျာ ... ကွန်ဂရက်ကျူလေးရှင်း''

စာရေးဆရာသည် ဟုတ်သော်ရှိ မဟုတ်သော်ရှိ ဝါးလုံးရှည်နှင့်ယမ်းပြီး ပစ်ခတ်ဖားပစ်လိုက်သည်။ လေ ဘယ်လောက်ကုန်တာမှတ်လို့။ ထိုအခါမှ ထုတ်ဝေသူလည်း ဘဝင်ကျသွားပြီး ပါးပြင်နှစ်ဖက်တွင် အရေးအကြောင်းကြီးများ ထင်းထင်းပေါ်လာအောင် ကျေကျေနပ်နပ်ကြီး ပြုံးနိုင်တော့သည်။ ဒီလောက်ဆိုလျှင် စာရေးဆရာ ဆက်ရှိုး၍ရပေပြီ။ စာအုပ်တစ်အုပ်ထုတ်ရန် စိတ်ရူးပေါက်လာပြီဆို ထုတ်ဝေသူ၏ကြံမြဲ ပြောမြဲစကားများကို ကြားရလွန်း၍ သူ အလွတ်ရနေပြီဖြစ်သည်။

''မင်္ဂလာခုတင်ဆိုတဲ့စာလုံးက မျက်နှာဖုံးမှာ ပန်းချီဆရာ စာလုံးရေးလို့ လှတာပေါ့''

သူ့စကားနောက်သို့ ထုတ်ဝေသူက ဝမ်းသာအားရ လိုက်ပါလာသည်။

''ဟုတ်တယ် ... Font ရေးလို့ ကောင်းတယ်ဗျ။ ဒါကြောင့်မို့ ကျုပ်ရွေးထားတာ''

''အင်း ... ၁၆ ချိုးဆိုဒ် ထုတ်ရင်ကောင်းမလား၊ ၁၀ ချိုးဆိုဒ် ထုတ်ရင်ကောင်းမလား ... ဒါတော့ ဈေးကွက်အခြေအနေ အကဲခတ်ပြီးမှ





ဆုံးဖြတ်တာပေါ့''

စာရေးဆရာသည် ထုတ်ဝေသူ၏အခြေအနေကို အကဲခတ်လိုက်သည်။ အမယ် ... ခေါင်းတညိတ်ညိတ်နှင့် သဘောကျနေလိုက်တာ။ နောက်တစ်ခွန်း၊ နှစ်ခွန်းလောက် ပင့်ပေးလိုက်ပြီးလျှင် ငွေချေး၍ရလောက်ပေပြီဟု သူ ဆုံးဖြတ်လိုက်သည်။

''မင်္ဂလာခုတင်ဆိုတော့ စာဖတ်သူက တွေ့တာနဲ့ စိတ်ဝင်စားပြီး မဖတ်ဘဲ နေနိုင်မှာမဟုတ်ဘူး ... အနည်းဆုံးတော့ ကောက်ကိုင်ကြည့်ပြီး ဟိုလှန်၊ ဒီလှန်တော့ လုပ်မှာပဲ''

''ဟီး ဟီး ... ဒါပေါ့ ဒါပေါ့ ... ဒီမှာ စာအုပ်ထုတ်တယ်ဆိုတာ ပညာလိုတယ်ဗျ။ အနည်းဆုံး စာဖတ်ပရိသတ်ကို လှန်ချင်စိတ် ပေါက်လာအောင်တော့ ဆွဲဆောင်နိုင်မှ စာအုပ်ရောင်းကောင်းတာဗျ။ အို ... ကျုပ်ခေါင်းထဲမှာ အိုင်ဒီယာတွေ အများကြီးရှိတယ်၊ တောက် ... အရင်းအနှီးသာကောင်းကောင်းရှိလို့ကတော့ဗျာ''

ထုတ်ဝေသူခေါင်းထဲမှ လောက်ထိုးသလို ရွစိတက်နေသော အိုင်ဒီယာများ ထပ်ထွက်မလာမီ စာရေးဆရာက ကပျာကယာဖြင့် ...

''ပြီးရင် ... စာအုပ်အဖုံးကို ပလတ်စတစ်အုပ်ဦးမှ၊ ဒါက အခုခေတ်စားနေတဲ့ ဖက်ရှင်ကို။ သူများတွေလုပ်လို့ ကိုယ်လိုက်မလုပ်ရင် ဘယ်ဖြစ်မလဲ၊ အောက်တာပေါ့၊ ဒါနဲ့ ပလတ်စတစ် အပြောင်အုပ်ရင်ကောင်းမလား၊ အမှိန်ပဲအုပ်ရင်ကောင်းမလား၊ အို ... ဒါတွေက ပန်းချီဆရာရေးပေးမယ့် အဖုံးကိုကြည့်ပြီးမှ စဉ်းစားရမှာပါ''

ထုတ်ဝေသူ နှုတ်ခမ်းစူသလိုလို ဖြစ်လာသည်။ ဘယ့်နှယ် ... သူ ပြောမည့်စကားများကို ဒီစာရေးဆရာပိန်ရှည်ကြီးက ရှေ့မှ ပိတ်ပြောနေပါလိမ့်၊ သူ့ ငါ့ကို လာလှောင်နေတာလား။ ယင်းကို သတိမထားမိသော စာရေးဆရာက မျက်နှာချိုသွေးလိုက်ပြန်သည်။

''အဲဒီလိုအိုင်ဒီယာတွေနဲ့ ထုတ်မယ့်စာအုပ် ရောင်းကောင်းလိုက်မယ့်ဖြစ်ခြင်း ... ဟိုက်ရှားဘား ရောင်းကောင်းမှာဗျ ... ဟဲ ဟဲ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဝေသူက ဆက်၍မကြားချင်တော့သလို စကားဖြတ်ကာ . . .

''ခင်ဗျား ရေးမယ်မဟုတ်လား''

စာရေးဆရာ နားဝေတိမ်တောင် ဖြစ်သွားသည်။

''ကျွန်တော်က ဘာရေးရမှာလဲ''

''မင်္ဂလာခုတင်လေ''

''ဘာမင်္ဂလာခုတင်လဲ''

''မင်္ဂလာခုတင်ဆိုတဲ့ခေါင်းစဉ်နဲ့ ဝတ္ထုတိုတစ်ပုဒ်ရေးဖို့လေ၊ မင်္ဂလာခုတင်ဆိုပြီး ထုတ်မယ့်စာအုပ်မှာ မင်္ဂလာခုတင်ဆိုတဲ့ ဝတ္ထုတစ်ပုဒ်တော့ ပါမှပေါ့ . . . ခင်ဗျား ရေးမယ်မဟုတ်လား''

စာရေးဆရာ ဘာပြောရမှန်းမသိအောင် မအီမလည်ကြီး ဖြစ်သွားသည်။ တစ်ခါက သူ့သူငယ်ချင်း သီချင်းရေးဆရာကို အဆိုတော်တစ်ယောက်က သီချင်းတစ်ပုဒ်အပ်သည်ကို သူ ကြုံဖူးသည်။ ထိုအဆိုတော်သည် တရားစခန်းဝင်ရင်း၊ဝင်ရင်း နာမည်ကျော်သည်ထက် ပိုကျော်ချင်လာသည်။ သီချင်းခွေရောင်းရသည်ထက် ပိုရောင်းရချင်လာသည်။ ထို့ကြောင့် နာမည်ကျော်အခါပေးဆရာကြီးတစ်ဦးကို ဆည်းကပ်ခဲ့လေ၏။ ထိုဆရာကြီးက စီးကရက်ခြောက်လိပ်တိတိကုန်အောင် ရှိုက်ဖွာစာတတ်စီးပြီးသွားသောအခါ အင်္ဂါသားသီချင်းရေးဆရာတစ်ယောက်ရေးသည့် ကြာသပတေးနံနှင့်စပြီး တနင်္လာနှင့်ဆုံးသောသီချင်းကို သီဆိုရမည်ဟု အခါပေးခဲ့သည်။ သူ့သူငယ်ချင်း သီချင်းရေးဆရာမှာ ကံကောင်းထောက်မစွာဖြင့် အမေက အင်္ဂါနေ့တွင် မွေးပေးခဲ့သောကြောင့် ဝေတိ ထီပေါက်သွားခဲ့သည်။ သူ့သူငယ်ချင်း ရေးပေးလိုက်သော ထိုစယ်ရှယ်အော်ဒါသီချင်း၏အမည်ကို သူ ယခုတိုင် မှတ်မိနေသေးသည်။ ''မျှော်လင့်ခြင်းကမ်းခြေ'' တဲ့။ စာရေးဆရာသည် သူကိုယ်တိုင် တစ်နေ့နေ့တွင် ထိုကဲ့သို့သော ''မျှော်လင့်ခြင်းကမ်းခြေ'' ၌ သောင်တင်မည့်အဖြစ်မျိုးနှင့် ကြုံရလိမ့်မည်ဟု အိပ်မက်မျှမမက်ခဲ့ဖူးပေ။

''ခင်ဗျားခေါင်းစဉ်ကြီးက ကျွန်တော့်မှာ ရေးစရာ ဘာအကြောင်းအရာမှ မရှိဘူးဗျ၊ တခြားတစ်ပုဒ် ရေးပေးမယ်လေဗျာ၊ ကျွန်တော့်ခေါင်းထဲမှာ





တွေးထား၊ ရေးထားပြီးသားဝတ္ထုတွေ အများကြီး ရှိပါတယ်ဗျ၊ စက္ကူပေါ် ချရေးလိုက်ရုံပဲ''

ထုတ်ဝေသူ မျက်နှာမှောင်သွားပြီး . . .

''ခင်ဗျားဟာတွေ ဘာလုပ်ရမှာလဲ အရေးကြီးတာက မင်္ဂလာခုတင်၊ ကျုပ်လိုချင်တာက မင်္ဂလာခုတင်၊ လိုအပ်နေတာက မင်္ဂလာခုတင်''

''ဒီလောက် မင်္ဂလာခုတင် လိုချင်နေရင်လည်း မိန်းမထပ်ယူပေါ့''

ဟု ဘုတောလိုက်ချင်သော်လည်း သူ့မှာ ထိုသို့ပြောနိုင်သော အခြေအနေ မဟုတ်၊ စာရေးဆရာသည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။ ဒီမည်းတူကြီးကို အရေးအရာယူပြီး အနုပညာတွေ၊ ခံစားချက်တွေ၊ အင်စပီရေးရှင်းတွေ၊ ခရီးယေးရှင်းတွေ သွားရှင်းပြနေ၍လည်း သူ့ဉာဏ်မမီတိုင်း မျက်လုံးသေကြီးများနှင့်သာ ကြည့်နေမည်။ ကျွဲပါးစောင်းတီး၊ သဲထဲရေသွန် ဘာမှ အရာထင်မည်မဟုတ်။ ဒီလူက ဉပဓိရုပ်ကသာ မျောက်ပိန်ကလေး နေလှန်းထားသလို မည်းခြောက်ခြောက်၊ ကုပ်ချောင်းချောင်း။ စိတ်ဓာတ်ကတော့ မျောက်လက်ထက်ပင် မြဲမြံသေးသည်။ အလကား တလွဲဆံပင်ကောင်း သတ္တဝါကြီး။ သို့သော် သူ့ဘာသာ ခေါင်းမာတာက အရေးမကြီး။ သူ့အလိုမကျလျှင် သူ့အိတ်မည်းမည်းကြီးထဲမှ ခြင်္သေ့စိမ်းစိမ်းကြီးတွေ တစ်ကောင်မှ ခုန်ထွက်လာလိမ့်မည်မဟုတ်။ ဒါကတော့ ဆိုးသည်။ ဆိုးလွန်းလှသည်။ စာရေးဆရာသည် စိတ်ပျက်လက်ပျက် ညည်းမိသည်။

''ခင်ဗျားဗျာ ကျွန်တော့်ကို ခြေထိတ်လက်ထိပ်ခတ်ပြီး ကြိုးတန်းလျှောက်ခိုင်းနေသလိုပဲ''

ထုတ်ဝေသူက သွားဖြဲရယ်လိုက်ပြီး . . .

''အို . . . ဒါကတော့ ခင်ဗျားက စာရေးဆရာပဲ၊ မင်္ဂလာခုတင်သာ ပါအောင်ရေးဗျာ''

စာရေးဆရာ သက်ပြင်းချပြန်သည်။ မှုမယ့်သာ မှုနေရသည်။ နောက်ဆုံးတော့ တည့်ည်းညည်း၊ တညျှညျှနှင့်ပင် သူရေးဖြစ်လိမ့်မည်ဆိုသည်ကို သူ၏ မသိစိတ်ဆိုလား၊ အတွင်းစိတ်ဆိုလား၊ မှေးရာပါပကတိ



www.burmeseclassic.com

www.burmeseclassic.com



ဥာဏ်ဆိုလား အဲဒီဟာကြီးက အလိုလိုသိနေသည်။ အေးလေ ... မရေးမတွက်နိုင်အောင်ပေါ်များတဲ့ အသက်မွေးဝမ်းကျောင်းမှုတွေထဲမှာ ငါကလည်း ဒီစာရေးဆရာဆိုတာကြီးကိုမှ လုပ်မိပေသကိုး။ ဝဋ္ဋနာ.ကံနာဆိုတော့ ဆေးမမီဘူးပေါ့။ စာပေလုပ်သားကြီးတွေ၊ စာပေဝန်ထမ်းကြီးတွေဆိုတော့ ... ဟီဟိ ... အလုပ်အပ်မယ့်လူရှိရင် ထမ်းရပိုးရမှာပဲ။ ဦးနှောက်တစ်လုံး ကျွဲပခုံးထချင်ထပါစေတော့။ စာရေးဆရာ စာရေးစားရပေမပေါ့။ ငါမရေးလည်း အခြားတစ်ယောက် သွားအပ်မှာပဲဟာ။ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်ပါစေ။ သို့သော် မင်္ဂလာခုတင်နှင့် ခွင်တည့်အောင် ဘာများရေးရပါလိမ့်။ ဆီလျော်သော အကြောင်းအရာကိုရသည့်တိုင် စောင့်ရေး၍လည်းမဖြစ်။ ဒါကညတွင်းချင်း အပြတ်ကိုင်ရမည့် ခွင်ဖြစ်သည်။ ထိုစဉ် ထုတ်ဝေသူ၏အသံက ခပ်ဆတ်ဆတ် ထွက်ပေါ်လာသည်။

''ဘယ်လိုလဲ ... ခင်ဗျား ရေးမှာလား, မရေးဘူးလား''

သေချင်းဆိုးကြီး ... ဒါမျိုးကျတော့ စိတ်မရှည်တော့ဘူးထင့်။ ငါ့ဒါမျိုးလာလုပ်လို့ ရရိုးလား။ စာရေးဆရာက ဆတ်ဆတ်ထိမခံ တုံ့ပြန်လိုက်သည်။ လေသံပျော့ကလေးနှင့် ...

''ဝတ္ထုထဲမှာ မင်္ဂလာခုတင်ပါရင် ပြီးရောမဟုတ်လား''

''ရတယ် ... မင်္ဂလာခုတင်ပါရင် ပြီးရော၊ ခင်ဗျား ကြိုက်တာရေး''

''ကောင်းပြီ''

စာရေးသူ

❑❑❑




www.burmeseclassic.com

www.burmeseclassic.com

## မင်္ဂလာခုတင်

ကိုရွှေတောသား

(ကျေးလက်ပျော်ဟာသဝတ္ထုရှည်)

❑ ကိုသံခဲတစ်ယောက် သည့်ဝါကျွတ်မှာ မင်္ဂလာဆောင်တော့မည်ဆိုသည့်သတင်း ပေါ်ထွက်လာတော့ ပိတ်ခွယ်ကျေးရွာတစ်ရွာလုံး အုတ်အော်သောင်းတင်း ဖြစ်သွားကြချေ၏။

မဖြစ်ဘဲကော နေပါမည်တဲ့လား ...။

နဖူးမောက်မောက်၊ ဖင်ကောက်ကောက်၊ လက်ပြင်ငေါ်ငေါ်၊ သွားခေါ်ခေါ်နှင့် သပိတ်ရောင်အသားအရေကို ပိုင်ဆိုင်ထားသည့် တကယ့် ပုံဆိုးပန်းဆိုးကြီးကိုဖြင့် သည်တစ်သက် မစွံနိုင်တော့ဘူးဟု၍ တစ်ရွာလုံးက မှတ်ထင်ထားကြလေသည် မဟုတ်လား။

"ဟေ့ ... နားရှိလို့သာ ကြားရတာ .. ယုံနိုင်စရာတောင် မကောင်းတော့ဘူးကွာ"

"မယုံချင်လည်း ယုံသာယုံလိုက်တော့၊ တစ်မြန်နေ့ကတင် နားဖောက်လိုက်ပြီဆိုလား"

"ဒါထက် ဘယ်သူနဲ့လဲကွ ... ပြောပါဦး"

"အနောက်ပိုင်းက မုဆိုးမဒေါ်မိညွှက်ရဲ့သမီး မိကြွက်နဲ့ဆိုပဲ"

"ဟာ ... ဘယ်လိုဖြစ်ရတာတဲ့လဲကွာ ... ကောင်မလေးက သွားကမားနဲ့ တကယ့်ကို လုံးလုံးကျစ်ကျစ်, အသားဖြူဖြူလေး၊ အင်း ... ဘဲဥတော့ ကျီးကန်းအချိုခံရကိန်းဆိုက်နေပြီ"

လင်းရောင်ခြည်စာပေ

www.burmeseclassic.com



ဟိ သစ္စံ . . . ဤစကား မှန်ကန်လေစွတကား။

အမှန်တကယ်လည်း တစ်မြန်နေ့ကပင် ကိုသံခဲတစ်ယောက် ရပ်မိ ရပ်ဖသုံးလေးဦးနှင့် ကန်တော့ပွဲရွက်ကာ ဒေါ်မိညွက်တို့တဲသို့ သွား၍ နား ဖောက်ခဲ့ချေပြီ။

''ကောင်မလေးနှယ် ပိတ်စွယ်ရွာမှာ သူနဲ့အရွယ်တူ ကောင်ကလေး တွေရှိပါရဲ့နဲ့ အသက်ထက်ဝက်မကကြီးပြီး တာတေလံနေတဲ့ ကိုသံခဲကိုမှ လက်သင့်ခံတယ်ဆိုတော့ အံ့အားသင့်စရာ ကောင်းမှကောင်းပဲဗျာ''

''ဟ . . . ဒါတော့ လွယ်လွယ်နဲ့ အပြစ်ပြောလို့မရဘူး၊ ကောင်မလေး တို့ဘက်က ချို့ချို့တဲ့တဲ့လေ၊ ဘို့ကောင်ကြီး သံခဲဆိုတာက လယ်နဲ့ယာနဲ့ . . . ပြီးတော့ နွားနဲ့စပါးနဲ့ သည်တော့ အခြေအနေကောင်းပြီး ပိုက်ဆံရှိတဲ့လူနဲ့ ဒေါ်မိညွက်က အကွက်မြင်လို့ နေရာချထားလိုက်တာ ဖြစ်မှာပေါ့ကွ၊ အသက် ကွာတာတို့ ရုပ်မလှတာတို့ဆိုတာ ကိုက်စားလို့ရတာမျိုးမှ မဟုတ်တာပဲလေ''

''ဒါပေမဲ့ကွာ . . . ရေရှည်ဖြစ်ပါ့မလား''

''ဟ . . . မဖြစ်ဘဲ ဘယ်နေပါ့မလဲ၊ အစကနဦးက အဆင်မချော ချင် မချောမယ်၊ နောက်တော့ သူဟာနဲ့သူ အဆင်ပြေပြီး အပေါက်အလမ်း တည့်သွားမှာပေါ့''

''အာ ဒီကောင် . . . ဘာတွေ ချော်တောငေါ့ပြီး ပြောနေတာလဲ၊ ငါဆိုလိုတာက အဲသည်ကိစ္စမဟုတ်ဘူး၊ ကောင်မလေးတို့ဘက်က ချို့ချို့ တဲ့တဲ့ဆိုတော့ ငွေကြေးညှစ်စာပြေလည်တဲ့ တို့ကောင်သံခဲကြီးကိုရရင် ပြေလည် ပြီ, ချောင်လည်ပြီဆိုပြီး အသုံးအစွဲတွေ လက်ဖွာချင်တယ်၊ ဒါပေမဲ့ . . . တို့ ကောင်ကြီးကတော့ မင်းတို့ငါတို့ သိကြတဲ့အတိုင်း နှပ်ချေးကိုကောင်မှ ငါးပိ လုပ်စားလို့ရရင် စားမယ့် အင်မတန်ကပ်စေးနဲ ကော်တရာကောင်လေကွာ . . . ၊

ဒီတော့ ခလေ့စရိုက်ချင်း ကွာဟလာတဲ့အခါ ပြေလည်ချောမွေ့ ဖြောင့်ဖြူးတဲ့အိမ်ထောင်ရေး ဖြစ်ပါ့မလားလို့ ပြောနေတာ''

ပတ်ဝန်းကျင်မှ ဝေဖန်သောစကားများ။

လင်းရောင်ခြည်စာပေ



အနောက်ပိုင်းက ထန်းရည်ဆိုင်မှာ၊ လယ်ယာလုပ်ငန်းခွင်မှာ၊ အရှေ့ပိုင်းရိပ်သာမှာ၊ ယုတ်စွအဆုံး ဘုန်းကြီးကျောင်းမွှာရုံမှာပင် သံခဲကြီး၏ အာဝါဟ ဝိဝါဟပြုတော့မည့်သတင်းက မည်သည့်ကြော်ငြာခမျှ မပေး ဆောင်ရပါဘဲနှင့် ပျံ့နှံ့နေခဲ့လေသတတ်။

❖ ❖ ❖

လင်းရောင်ခြည်စာပေ

www.burmeseclassic.com

www.burmeseclassic.com

□ ကာလမကြာခင် လူပျိုကြီးဘဝ ကျွတ်ရတော့မည့်အတွက်ကို သံခဲကြီးတစ်ယောက် အထူးပင် မြူးရွှင်နေလေတော့၏။

♫ ××× စဉ်းစားပြီး မရွှင်နိုင်ပါသဗျ ××× မင်းသားကြီး တစ်ပင်တိုင်ဘဝမှာ ××× ယှဉ်ပြိုင်က,စရာ ××× နမကညာ လိုသဗျ ××× အဟက်ဟက် ××× မတရား မလုပ်လိုက်ပါနဲ့ ××× နှစ်ပါးသွားလေး ထုတ်ပါရစေဦးဗျာ ××× တူးဗေပေါင် ××× တူးဗေပေါင် ××× ဗေတို့ ဗေဗေ ××× ဂျိ ××× ♫

ဟိုး . . . ခါတိုင်း . . . ခါတိုင်း . . . အလုပ်လုပ်ရာ၌ အသံဗလံတိတ်တိတ်ဆိတ်ဆိတ်ဖြင့် လုပ်လေ့ရှိသလောက် ခုတော့ဖြင့် ဖိုသွေး ဖိုစိတ်တွေ လွန့်လူးရုန်းတကာ ဖိုသံတွေ ဖိုသံတွေ ဟစ်ကြွေးနေပြီ ဖြစ်သည်။

မကြာမဘင်ကာလ၌ လုံးလုံးကျစ်ကျစ်၊ ဖုထစ်ကြွရွ၊ ယဉ်စမူမူ၊ အသားတော် အဖြူစွက်သည့် မိတ်ဖက်တည်းဟူသော သူ့အသက်တစ်ဝက်မကသည့် လုံမကညာနှင့် ''ဦ့ဖွ'' ပြီး နှာရတော့မည့်အတွက် မြူးကြွနေရခြင်းဆိုလျှင် မမှား။ ဒါမျိုး လုံးဝအတွေ့အကြုံမရှိ။ သည်တော့လည်း အိမ်ထောင်ရေးသင်တန်းအဖြစ် မိန်းမငါးယောက်တိတိ စွံခဲ့ဖူးသော ဘိုးစိန်လင်းကြီးအား ဆရာတင်ရ၏။

''ဒီမှာ သံခဲကြီး''

''မင်းကို ပထမဆုံးပို့ချမယ့် သင်ခန်းစာကတော့ 'လင်မယား' ဆိုတဲ့





ဝေါဟာရရဲ့ အနက်အဓိပ္ပာယ်ပဲ၊ 'လင်' လို့ ဘာကြောင့်ခေါ်သလဲ၊ အဲ . . . ဘာကြောင့် 'လင်' လို့ ခေါ်ရသလဲဆိုတော့ ဇနီးမယားရဲ့စိတ်ကို ကြည်လင်စေအောင်, ကြည်လင်မှုရှိအောင် စွမ်းဆောင်နိုင်တဲ့အတွက် 'လင်' လို့ခေါ်ရတာပဲ . . .၊

'မယား' ဆိုတာကျတော့ လင်ကို အယားဖျောက်ပေးနိုင်လို့, ယားနေခဲ့ရင် မယားတော့အောင် စွမ်းဆောင်ပေးနိုင်တဲ့အတွက် 'မယား' လို့ခေါ်တာပဲ သံခဲကြီး''

''တောက် . . . တယ်လည်း ပညာပါတဲ့ အဓိပ္ပာယ်တွေပဲပေါ့နော်''

''မှန်သပေါ့ကွာ . . . ရှေးက လောကီပညာရှင်ကြီးတွေဆိုတာ နယ်နယ်ရရ ပုဂ္ဂိုလ်တွေမှမဟုတ်တာ၊ 'အိမ်ထောင်မူ ဘုရားတည် ဆေးမင်ရည်စုတ်ထိုး၊ သည်သုံးမျိုး ချက်မပိုင်လျှင် နောင်ပြင်နိုင်ခက်သည့်အမျိုး' တဲ့ကွ၊ ဆိုလိုတာကတော့ကွာ အိမ်ထောင်ပြုတာ, ဘုရားတည်တာ, ဆေးမင်ရည်စုတ်ထိုးတာတွေဟာ အိမ်ထောင်မပြုခင်, ဘုရားမတည်ခင်, ဆေးမင်ရည်စုတ်မထိုးခင်မှာ ကြိုတင်ပြီး ဆင်ခြင်စဉ်းစားရတယ်ကွ၊ ပြုပြီးရင် တည်ပြီးရင် ထိုးပြီးရင် ပြန်ပြင်ချင်တယ်ဆိုတာတောင် ပြင်ဖို့ခက်သွားပြီ''

''ဒါဆို ဘိုးစိတ်လင်းအနေနဲ့ အိမ်ထောင်ငါးဆက် ကျတာရော''

''ဟ . . . ဒါကတော့ ခွင်းချက်ထားရမယ့်ကိစ္စကွ၊ လောကမှာ တစ်ယောက်မကောင်း တစ်ယောက်ပြောင်း, တစ်ပင်လဲမှ တစ်ပင်ထူရတယ်၊ မှန်းစမ်း . . . မင်းရဲ့ ညာဘက်လက်''

သံခဲကြီးလည်း ဖြုန်းခနဲ သူ့ညာဘက်လက်အား ဘိုးစိန်လင်းထံ ထိုးပေးလိုက်သည်။

''အင်း . . . သောကြာဂြိုဟ်ခုံက အင်မတန်မို့နေတာပါပဲလား၊ မင်းလည်း ခေသူတော့မဟုတ်ဘူး၊ 'လူက နံပိန်, ကျွဲက ချိုလိမ်' ဆိုသလို မင်းလည်း မိကြွက်အကြိုက်တွေ့မယ့် လက္ခဏာရှင်ပဲ . . . ဟဲ ဟဲ''

''ဟဲ ဟဲ ဟဲ ဟဲ''

''မင်းကို အပြန်မှာ ငါ လူပျိုဘဝကတည်းက စွဲလွဲလမ်းလမ်း



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ခဲ့တဲ့ စာအုပ်တစ်အုပ် ငှားလိုက်မယ်''

''ဘာစာအုပ်တုံး ဘိုးစိန်လင်းရဲ့''

''ဆရာကြီးပီမိုးနင်းရဲ့ အပျိုလမ်းညွှန်စာအုပ်ကွ၊ မိန်းမနဲ့ 'တစ်သိမ့်မရှာ' ရသေးတဲ့ မင်းတို့လိုကောင်တွေ အင်မတန် လေ့လာဖတ်ရှုမှတ်သားသင့်တဲ့ စာအုပ်တစ်အုပ်ပဲ၊ ငါ ညှပ်ထားတဲ့ အခန်းကစပြီး ဖတ်ကြည့် ... ဟောဒီမှာ တွေ့လား''

ဘိုးစိန်လင်းက စာအုပ်ကို ဖွင့်ပြလိုက်သည်။ အခန်းခေါင်းစဉ်က ''အဘယ်ပုံ ပျိုးရမည်နည်း'' ဟူ၍ ဖြစ်၏။

''ဟာ ... ကျုပ်က အိမ်ထောင်ရေးသင်ခန်းစာ ကြားချင်တာ ... ဘယ့်နှယ့် 'အဘယ်ပုံ ပျိုးရမည်နည်း' ဆိုတော့ စိုက်ပျိုးရေးကိစ္စကြီးပဲ၊ ပျိုးပဲဗျာ ... မိုးတွင်း ကောက်စိုက်တဲ့အခါ ပျိုးပင်များ ဘယ်မှာနှုတ်နှုတ်ရတာချည်းပဲဟာ၊ ကိုယ်မနှုတ်ချင်ရင်လည်း ပျိုးပင်နှုတ်ပြီးသားတွေ ဝယ်လို့ရပါတယ်''

''တောက် ... မင်း တော်တော်ဒုံးဝေးလှချည်လား တုံးရယ်၊ အဲဒီကိစ္စကို ပြောတာမဟုတ်ဘူးဟ၊ ကောင်မလေး မင်းအပေါ် စာလိပ်ပြီး စိတ်လာအောင် ဘယ်လိုအစပျိုးရမလဲလို့ ရည်ညွှန်းတာ''

''အဟော် ... သိပါဘူးဗျ ... အဟီး ဟီး''

''တောက် ... မင်းနဲ့စကားပြောရတာ လက်ပေါက်လည်း ကတ်တယ်၊ အာလည်းခြောက်တယ်၊ မတော်ဆို ကိုယ့်ကိုပညာပေးနေတဲ့ ဆရာသမား စားရသောက်ရအောင် တစ်ခုခုလေး၊ ဘာလေး လုပ်မလာဘူး၊ အင်မတန် အလိုက်မသိဘဲ ကော်တရာ ကပ်စေးနဲ့တဲ့ အကောင်''

''ဒီတစ်ခါတော့ ခွင့်လွှတ်ပါ ဘိုးစိတ်လင်းရာ ... နောက်တစ်ခါ ကျုပ် ထန်းရည်နဲ့ အမဲခြောက်ဖုတ် ဆွဲလာပါ့မယ် ... ဟုတ်ပလား''

''အေး ... ဒီတစ်ခါတော့ ရှိစေတော့၊ ရှိစေတော့၊ ကိုင်း ... ဆက်ပြောဦးမယ် ... လူတစ်ယောက်ကျန်းမာရေးနဲ့ပက်သက်ပြီး ရေချိုးတဲ့အခါ လက်ာကလေးနဲ့ ချိုး ... ဘယ်တော့မှ ခန္ဓာကိုယ် မဖောက်ပြန်ဘူး''





''ဘယ်လိုလင်္ကာနဲ့ ရေချိုးရမှာတုံး''

''ဆောင်း တစ်ဆယ်, နွေ ကိုး, မိုး ရှစ်တဲ့ကွ၊ ဆိုလိုတာက ဆောင်းကာလကျရင် မနက်ဆယ်နာရီ, နွေကာလကျရင် မနက်ကိုးနာရီ, မိုးကာလကျရင် မနက် ရှစ်နာရီ ရေချိုးရင် အနိုးတွေပွင့်ပြီး ကျန်းမာရွှင်လန်းတဲ့ သဘောပဲ''

ဘိုးစိန်လင်းကား စွယ်စုံရ ပုဂ္ဂိုလ်ကြီးပါတကား။ သည်လိုပုဂ္ဂိုလ်မျိုးကို ဆည်းကပ်ခွင့်ရသဖြင့် သံခဲကြီးအဖို့ အကျေနပ်ကြီး ကျေနပ်နေမိတော့၏။

''အေး ... အိမ်ထောင်ရေးကိစ္စမှာလည်း လင်္ကာကလေးအတိုင်း မှတ်သားကျင့်ကြံရင် သာယာတဲ့အိမ်ထောင်ရေး ဖြစ်လာမယ်''

''လုပ်စမ်းပါဦး ဘိုးစိန်လင်းရယ်''

''အေး ... မင်း ကျက်မှတ်လွယ်အောင် လင်္ကာကလေး ပေးလိုက်မယ်၊ အနက်အဓိပ္ပာယ်တော့ ပြန်မနေတော့ဘူး၊ ကိုင်း ... လိုက်ရေးစမ်း''

သည်သို့ဆိုလေသည့်အတွက် သံခဲကြီးလည်း ခဲတံတစ်ချောင်းဖြင့် စာရွက်လွတ်ပေါ်၌ ရေးမှတ်လေတော့၏။

''နှမ်းလုံးကြိုင်မြစ်
လက် တစ်ဆစ်
ပျစ်ပျစ် ဖျော်လိမ်းပေး။
အဲဒါ အဲဒါ မဟာဒူးကြီးဆေး'' ... ပါတဲ့လား။

''ကိုင်း ... ဒီနေ့အဖို့တော့ ဒီလောက်နဲ့ ကျေနပ်တော့ကွာ၊ ငါလည်း ပိုးတီကလေးဆီ သွားဖို့ရှိတယ်''

ပိုးတီဆိုသည်ကား တစ်ဖက်ရွာမှ စပါးထမ်းသော ကောင်မလေး ဖြစ်၏။ ဘိုးစိန်လင်းအလုပ်က ရွာစဉ်တကာ လှည့်ရသော စပါးပွဲစားအလုပ် ဖြစ်လေရာ စပါးအဝယ်ထွက်ရင်း တစ်ဖက်ရွာမှ ဆန်စက်အလုပ်သမ တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



လပ်မလေး ပိုးတီနှင့် ဘာညာသာရကာဖြစ်နေတော့မှ သံခဲကြီးအဖို့ ဘိုးစိန် လင်းအား ဆရာတင်ရကျိုးနပ်ပေသည်တကားဟူ၍ ကောက်ချက်ချမိလေသည်တစ်မုံ့။

❖ ❖ ❖



❑ ရပ်မိရပ်ဖ အသိသက်သေတွေနှင့် စေ့စပ်ကြောင်းလမ်း နားဖောက်ခဲ့ပြီးလေပြီမို့ သံခဲကြီးအဖို့ တစ်နေ့တာလုပ်ငန်းခွင် သိမ်းပြီးသကာလ ညနေညိုပြီဆိုသည်နှင့် ဟိုးယခင့်ယခင်ကလို အနောက်ပိုင်းထန်းတောသို့ ခြေဦးမလှည့်ဖြစ်။

လှည့်ဖြစ်သည်က မကြာမတင်သောကာလ၌ ပုဆိုးတန်းကင်အကြင် လင်မယား ဖြစ်ကြတော့မည့် မိကြွက်တို့အိမ်ဂေဟာသို့သာတည်း။

"ဟော ... မောင်သံခဲ လာလေကွယ်၊ ဘယ့်နှယ့် ... ထမင်းစားခဲ့ပြီးပလား"

"အဟီး ... ညနေစာ မချက်အားလို့ ဘာမှမစားခဲ့ရသေးဘူး အရီးညွှက်၊ ဒါထက် အရီးညွှက်တို့ ဘာချက်သလဲဟင်"

"ထွေထွေထူးထူးတော့ မဟုတ်ပါဘူးကွယ် ... လသာခရမ်းသီးကို ဝက်ဆီဖတ်နဲ့နှပ်တယ်၊ တညင်းဝက်ကလေးတွေ ရလို့ မီးအုံးထားတယ်၊ ကျန်တာတော့ ငါးပိရည်ပေါ့ကွယ်"

"ဟာ ... ကျွန်တော့်အကြိုက်တွေချည်းပဲ"

မီးဖိုချောင်ထဲတွင်ရှိနေသော မိကြွက်မှာ တစ်နေ့သ၌ လင်တော်မောင်ဖြစ်လာမည့် ခင်ပွန်းလောင်း သံခဲကြီးအား မျက်စောင်းခဲပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... ကော်တရာ ကပ်စေးနဲကြီး ... သူ့အိမ်က ဘာမှစားမလာဘဲ လူမမာဆီက ဆံပြုတ်ကူသောက်တဲ့ လူကြီး"

မည်သို့ဆိုစေ မိခင်ဖြစ်သူက "ညည်းအစ်ကိုကို ခူးခပ်ကျွေးလိုက်ပါ သမီးရယ်" ဟု ပြောလာတော့လည်း ခူးခပ်ကျွေးလိုက်ရသည်သာ။

စားလိုက်တာလည်း ကိုယ့်အိမ်မဟုတ်သေး၍ တော်ရော့သည်။ "အားနာပါးနာနဲ့ ရောက်တော့လည်း မထူးပါဘူး ... စားလိုက်ပါတော့မယ်" ဟု ဆိုကာ ထမင်းသုံးပန်းကန်လောက် မျိုသွားခဲ့သည်။ ထမင်းစားပြီးပြန်တော့လည်း ရေနွေးကြမ်းနှင့် မိခင်၏ထန်းလျက်ပုလင်းကိုလည်း အလွတ်မပေး။

"ဒါထက် မင်္ဂလာဆောင်အတွက် လိုအပ်တဲ့ ခန်းဝင်ပစ္စည်းတွေ ဝယ်ဖို့ မလုပ်သေးဘူးလား မောင်သံခဲ"

"ဒီတစ်ပတ် ကွမ်းခူးအပြီးမှာ သွားဝယ်မှာပါ အရီးညက်ရဲ့၊ အဲသည်ကျရင် အရီးညက်နဲ့ မိကြွက်တို့ကိုပါ ခေါ်သွားမှာပါ၊ အဲဒီကျတော့ မိကြွက်နဲ့ အရီးညက်တို့ လိုအပ်တဲ့အဝတ်အစားတွေ ဝယ်ကြပေါ့"

"ဒါထက် အိပ်ရာအခမ်းအနားအတွက်ကော"

"မပူနဲ့ အရီးညက် ... နှစ်ယောက်အိပ်ဖျာတစ်ချပ် သိန်းတန်ကြီးတို့ဆီက အချိုအချောင်ရလို့ ဝယ်ထားပါတယ်၊ ခေါင်းအုံးကတော့ လက်ရှိခေါင်းအုံးကို အမြင်လှအောင် ခေါင်းအုံးစွပ် အသစ်ချုပ်ပြီး စွပ်လိုက်တာပေါ့၊ အမြင်လှဖို့ စောင်နဲ့ခြင်ထောင်တော့ ကွမ်းသွားရောင်းတဲ့နေ့ ဝယ်လိုက်ကြတာပေါ့"

သံခဲကြီး၏ ချက်ကျသောလုပ်ရပ်များအတွက် မိကြွက် နှုတ်ခမ်းအစုံတို့မှာ ခပ်စူစူဖြစ်သွားတော့၏။

"တော့ ... ကိုသံခဲ"

"ဘာတုံး မိကြွက် ... ပြောလေ ... ပြော"

"တော် အဲသလို ကော်တရာကပ်စေးနဲလို့ကတော့ ကျုပ်နဲ့ နားဖောက်ပြီးသား ဖြစ်နေပလေ့စေ ... မင်္ဂလာပွဲကို ဖျက်သိမ်းပစ်လိုက်မှာနော်"





"အယ် ... အယ် ... အဲသလိုတော့ မလုပ်လိုက်ပါနဲ့ဟယ်၊ ကိုသံခဲ ဘာတွေလုပ်ပေးရမလဲ ... ပြော ပြော"

"ကျုပ်တို့ အပျိုစင်မိန်းမသားတွေဆိုတာ တစ်သက်မှာ တစ်ခါသာ မင်္ဂလာယူရတာရှင့် ... ကချော်ကချွတ် မဖြစ်ညစ်ကျယ်လုပ်လို့ရတာ မဟုတ်ဘူး"

"ကျုပ်တို့ပိတ်စွယ်ရွာမှာ မင်္ဂလာဆောင်တွေ တော်လည်း ကြုံဖူးမှာပဲ ... အိပ်ရာအခမ်းအနားနဲ့ ခန်းဝင်ပစ္စည်းတွေပြပြီး တစ်ဦးနဲ့တစ်ဦး အပြိုင်ကြကြတာတော့၊ ခုလိုမျိုး ခေါင်းအုံးနှစ်လုံး၊ စောင်နှစ်ထည်၊ ခြင်ထောင်တစ်လုံး၊ ဖျာတစ်ချပ်နဲ့ဆို ကိုယ့်ထက် အသက်နှစ်ပြန်ကြီးတာကြီးကို လင်လုပ်ရမယ့် ကျုပ် ဘယ့်ကလောက် မျက်နှာငယ်ရမလဲ"

"ဟယ် ... ဟုတ်တာပေါ့ ဟုတ်တာပေါ့၊ ကိုသံခဲက တစ်ခါမှ မင်္ဂလာဆောင်ဖူးတာမဟုတ်တော့ ခန်းဝင်ကိစ္စတွေ၊ အိပ်ရာအခမ်းအနားတွေကို မသိတာပါကွယ်၊ မိကြွက်ဖြစ်စေချင်တာ ပြောပါ ... ကိုသံခဲ မဖြစ်ဖြစ်တဲ့နည်းနဲ့ စီစဉ်ဆောင်ရွက်ပေးပါ့မယ်"

"ဒါဆို ကျုပ်ပြောမယ်"

"ပြော ပြော ... ပြော ပြော ပြော"

အရီးညက်ကတော့ ခပ်ရိုးရိုးမို့ ဘာမျှမစွက်ဖက်။ သမီးမိကြွက်၏ လိမ္မာပါးနပ်မှုအတွက် ပြုံးပြုံးလေး ဖြစ်နေ၏။

"ခန်းဝင်ပစ္စည်းအဖြစ် မှန်ဗီရိုကောင်းကောင်းတစ်လုံး တင်ရမယ်"

"အင်း ... အဲ ... ဖြစ် ... ဖြစ်ပါတယ်၊ စိတ်ချ ... မှန်ဗီရိုကောင်းကောင်းကို ကလေးရောက်တဲ့အခါ ဝယ်မှာပေါ့"

"ဟင်အင်း ... အဲဒီမှာ ဆိုင်တချို့က သစ်မမှန်ဘူး ... သပြေကုန်းကလုပ်တဲ့ဗီရိုပဲ ဝယ်ရမယ်"

"သဘော သဘော ... မိကြွက်သဘော၊ ကိုင်း ... မိကြွက်ကိုယ်ကြိုက် သပြေကုန်းရွာက အော်ဒါမှာပြီးလုပ်တဲ့ ဗီရိုရရင် ကျေနပ်ပြီမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



''ဟွန်း ... ဒါလောက်နဲ့ဆိုရင် ကျုပ်အတွက် တစ်သက်မှာ တစ်ခါ မင်္ဂလာယူရတဲ့ မင်္ဂလာဆောင်ဟာ သူလိုကိုယ်လိုမင်္ဂလာဆောင်ပဲ ဖြစ်သွားတော့မှာပေ့ါ၊ ဒါကြောင့် အခန်းထဲ ဝင်ရောက်စပ်စုကြမယ့် ရွာကဟာမတွေ ရင်သပ်ရှုမော အံ့သြသွားရအောင် ကျွန်းခုတင်ကြီးတစ်လုံး ဝယ်ပေးမှ ဖြစ်မယ်''

မိကြွက်၏ ယတိပြတ်စကားကြောင့် သံခဲကြီးခမျာ `သေမိန့်' အချခံလိုက်ရသော တရားခံအလား ဒိန်းခနဲဖြစ်သွားပြီး ဘုရားတမိသည်အထိ။ မိကြွက်ကလည်း ၎င်းအလိုရှိသည်ကို ဖြည့်ဆည်းမပေးက 'ပြန်ပေတော့ မစဉ်းစားနဲ့' ဆိုသည့် အနေအထား။ ဟူး ... ဘယ်လိုလုပ်ရပါ့။ မိန်းမ မရလို့က သေမလောက်ဖြစ်နေသော သံခဲကြီးအဖို့ စိတ်ကူးထဲ၌ သူ့နှဖူးသူရိုက်လျက် ငွေကုန်ကြေးကျများမှာကို နှမြောခြင်းကြီးစွာဖြင့် ချွေးစေးတွေ ဖောင် ကျလာခဲ့သည်အထိ။

''ကိုင်း ... ဘယ်လိုလဲ ကိုသံခဲ''

''ဟာ ... ဘယ်လိုရမလဲ၊ ကိုသံခဲက ပြောပြီးပြီပဲ ... ဘာမဆို မိကြွက်စိတ်တိုင်းကျ စီမံဆောင်ရွက်ပါဆိုတာ''

''ကောင်းပြီ ... နောင်မရှုပ်ရအောင် ခုကတည်းကပဲ ရှင်းထားမယ်၊ ကျုပ်တို့မင်္ဂလာဆောင်မှာ သူများတကာတွေလို ညှပ်ခေါက်ဆွဲတို့, မုန့်ဟင်းခါးတို့, အုန်းနို့ခေါက်ဆွဲတို့, ပေါင်မုန့်အုန်းနို့ဆမ်းတို့နဲ့ ကရော်ကမယ် မလုပ်ချင်ဘူး ...၊

ဒီတော့ ဝက်သားကို ပြောင်ကျွေးရမယ်၊ ငံပြာရည်ကြော်, တို့စရာ မျိုးစုံ, ချဉ်ပေါင်ဟင်းချို ... ဘယ့်နှယ့်လဲ''

''သ ... သဘော ... သဘောပါ မိကြွက်ရယ်၊ ကိုသံခဲရဲ့ ဝက်မကြီးကို ဖော်လိုက်ရင် ကောင်းကောင်းကြီး ကျွေးလောက်ပါတယ်၊ အချိန်ရှစ်ဆယ်ကျော်လောက် ရှိလိမ့်မယ်''

''အဲဒါ ကျုပ် နားမလည်ဘူး ... လောက်ရင် တော်ပြီ၊ ကွမ်းဆေးလိပ်, လက်ဖက် ပြည့်စုံရမယ်နော်''





''စိတ်ချပါ ... စိတ်ချလိုက်စမ်းပါ''

''ဒါဆိုရင် ကျုပ်ကျေနပ်ပြီ၊ အဲဒီမှာ အရေးအကြီးဆုံးက မင်္ဂလာ ခုတင်နော် ... မင်္ဂလာခုတင်''

''အေး .... အေး ... အေးပါဟာ''

ထိုနေ့ညဦးပိုင်းက သံခဲကြီးတစ်ယောက် ခါတိုင်းလို စိတ်လက်မရွှင်ဘဲ လေးပင်ဖွင့်နွှဲစွာဖြင့် သတို့သမီးလောင်းအိမ်မှ ပြန်လာခဲ့ရလေသည် ကော။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

သံခဲကြီးတစ်ယောက် တံစဉ်ကို နောက်ပြန်လှည့် တပ်ဆင်ထား သောခုံ၌ နွားစာအတွက် ကောက်ရိုးတွေကို ဖြတ်နေရသော်ငြား အလုပ်ထဲမှာ စိတ်မပါ။

''တောက် ... မင်္ဂလာခုတင် ... မင်္ဂလာခုတင်၊ ခုတင်တောင်မှ တောသစ်တို့ ပျဉ်းကတိုးတို့တောင် မဟုတ်ဘူး ... ကျွန်းခုတင်မှလား မိကြွက်ရယ်၊ တကယ်တော့ နင်နဲ့မင်္ဂလာဆောင်တာ ကျွန်းခုတင်နဲ့ မဟုတ်ပါဘူး ... ငါနဲ့ပါ မိကြွက်ရယ်''

သည်သို့သည်ပုံ ပြောလိုက်ချင်သော်ငြား မိကြွက်ထံမှ ''ပြန်ပေတော့ မစဉ်းစားနဲ့'' ဟူသည့်အမိန့်ကို မခံနိုင်၍ တံတွေးမျိုချ နှုတ်ပိတ်နေရလေတော့၏။

''အင်း ... အိမ်ထောင်ပြုတဲ့အရသာကို ခံချင်လို့ မိန်းမတစ်ယောက် ယူမယ် စိတ်ကူးပါတယ် ... ကုန်မှာကျမှာတွေကလည်း မသေးပါဘဲလား။ သူ့အတွက် အဝတ်အစားတွေ, ခန်းဝင်ပစ္စည်းတွေ ... ဒါတင်မက ငါ့ဝက်မကြီးမိတိုးလည်း ကြွပေဦးတော့မယ်၊ လက်ဖွဲ့ကတော့ ဘယ်လောက်ရမှာတဲ့လဲ၊ သိန်းတန်ကြီးတို့ ငနိုင်တို့ ဖော်ကြီးတို့ဆိုတာ ငွေကလေး ငါးရာလောက်, ထိလက်မှတ်ကလေးတစ်စောင်လောက် လက်ဖွဲ့ပြီး မရှိမဆုံ စားသွားကြမှာ''





တွေးလေတိုင်း အဆွေးတွေက လှိုင်းထလို့နေပြီကော။

''ဟော့ကောင် ... ဘာလို့ မှိုင်နေတာလဲ၊ မတော် ... လက်ထဲသွားလို့ ဟုတ်ပေ့ဖြစ်နေဦးမယ်''

အနားသို့ ရောက်လာသူက ... ပါလေရာ ငပိန်။

ငပိန်ကား ဘာမျှ အလုပ်အကိုင်အတည်တကျ မရှိ။ လတ်လျား လတ်လျားနှင့် ဟိုနေရာစည်စပ်၊ သည်နေရာစပ်စပ် ပါသူဖြစ်၏။ အုန်းသီးခိုးလည်း သူ့လက်ချက်၊ ကြက်ခိုးခိုး, ဘဲခိုးခိုး သူ့လက်ချက်ချည်း၊ စောရုနက္ခတ်နဲ့ ယှဉ်၍မွေးလာလေသလားဟု ဆိုရမတတ်၊ ခိုးဝှက်ရာ၌လည်း ပိရိလှသည်မို့ သူရယ်လို့ သက်သေခံအတိအကျနှင့် စွပ်စွဲ၍မရ။

''မကြာခင် အိုရတော့မယ့် သတို့သားလောင်းဖြစ်ပြီး မျက်နှာက မသာရုပ်ပေါက်နေတာတော့ ကျက်သရေတုံးသကွာ''

''ဟကောင် ငပိန် ... မင်း ဘာသိလို့တုံး''

''အေး ... မသိလို့ ပြောနေတာပေါ့ကွာ၊ မင်းပြောပြရင် သိမယ်၊ ပြောမပြရင် မသိဘူး၊ သိလို့ ဖြေရှင်းတာမျိုးဆိုရင် ကိုယ်ချင်းကိုယ့်ချင်းတွေမို့ ကူညီဖြေရှင်းပေးလို့ ရတာပေါ့ သံခဲရ''

''ဒါဆိုလည်း ပြောမယ်ကွာ ... ငါ့အဖြစ်က ဒီလိုကွ ...''

ဟူ၍ အစချီလျက် သူ့အပူသောကများကို ရှင်းပြလိုက်တော့သည်။

''မင်းမလဲ ဥစ္စာပစ္စည်းပြည့်စုံတာတောင် ကော်တရာ ကပ်စေးနဲ့တဲ့ စိတ်ကို ဖျောက်,မဖျောက်နိုင်ဘူး။ အခု မင်းစိတ်ထဲ ပူနေတာက 'မင်္ဂလာခုတင်ကိစ္စ' မဟုတ်လား''

''ဟုတ်တယ် ငပိန်ရ ... ကျွန်းခုတင်ဆိုရင် ခုခေတ် ကာလပေါက်ဈေးနဲ့ တစ်သိန်းလောက်ရှိတယ်''

သံခဲကြီးစကားကို နားထောင်ရင်း ငပိန်သည် တစ်စုံတစ်ခုကို တွေးတောနေသည်။ ဒူးကလေးနှံ့လိုက်၊ ခေါင်းကလေး ဆတ်လိုက်နှင့်။

''ဟာ ... ကြည့်စမ်း ... ငါ အခုမှ သတိရတယ်၊ ဟန်ချလိုက်လေကွာ ... 'တိုင်းယက်တဲ့ ပက္ကလာ မိုးရွာတာနဲ့ အဆင်သင့်' ဆိုသလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ဟော့''

''ဟ . . . မင်္ဂလာခုတင်နဲ့ ဘာကိစ္စ ဟန်ကျရတာလဲ''

''အသာနေစမ်းပါကွာ . . . သပြေကုန်းကထွက်တဲ့ ကျွန်းခုတင်တစ်လုံး အချိုအချောင်ရရင် မဝယ်ချင်ဘူးလား''

''အချိုအချောင်ဆိုတော့ ဘယ်လောက်နဲ့ရမှာလဲ''

''သုံးသောင်းလောက်နဲ့ ရမယ်ကွာ''

''ဘာ . . . သုံးသောင်းလောက်နဲ့ . . . ဟုတ်လား . . . မင်း ရူးနေသလား ငပိန်''

''ငါမရူးဘူး သံခဲ . . . အတည်ပေါက်ပြောနေတာ၊ ခုတင်ကြီးကတော့ 'ရှယ်' ပဲ . . . တစ်ပတ်ရစ်လို့ ဘယ်သူမှတောင် မထင်ဘူး၊ နောက်ပြီး တရုတ်လက်သမားရဲ့ လက်ရာ၊ စရွေးကိုက် လုပ်ထားတာ . . . ဖြုတ်လို့ရတယ်, တပ်လို့ရတယ်''

''ဟုတ်မှလည်း လုပ်ပါကွာ''

''ဟော့ကောင် သံခဲ . . . ငါ အာလူးဖုတ်နေတာ မဟုတ်ဘူး၊ မင်းငါ့လက်ထဲကို သုံးသောင်းသာထည့်ပေးလိုက် . . . နောက်တစ်နေ့ည မင်းအိမ်ကို အရောက်ပို့ပေးမယ်၊ ဟိုဘက်ရွာက ငါ့အသိတစ်ယောက် အမတော်ကြေးတွေ ပြန်သွင်းရမှာ ငွေ အပူတပြင်းလိုနေလို့ ငါ့ကိုစပ်နိုင်းနေတာ၊ အဲဒါ မင်းလိုချင်ရင် ငွေပေးလိုက် . . . မလိုချင်လည်း မင်းပြဿနာနဲ့မင်း နေရစ်ခဲ့ပေတော့''

ငပိန်က ပြန်ရန် ဟန်ပြင်လိုက်သည်။ သံခဲကြီးအဖို့ ရုတ်ခြည်းပေါ်လာသော အခွင့်အလမ်းကောင်းတစ်ခုကိုဖြင့် လက်လွှတ်ခံ၍ မဖြစ်တော့။

''နေ . . . နေ . . . နေပါဦးကွာ၊ ပေး . . . ပေးမှာပေါ့၊ ခဏကလေးစောင့် . . . ငါ အိမ်ပေါ် ငွေတက်ယူလိုက်ဦးမယ်''

''အဟဲ . . . ဒီလိုမှပေါ့ကွာ . . . ဒီလိုမှပေါ့၊ ငါက အကျိုးလိုလို့ညောင်ရေလောင်းတာ မဟုတ်ဘူး၊ တကယ့်သူငယ်ချင်း စိတ်ဓာတ်မျိုးနဲ့ မင်းကို ကူညီတာပါ''





''ကျေးဇူးတင်ပါတယ် ငပိန်ရာ . . . ငါ့မင်္ဂလာဆောင်ကျရင် လက်ဖွဲ့တွေ ဘာတွေ မပေးနဲ့ . . . ဝက်သားနဲ့ အကြိုက်စား . . . ဟုတ်လား''

''ကောင်းပါ့ကွာ . . . ကောင်းပါ့''

သည့်နောက် ငပိန်ဆောင်ကျဉ်းပေးမည့် မင်္ဂလာခုတင်ကိစ္စအတွက် ငွေယူရန် အိမ်အပေါ်ထပ်သို့ တက်သွားခဲ့လေသည်တကား . . .။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာရက်မြတ် လက်ထပ်ပွဲကြီးကား နီးကပ်လာခဲ့ပေပြီ။ ရွာဝန်းကျင်အနှံ့ မင်္ဂလာဖိတ်စာတွေကိုလည်း စီးကရက်ကမ်း၍ ဝေငှပြီးခဲ့ပေပြီ။ အချက်အပြုတ်အဖွဲ့၊ အကျွေးအမွေးအဖွဲ့၊ မင်္ဂလာမဏ္ဍပ်ဆောက်လုပ်ရေးအဖွဲ့တွေလည်း ဆွေးနွေးတိုင်ပင်ကာ လုပ်ငန်းတာဝန်အသီးသီးကို ခွဲဝေပြီးကြလေပေပြီ။

ငပိန်၏ကောင်းမှုဖြင့် မင်္ဂလာကျွန်းခုတင်ကြီးကား မိကြွက်တို့အိမ်ပေါ်သို့ ဝင့်ဝင့်ထည်ထည် ရောက်ရှိလာပါပကော။

''ကောင်းလိုက်တဲ့ ခုတင်ကြီးကွယ် ... တန်ဖိုးတော့ သေးမှာမဟုတ်ဘူး မောင်သံခဲ''

''ဘယ်သေးမှာလဲ အရီးညွှက်ရဲ့ ... တစ်သိန်းတစ်သောင်းလောက်ကျသွားတယ်၊ ကိစ္စမရှိပါဘူး ... အရီးသမီးကျေနပ်ရင် ပြီးတာပါပဲ ...ဟဲဟဲ''

အရီးညွှက်နှင့် မိကြွက်ကို ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုရင်း သံခဲကြီးစိတ်ထဲ ငပိန့်မျက်နှာကို ပြေးမြင်မိရင်း ရယ်ချင်ပက်ကျိ ဖြစ်သွားခဲ့လေသည်။ ရွာထဲမှ ကာလသမီးများကလည်း အလုပ်အကိုင် ဝိုင်းကူဖို့လာကြရင်း ဗီရိုအပါအဝင် ခန်းဝင်ပစ္စည်းများနှင့်တကွ ဝင့်ထည်သားနားလှစွာသော မင်္ဂလာ





ခုတင်ကြီးကို ကြည့်ရင်း အံ့အားတသင့်ဖြစ်ကြ၏။ လင်အရလော်သည့် မိကြွက်ကိုလည်း ဝိုင်းဝန်းထောပနာပြုကြ၏။ သည့်အတွက် သတို့သမီးလောင်း မိကြွက်မှာလည်း တပြုံးပြုံး။

''မိကြွက်တို့ကတော့ 'လင်နေစ ဆင်သေမှ' ဆိုသလိုပဲဟေ့ ... ပိုက်ဆံရှိ တကယ့်ကော်တရာကပ်စေးနဲ့ ကိုသံခဲကြီးကို စိတ်တိုင်းကျ ကြိုးဆွဲနိုင်တယ်''

''ဟဲ့ ... ကြိုးဆွဲနိုင်ဆို တို့မိကြွက်က လှလည်းလှတာကိုး၊ ကိုသံခဲကြီးလို ရုပ်ဆိုးကြီးကို ယူရတာ''

''ဟယ် ... ဒါကတော့ ဖူးစာပါလို့ ညားကြတာပဲဟာ၊ အိမ်ထောင်တစ်ခုမှာ ရုပ်အဆင်းဟာ အရေးမကြီးပါဘူး၊ စိတ်လှဖို့ အရည်အချင်းရှိဖို့ တစ်ဦးကိုတစ်ဦး နားလည်ဖို့ဆိုတာပဲ အရေးကြီးပါတယ်''

လင်မရဖူးသေးသော အပျိုကြီးမမိကျိုင်၏စကားကြောင့် ကာလသမီးများ ပြုံးစိစိဖြစ်နေကြတော့၏။

သို့ဖြင့်ပင် မင်္ဂလာဆောင်ရန် တစ်ရက်သာလိုတော့သည့်နေ့သို့ ရောက်လာခဲ့လေ၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ကား အလုပ်အကိုင်နေ့ ဖြစ်၏။ ထိုနေ့မှာပင် ဓာတ်စက်စင်သည့်အတွက် ပိတ်စွယ်ရှာတစ်ရှာလုံး တွံတေးသိန်းတန်၊ ဟသ်ာတအောင်တင်ဝင်း၊ မောင်မောင်ညွန့် အစရှိသော ကျေးလက်ကြိုက် ဓာတ်ပြားတေးသီချင်းသံတို့က လွှမ်းမိုးလျက်နေတော့၏။

ကာလသားအချို့မှာ အချက်အပြုတ်အလုပ်အကိုင်အတွက် လိုအပ်သော သောက်ရေသုံးရေတို့ကို ထမ်းနေကြသည်။ ဦးကိုသိန်း၊ ဦးငမောင်တို့အချက်အပြုတ်အဖွဲ့ကလည်း ဝက်ဖျက်သူ ဖျက်၊ မီးမွှေးသူမွှေး၊ ထမင်းချက်သူချက်ဖြင့် တက်ညီလက်ညီ။ အမျိုးသမီး ကာလသမီးအဖွဲ့မှာလည်း ကြက်သွန်နွာသူနွာ၊ ဆန်ပြာသူပြာ၊ ရေတ်သီးထောင်းသူထောင်းနှင့်။ မဏ္ဍပ်အလှဆင်အဖွဲ့ကလည်း ပန်းစက္ကူလိပ်များ၊ ရောင်စုံဘောလုံးများဖြင့် လက်မလည်။ အသက်လေးဆယ်ကျော်မှ ကံပေါ်သော လူပျိုသိုးကြီးကိုသံခဲ မင်္ဂလာပွဲအတွက် ရွာသူရွာသားအားလုံးမှာ တက်ကြွပျော်ရွှင်စွာ ကျရာအခန်းမှ အလုပ်တွေ လုပ်ကိုင်နေကြသည်။

''ဒအားလားလား . . . ကောင်းလိုက်တဲ့ စပ်ဖျော်ကွာ၊ ရင်ထဲကို ပူဆင်းပြီး ဒိန်းခနဲ ဆောင့်တက်သွားတာပဲ၊ ယမကာဆိုတာ အဲဒါမျိုးမှကွ၊ ဟေ့ . . . ကလီစာကျက်ရင် နည်းနည်းလောက် လုပ်ကွာ''





''ဟေ့ကောင် . . . ကဖော်သမားလွှမ်းသောင်း . . . မူးရင်လည်း အေးအေးနေကွာ၊ ဒီမှာ . . . အလုပ်ကိုယ်စီလုပ်လို့ မအားရတဲ့အထဲ''

ပွဲတိုင်းကျော် ကဖော်သမား လွှမ်းသောင်းကား ဆယ့်နှစ်လရာသီမူးလျက်။ ပြီး သာရေးနာရေးပွဲများ၌ သူမပါ ဘယ်ဟာမှမပြီး ဆိုတာလိုငါ့စကားနွားရ ပေါက်တတ်ကရစကားတွေ ပြောဆိုတတ်၏။ ခုန်ပေါက်ပြီးကွေးနေအောင်လည်း ကချင်ကတတ်၏။ ကဖော်သမား လွှမ်းသောင်းများ ရွာထဲလှည့်ပြီဆိုလျှင် ကလေးတွေ၊ ခွေးတွေ တရုံးရုံး။

''ဗျို့ ကိုသံခဲကြီး . . . ကျုပ်တို့ အချက်အပြုတ်သမားတွေ ပင်ပန်းကြတာကို သိတယ်နော့''

''သိပါတယ်ဗျာ . . . အဲဒီအတွက် တောအရက်တစ်ပုံး လာပေးတာ''

''တယ်လည်း အလိုက်သိတတ်ပါကလားကွာ . . . ဒီလို သဘောကောင်း မနောကောင်းတဲ့ တို့ကောင်ကြီးသံခဲ မယားချောကလေး မိကြွက်နဲ့ အိုအောင်မင်းအောင် ပေါင်းသင်းနိုင်ကြပါစေဗျာ''

''ပေးတဲ့ဆုနဲ့ ပြည့်ပါစေဗျာ''

သံခဲကြီးလည်း သွားကြီးအဖြီးသားနှင့် တဟီးဟီး တဟားဟားလုပ်ရင်း နေရာမှ ထွက်သွားလေသည်။ သို့ရာတွင် သူ့ကိစ္စက မပြီးသေး။ ကာလသမီးအဖွဲ့မှ လှမ်းခေါ်၍ သွားရပြန်သည်။

''ကိုသံခဲကြီးနော် . . . ဒီနေ့ည ကျွန်မတို့အလုပ်အကိုင်အဖွဲ့ကို ဗီဒီယိုပြရမယ်''

''ဒီညတော့ မလုပ်ပါနဲ့ဟယ် . . . မနက်ဖြန်ညကျမှ ကြည့်ကြပါ၊ ငါ အားလုံး စီစဉ်ပေးမှာပါ''

''ဟေး . . . ဒါမှ ကိုသံခဲကြီးကွ''

ကာလသမီးအုပ်စုမှာ ယိုတကာ့ယိုတွေ ရှိကြသည့်အနက် ဗီဒီယိုသရဲမတွေ ဖြစ်ကြလေသည်မို့ ကိုသံခဲ၏အစီအစဉ်ကို သဘောအကျကြီးကျသွားကြလေတော့၏။ သည်အထဲ အပျိုကြီးမမိကြိုင်စကားကြောင့် ကိုသံခဲလည်း ရှက်သွေးတွေဖျန်းကာ နေရာမှ ထလစ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



''အောင်မာ ...ကောင်မတွေ တော် တော်၊ ညည်းတို့ အဲဒါ သဘောမပေါက်ကြလို့ ...မနက်ဖြန် မင်္ဂလာဦးညမှာ သူတို့ကို အနှောင့်အယှက်မပေးရလေအောင် ဗီဒီယိုနဲ့ ကာကွယ်နေတာ၊ မသိရင် ခက်မယ် ...ဟွန်း''

မမိကြိုင်၏စကားက ကိုသံခဲအတွက်တော့ ရှက်လည်းရှက်လောက်စရာ။ ညရောက်ပြန်တော့ ကျေးလက်အဆိုကျော်များ ဖြစ်ကြကုန်သော တက်လူမော်၊ ဒွန်မှူး၊ မောင်မောင်ဦး၊ စိန်မြင့်မားနှင့် ကျော်မင်းနိုင်တို့က တစ်ဘာသာ။

ည (၉) နာရီလောက်ရှိသောအခါ ဓာတ်ပြားဖွင့်ခြင်းကို ရပ်တဲ့၍ စက်ဆရာအား မိုက်ဆင်ခိုင်းသည်။ မိုက်ခွက်ကိုထောင်ကာ ကာလသားခေါင်းကိုသောင်းယဉ်က သူ၏ လက်စွဲတော်မယ်ဒလင်ဖြင့် 'တင်းတောင် တင်းတောင်' ကြိုးညှိ လက်ကွက်စမ်းကာ သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် တီးခတ်လေတော့၏။

''ဟုတ်ကဲ့ ...ပရိသတ်ကြီးခင်ဗျာ ...ကျွန်တော်တို့ ပိတ်စွယ်ကျေးရွာက ဂီတဝါသနာရှင်လေးတွေ စုစည်းဖွဲ့တည်ထားတဲ့ 'ဆို တီး စား ပြန်' တေးဂီတအဖွဲ့ရဲ့ သီဆိုဖျော်ဖြေပေးမှုအလှည့် ကျလာပြီဖြစ်တာမို့ သည်းခံခွင့်လွှတ် နားဆင်အားပေးတော်မူကြဖို့ မေတ္တာရပ်ခံပါတယ် ...၊

အခုတစ်ခါ ဖွေဆော်ဦးအနေနဲ့ အဖွဲ့လိုက် ဖျော်ဖြေကြတော့မှာ ဖြစ်လို့ သတို့သားကိုသံခဲနဲ့ သတို့သမီးမိကြွက်အတွက် ရည်ရွယ်ပြီး တီးခတ်ဖျော်ဖြေမယ့် သီချင်းဖြစ်ပါတယ်၊ သီချင်းအမည်ကတော့ သူငယ်ချင်းတို့ ဖန်းမောင်နံ့ ဖြစ်ပါတယ် ...နားဆင် ခံစားကြည့်ကြပါခင်ဗျာ''

မယ်ဒလင်ကိုသောင်းယဉ်၏ တီးလုံးတီးကွက်ကို မှေးလျက် တက်လူမော်က စကားချီးလိုက်သည်၊ မဏ္ဍပ်တွင်းရှိ ပရိသတ်ကား ကိုယ့်ရပ်ကိုယ့်ရွာလေးနှင့်အညီ စည်းကမ်းရှိရှိ ငြိမ်ကြေရရ နားစွင့်နေကြလေ၏။ ထိုစဉ်မှာပင် တီးလုံးတီးကွက်နှင့် လျော်ညီစွာ တေးသီချင်းသံ ထွက်ပေါ်လာတော့သည်။

♫ xxxစိန်ရွှေ ..ဖြိုးလက် xxx တိုး ..တက်လို့ပင် xxx နေ





နဲ့လ ..ရွှေနဲ့မြ xxx ဥပမာအသွင် xxx အိုအောင်မင်းအောင် xxx ပေါင်းသင်းလို့ xxx ပျော်ရွှင်ကြစေချင် xxx ဆုတောင်းလိုက်ပါတယ်အစဉ် xxx ချစ်သူငယ်ချင်းသို့ xxx ကြင်စဦး ..ဖန်းမောင်နံ့အတွက်ပင် xxx♫

♫ xxxသီးချိန်တန် သီးကာ xxx ပွင့်ချိန်တန်လို့ ပွင့်ကာ xxx သဘာဝကျတဲ့ xxx လောကဓမ္မတာပင် xxx ငယ်သူငယ်ချင်းတွေ ..အသီးသီးစုံလင် xxx အိမ်ထောင်ရက်သားကျသွားရင် xxx သံယောဇဉ် xxx တွယ်တာခြင်းနဲ့ပင် xxx ဝမ်းနည်းဝမ်းသာ xxx လွမ်းဓမ္မတာပင် xxx သူ့အိုးနဲ့သူ့အိမ်ကျရင် xxx သားရေးသမီးရေး xxx အိမ်ထောင်ရေးတွေဝင် xxx ဘယ်လောက်ပဲ ခင် ခင် xxx တဖြည်းဖြည်းနဲ့ xxx အနေဝေးတတ်တယ် xxx သူငယ်ချင်းတို့ တို့ကို မမေ့စေချင် xxx♫

'ရှိုး ..ဖြောင်း ဖြောင်း ဖြောင်း'

မဏ္ဍပ်တွင်းမှ လက်ခုပ်သံများ ...။ မယ်ဒလင်ကိုသောင်းယဉ်တို့အဖွဲ့ကား ပရိသတ်၏ တစ်ခဲနက်အားပေးမှုကြောင့် အတော်ကလေး လန်းသွားကြလေ၏။ ထို့ထက်ပို၍ လန်းရသည်ကား ကော်တရာကပ်စေးနဲ သတို့သားသံခဲကြီးက ငွေတစ်ထောင်ကျပ် ဆုချီးမြှင့်ခြင်းကြောင့် ဖြစ်ချေသည်တစ်မှုံ။

''ဟုတ်ကဲ့ ခင်ဗျာ ...အခုလို ကျွန်တော်တို့ရဲ့ 'ဆို တီး စား ပြန်' တေးဂီတအဖွဲ့ကို ဆုတော်ငွေချီးမြှင့်တဲ့အတွက် သတို့သားကိုသံခဲနဲ့ သတို့သမီးမိကြွက်တို့ သက်တော်ရာကျော် ရှည်ပြီး အိုအောင်မင်းအောင် ပေါင်းသင်းသွားနိုင်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ် ခင်ဗျား''

'ရှိုး ..ဖြောင်း ဖြောင်း ဖြောင်း'

''ဟုတ်ကဲ့ခင်ဗျာ ...ခုတစ်ဖန် အလှည့်ကျလာသူကတော့ အောက်အကြေနဲ့ အထက်အညာကို လှေကြီးတစ်စင်းနဲ့ ကုန်စည်တွေ တင်ပို့ရောင်းချနေတဲ့ လှေသူကြီး ဒွန်မှူးပဲ ဖြစ်ပါတယ်၊ လှေသူကြီး ဒွန်မှူးက တေးသံရှင် ကိုမင်းအောင် သီဆိုခဲ့တဲ့ သီချင်းများစွာအနက်က အင်မတန်မှ ကျော်ကြားတဲ့ သီချင်းတစ်ပုဒ်ဖြစ်တဲ့ 'သူများနဲ့ညားတဲ့ ငါ့ရည်းစား' သီချင်းပဲ ဖြစ်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



. . . နားသောတခံစားကြည့်ပါ ခင်ဗျာ''

'ရှိုး . . ဖြောင်း ဖြောင်း ဖြောင်း'

ပရိသတ်က သူတို့နှစ်သက်သောသီချင်းကို နားဆင်ခံစားရတော့မည်ဖြစ်သဖြင့် တစ်ခဲနက် အားပေးကြလေတော့၏။ မကြာမီမှာပင် မယ်ဒလင်ကိုသောင်းယဉ်၏ တေးဂီတသံက ငြိမ့်ငြိမ့်ညောင်းညောင်းကလေး ပေါ်ထွက်လာခဲ့ပြီးသည့်နောက် လေ့သူကြီးဒွန်မှူး၏ ဟစ်ကြွေးသံ . . .

♫ xxxမေရယ် မေရယ် xxx ကျော်တော့ လေ့သူကြီးပါကွယ် xxx ညားတော့လည်း လေ့ထိုးသားနဲ့ရယ် xxx မမြင်ချင်ယောင် သူဆောင်တယ် xxx မာယာတွေ သူကြွယ်တယ် xxx တကယ်တော့လေ မေရယ် xxx ငါ့ရည်းစား သူများနဲ့ ညားပြီကွယ် xxx♫

သီချင်းက ငြိမ့်ငြိမ့်ညောင်းညောင်းကလေး။

ပြီးတော့ အလွမ်းရသပေါ်လွင်သော သီချင်း။

သို့ပေသိ . . . ပရိသတ်ကား လွမ်းရမည့်အစား ရယ်ရယ်မောမော တသောသောဖြစ်နေကြရာ လေ့သူကြီးဒွန်မှူးပင် ကြောင်တိကြောင်တောင် ဖြစ်သွားရလေ၏။

အကြောင်းမူ . . . တစ်ကြိမ်တစ်ခါက 'သတို့သား သံခဲကြီး' သည် လေ့သူကြီးဒွန်မှူး၏လှေတွင် ထိုးသားအဖြစ် လိုက်ခဲ့ဖူးသည့်ရာဇဝင် ရှိလေသည် မဟုတ်လား။

တော်ပါသေးရဲ့ . . .။ သံခဲကြီး မရိပ်မိပေလို့။

နို့မို့ . . . တစ်စုံတစ်ခုတော့ မဖြစ်ဘူးဟု မပြောနိုင်။

❖ ❖ ❖





❑ သံခဲကြီးနှင့်မိကြွက်တို့၏ မင်္ဂလာဆည်ခံပွဲကြီးကား ပိတ်စွယ်ကျေးရွာသမိုင်း၌ မထင်မှတ်လောက်အောင် ကြီးကျယ်စည်ကားလှသည်ဟု ဆိုရပါချိမ့်။

ဩော် . . . အကျွေးအမွေးကလည်း အခြားအခြားသော မင်္ဂလာဆောင်တွေနှင့် တူမှမတူဘဲကိုး။ စပ်စပ်စုစုနိုင်လှသော ပိတ်စွယ်ကျေးရွာရှိ ပုပ္ပရွှ ကွတ္တိယမှန်သမျှကား . . . သံခဲကြီးတို့၏ မင်္ဂလာပွဲအားလည်းကောင်း၊ အထူးသဖြင့် အိပ်ရာအခမ်းအနားအား လည်းကောင်း မျက်ဝါးထင်ထင် တွေ့မြင်ကြုံကြိုက်လေသည့် သမယ . . . ချီးကျူးထောပနာပြုကြကုန်၏။ ထင်မြင်ချက်၊ ဝေဖန်ချက်တွေ ပေးကြကုန်၏။

"ကောင်းလိုက်တဲ့ ခုတင်ကြီးဟယ် . . . မွေ့ရာကလည်း အထူကြီး။ မိကြွက်တို့တော့ ဖိမ်ပဲ . . . ဟိ ဟိ''

"ဟုတ်ပ့ါဟယ် . . . ငါနဲ့ ငါ့ယောက်ျားဖိုးထောင်တို့ အဲသည်ခုတင်ကြီးပေါ်က မွေ့ရာကြီးပေါ်မှာ အိပ်လိုက်ရရင် နတ်စည်းစိမ်ဆယ်ဆနဲ့တောင် မလဲနိုင်တော့ဘူး . . . အဟီး ဟီး''

"ဟဲ့ ကောင်မ . . . တော်တော်ထ''

"မိကြွက်တို့များ တော်တော် ကသိလင်္ကာကောင်းလိုက်ပါပေဟယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကော်တရာကပ်စေးနဲ့ သံခဲကြီးကို ဒီလို မင်္ဂလာခုတင်ကြီး ဝယ်ပေးရအောင် စည်းရုံးသိမ်းသွင်းနိုင်တာ နည်းနည်းနောနောအစွမ်းတဲ့လား''

''အင်း . . . ဒီမင်္ဂလာဦးညမှာတော့ . . . အဟိ''

စပ်စပ်စုစု ရွာသူတစ်စုကား မင်္ဂလာခုတင်ကြီးကို ချီးမွမ်းခန်းဖွင့်ပြီး သကာလ ထိုအခန်းတွင်းသို့ ဝင်ရောက်အနားယူ အပန်းဖြေကြတော့မည့် မင်္ဂလာသတို့သား သံခဲကြီးနှင့် မင်္ဂလာသတို့သမီး မိကြွက်တို့အား ရွှေကြီးဝဘား မည့်အစီအစဉ်ကို တိုင်ပင်နေကြလေ၏။

မကြာမီမှာပင် သံခဲကြီးနှင့် မိကြွက်တို့ လက်ချင်းချိတ်လျက် အိပ်ခန်း တွင်း ဝင်ဖို့ လာနေကြပါပြီ။

''အိုး . . . ဟို . . . ဒီလို အလွယ်ဝင်လို့ မရဘူးလေ၊ တားထားတဲ့ ကြိုးတွေ ရုပ်သိမ်းရအောင် မင်္ဂလာကြေးလေး,ဘာလေး ပေးရမှာပေါ့''

''ဟုတ်တယ် . . . ဟုတ်တယ် . . . မင်္ဂလာကြေး မပေးလို့ကတော့ မင်္ဂလာခုတင်ကြီးပေါ် ရောက်ရလိမ့်မယ် မထင်နဲ့''

ပရိသတ်တွေက တရုံးရုံး။

နောက်ဆုံး ခရီးရောက်ဖို့ရာအတွက် သံခဲကြီးမှာ ဈေးဆစ်ရင်း တားထားသော ကြိုးများကို ကျော်လွှားဖြတ်သန်းနေရသည်။ မိကြွက်မှာမူ မကြာမတင်ကာလ၌ ကြုံတွေ့ရမည့်အဖြစ်ကို စဉ်းစားရင်း ရင်တွေ တဖျပ်ဖျပ် ခုန်လျက် မျက်နှာတွေလည်း ထူပူနေတော့၏။

ထိုခဏမှာပင် ပိတ်စွယ်မှမဟုတ်သော ရွာသားအချို့နှင့် ဘုန်းကြီး တစ်ပါး ရောက်လာကြောင်း သတင်းပို့လာသဖြင့် လှုပ်ရှားနေသော အခြေ အနေတို့ တန့်သွားကြကုန်၏။

''ဘာများကိစ္စရှိလို့ပါလဲ ဘုရား''

''ကိစ္စရှိလို့ လာခဲ့တာပဲ ဒကာ၊ အားတော့ နာပါရဲ့ . . . ဒါပေမဲ့ အားနာလို့မရတဲ့ ကိစ္စဖြစ်နေတယ်၊ ကျုပ်တို့က ဒေါင့်ကွေးရွာကပါ၊ လာရင်း ကိစ္စက ဟောဟိုကခုတင်ကြီးကို ကြည့်ချင်လို့ပါပဲ''

ဘုန်းကြီး၏စကားကြောင့် သံခဲကြီးနှင့်တကွ ပိတ်စွယ်ရွာသူရွာသား





များ နားမလည်နိုင်အောင် ဖြစ်သွားကြကုန်၏။

''မသင့်တော်ပါဘူး ဘုရား . . . ဘုန်းကြီးနဲ့ တပည့်တော်တို့ မင်္ဂလာ ခုတင်ဟာ မအပ်စပ်ပါဘူး ဘုရား''

''ဟော့ . . . အပ်စပ်တာ, မအပ်စပ်တာ အသာထား . . . အရေး ကြီးတာက ကျုပ်တို့ဘုန်းကြီးကျောင်းက ပျောက်သွားတဲ့ခုတင် ဟုတ်,မဟုတ် သိရဖို့ပဲ၊ ကဲ . . . ဝလုံးနဲ့ ဖိုးကျော် . . . မင်းတို့ ငါ့ကျောင်းက ခုတင်အမှတ် အသားကို သိတယ်နော်၊ ဟုတ်,မဟုတ် သေချာ,မသေချာ သွားကြည့်ကြ စမ်း''

''တင်ပါ့ဘုရား''

ဒေါင့်ကွေးရွာသား ဝလုံးနှင့် ဖိုးကျော်လည်း အခန်းတွင်းဝင်ကာ ခုတင်ကြီးအား စေ့စေ့စပ်စပ် ဓာတ်မီးဖြင့် ထိုးကြည့်ကြ၏။

''ဟာ . . . ဟုတ်တယ် ဘုရား . . . မှန်တယ် ဘုရား၊ ခုတင်ရဲ့ ခေါင်းရင်းတိုင်ခြေမှာ သံနဲ့ထွင်းထားတဲ့ 'ဦးက္ကန္တြိယ' ဆိုတဲ့စာလုံး တွေ့တယ် ဘုရား''

''ကိုင်း . . . ဒါဆို ဘာမှလုပ်မနေတော့နဲ့၊ ကျေးရွာလူကြီးတွေ သွားခေါ် . . . ငါ့ကျောင်းက ခုတင်ကိစ္စ အမှုဖွင့်မယ်''

''ဗျာ''

သံခဲအဖို့ အလွန်မတန် ခေါင်းကြီးသွားရသည်။ မင်္ဂလာဦးည မဆင် နွဲရခင်မှာပင် အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်ဆိုသလို ဘုန်းကြီးအမှု ၎င်းထံ လာပတ်ခဲ့ချေပြီကော။

''အရှင်ဘုရား . . . တပည့်တော် ရှင်း . . . ရှင်းပြပါရစေ ဘုရား''

''ကဲ . . . ဒါဆို ရှင်း''

''ဒီခုတင်ဟာ အရှင်ဘုရားရဲ့ကျောင်းက ခုတင်မှန်း တပည့်တော် လုံးဝ မသိရရိုး အမှန်ပါဘုရား''

''ဟ . . . ဒါဖြင့် ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာရသလဲ၊ ကျုပ် ခုတင်မှာ ခြေထောက်ပေါက်မနေပါဘူး၊ ဒကာ့နယ် . . . မုဒ္ဒဘာသာဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



'မသာပစ္စည်းကို ဆောင်, ကျောင်းပစ္စည်းကို ရှောင်' ရမယ်ဆိုတာ မသိဘူးလား''

''ကျောင်းပစ္စည်းမှန်းသိရင် ရှောင်ပါတယ်ဘုရား။ ခုဟာက တပည့်တော်သူငယ်ချင်း ငပိန်က ခုတင်တစ်လုံး အချိုအချောင်ရမယ်၊ ငွေသုံးသောင်းပေးဆိုတာနဲ့ တပည့်တော် ပေးလိုက်ရာက ဒီခုတင်ကြီး ဒီကို ရောက်လာရတာပါ ဘုရား ... ဘုရားပေးပေး, ကျမ်းပေးပေး တပည့်တော် မလိမ်ပါဘူး ဘုရား''

သံခဲကြီး၏မျက်နှာကား ဆီးရွက်သာသာ။

မိကြွက်မှာတော့ အံ့အားတသင့် ဖြစ်ရသည်နှင့်အမျှ ရှက်လွန်လွန်း၍ မျက်နှာကို လက်ဝါးဖြင့်အုပ်ထားလေ၏။

''ဟေ့ ... အဖြစ်မှန်က ဒီလိုကိုး''

''ကင်ပါ့ဘုရား ... တပည့်တော် မသိရိုးအမှန်ပါ၊ ဒီ့အတွက် အပူတွေ ဘာတွေ မလုပ်ပါနဲ့ဘုရား ... တပည့်တော် ရှိခိုးတောင်းပန်ပါတယ်''

''အေးလေ ... မသိလို့ ဖြစ်တဲ့ကိစ္စဆိုတော့ ဗွေမယူတော့ပါဘူး။ ဒီတော့ အဲဒီခုတင်ကို ပြန်ဖြုတ်ပါ ... ပြီးရင် ကျုပ်ကျောင်းကို ခုပဲ ပြန်ပို့ပါ''

''အရှင်ဘုရား ... ဒီတစ်ညလောက်တော့ အ ... အရှင်ဘုရားက တပည့်တော်ကို ကိုယ်ချင်းစာပြီး ဒီ ... ဒီတစ်ညတော့ ...''

''ဘာကွ ... ဘုန်းကြီးပစ္စည်း, ကျောင်းပစ္စည်းဆိုတာ မင်းတို့ အာဝါဟ ဝိဝါဟ လောကီကိစ္စနဲ့ မအပ်စပ်ဘူးကွ။ မင်းတို့ အဝီစိရောက်ချင်လို့လား၊ တယ်လေ ... ငါ''

ဒေါသထွက်လာသော ဘုန်းကြီးအား ဒကတွေက ဝိုင်းဆွဲထားကြရလေ၏။ သံခဲကြီးမှာလည်း မတတ်သာသည့်အဆုံး ရွာသားတွေအကူအညီဖြင့် မင်္ဂလာခုတင်ကြီးကို ပြန်ဖြုတ်ကာ သူကိုယ်တိုင် လှည်းဖြင့် ဒေါင့်ကွေးရွာ ဘုန်းကြီးကျောင်းသို့ လိုက်ပို့ပေးရလေ၏။ စိတ်ထဲမှာလည်း ငပိန့်ကို ဒေါသတွေ ထွက်၍မဆုံး။

အပြန်ခရီးမှာတော့ သံခဲတစ်ယောက် မင်္ဂလာဦးညကို ဖြတ်သန်းခွင့်





မရတော့။

ဘာကြောင့်ဆို အရှက်ကြီးရှက်သွားခဲ့သော မိကြွက်က လုံးဝ လက်မခံသောကြောင့်ပါတည်း။ ထို့ည ကိုယ့်အိမ်ကိုယ် ပြန်၍ မိုးလင်းလိုက်ရလေတော့၏။

သည်အဖြစ်သနစ်ကား ပိတ်စွယ်ကျေးရွာအတွက် တကယ့်အမှတ်တရ ဖြစ်သွားလေသည်နှင့်အမျှ သံခဲကြီးအဖို့ရာမှာလည်း 'ခုတင်သံခဲ ... ခုတင်သံခဲ' ဆိုသည့် အမည်နာမသစ်တစ်ခု တိုးသွားရလေတော့သည်တကား ...။

မြို့မေတ္တာ ခံယူမယ့်...

**ကိုရွှေတောသား**



www.burmeseclassic.com

www.burmeseclassic.com

# သိဟသက်တံ

# ချစ်သူ၏နေ့လွှဲညဗလာများ

## ချစ်သူ၏ နေ့လွှဲညဗလာများ

သိဟသက်တံ

ဆိုးသွမ်းသော အိပ်မက်အဟောင်း၊ ညစ်ထေးပေကျံနေသော မျက်နှာဟောင်းကို စင်ကြယ်အေးမြသောရေဖြင့် သစ်လိုက်သည်။ ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့၊ ဘယ်လောက်ပဲ လွဲမှားခဲ့ပါစေ ... ချိန်းဆိုထားတဲ့နေ့ရက်နဲ့ ကမ္ဘာကြီးက တည့်တည့်တိုး ရင်ဆိုင်ရဦးမှာပဲ။ ''အမှန်တကယ် ပျော်ရွှင်သူမှာ လမ်းလွှဲမှ ခရီးနှင်ရချိန်တွင် သဘာဝရှုခင်းကို ပျော်မွေ့ခံစားတတ်သူ ဖြစ်သည်'' ဟု အဆိုအမိန့်စာအုပ်တစ်အုပ်မှာ သူဖတ်ခဲ့ရသည်။ မိုးသက်ဝေအားကိုးအားထား မှီတွယ်ပြီးခါရာ ရုပ်ရှင်ရုံကို သူသွားရမည်။ ချစ်သူဘက်တော်သားတစ်ယောက်လို လင်းဝဏ္ဏ ရင်ကော့ခေါင်းမော့ကာ မော်ကြွားခွင့်သာပေဦးမည်။

ရေမိုးချိုး မီးပူထိုးပြီးသား အဝတ်အစားတစ်ခုကို ကောက်စွပ်လိုက်သည်။ စွပ်လိုက်တော့ စွတ်ဆက်ပြီး ပြုတ်သလို စွပ်ပြုတ်သောက်ရခြင်းတော့ မကြုံလိုက်ရပေ။ လင်းဝဏ ကြုံလိုက်ရသည်က လူရယ်၊ အင်္ကျီရယ်၊ ရန့်ရယ် အဆီအငေါ် မတည့်ခြင်းပင် ဖြစ်သည်။ အဝတ်ဗီရိုကို အသေအချာ ဖွေထားပါလျက် ဘယ်အချက်က ချောင်းဝင်ပြီး ရွှေပြွန်က ရေသွန်သွားလေပြီမသိ။ သူ့အင်္ကျီပါးလေး ကြောင်သေးစော် နံနေလေပြီ။

''ထွီ ... မျောက်မသား ကြောင်တွေကွာ ... နံလိုက်တာ''

လင်းရောင်ခြည်စာပေ

www.burmeseclassic.com



နှာခေါင်းနှစ်ပေါက်လုံး မွှန်ထူသွားလို့သာ မကျေမနပ် ရေရွတ်ရတာ၊ အဲ့ဒီကြောင်တွေကို မေမေက ဈေးကြီးပေးဝယ်၍ မွေးထားခြင်းဖြစ်သည်။ မေမေနှင့် လင်းဝဏ္ဏ အဆီအငေါ်မတည့်သည်မှာ ကြောင်ကလေးများရှာကြောင့်လည်း ပါသည်။ အငွေ့နံ့တရာ မျောက်ရှုံးအောင် ကော့လန်ပြေးလွှား ဆော့ကစားသဖြင့် မျက်စိနောက်လှသည်။ ကုတ်ခြစ်သဖြင့် ဖျာတွေ၊ ဖက်လုံးတွေ စုတ်ပြဲရပေါင်း များပြီ၊ ပြီးတော့ ကြောင်ရာသီဆို တငွဲငွဲနဲ့ ငွဲလိုက်ကြသေး။ အခုချိန်ထိ သီတင်းကျွတ်တိုင်း လက်ဖွဲ့ပေးပြီး ပုဆိုးမကျွတ်နိုင်သေးတဲ့ သူလိုလူအဖို့ ဘယ်မှာလာပြီး နာလို့မှ ရှိနိုင်ပါတော့မလဲ၊ မေမေက သူ့ကြောင်တွေဘက်က အတိုက်အခံလုပ်ကာ မားမားမတ်မတ် ရပ်သည်။

"နင် ဘာနားလည်လို့လဲ လေး ... ခွေးဖိုးတစ်ထောင် ကြောင်ဖိုးတစ်သိန်းခေတ်ဟဲ့၊ နင့်ကို သွားရောင်းစားရင် အဲ့လောက်မရဘူး ...သိလား"

မေမေပြောပုံက အရက်သမားဟာသထဲကလို ဖြစ်နေသည်၊ အရက်သမားအဖေက မနိုင့်တနိုင်ချီထားတဲ့ ကလေးတစ်ဖက်နဲ့ အရက်ပုလင်းဝယ်လာသော သမီးကို အစိုးရိမ်တကြီး လှမ်းပြောတာလေ။ "ကလေးက လွတ်ကျပြီး သေသွားရင် ပြန်မွေးလို့ရတယ်၊ ငါ့အရက်ပုလင်းကျကွဲရင် ဝယ်စရာပိုက်ဆံ မရှိတော့ဘူး" ... တဲ့။ ကောင်းသေးရဲ့လား။ တကယ့်ကို စက်ဘီးစီးရင်း ကားအက်ဆီးဒင့်ဖြစ်လာရင်တောင်မှ စက်ဘီးဘာဖြစ်သွားသေးလဲ အရင်မေးမယ့် အမေမျိုး။

လင်းဝဏ္ဏ စိတ်ဆိုးမာန်ဆိုးနဲ့ အကျီကို မှန်တင်ခုံပေါ်က မေမေ့ရေမွှေးဘူးယူပြီး တရှူးရှူး အသံမစဲအောင် ဖွတ်ပစ်လိုက်တယ်။ ဒီတော့မှ နှာခေါင်းကျန်းမာရေး သက်သာချောင်လည်သွားတော့တယ်။ ဒီလိုမလုပ်လို့ မဖြစ်ဘူးလေ။ သူ့အဝတ်အစားတွေ မလျှော်ဘဲ ပစ်ထားတာ ခြင်းထဲမှာ ပုံနေပြီ၊ လျှော်ပြီးသားလည်း ဖြစ်၊ သင့်လျော်ရာလည်း ဖြစ်တဲ့ အဝတ်အစားဆိုလို့ ဒီတစ်စုံပဲ ရှိတော့တာ။ ဒါမှ ပါးလွှာတဲ့အကျီစနဲ့ သူ့အသားနဲ့ ကွက်တိဖြစ်မှာ။ သူမနဲ့ဘေးချင်းကပ် ထိုင်လိုက်တဲ့အခါ အသားချင်း ထိကပ်သလို





အထိအတွေ့ကို ရမှာ။ ဟိ ဟိ ... တွေးကြည့်ရင် အသည်းတယားယားရင်တဖိုဖိုကြီး။ မိုးသက်ဝေလည်း သူ့လို ရင်တမမ ဖြစ်နေမလားပဲ။ အေးလေ ... ရင်ခုန်လို့ ချစ်မိကြတာပဲ ... ဘာဆန်းလို့လဲ၊ မင်းသားရှုံးလောက်အောင် ရှုံးစမိုးအပြည့်နဲ့ ခေါင်းဖြီးပြင်ဆင်ပြီး အိမ်ကထွက်လာခဲ့တယ်။ ဒီစတိုင်လ်နဲ့ဆို မြို့ထဲမှာ လမ်းသလားပြီး ရှုံးပြနေတဲ့ ဟိုငနဲတွေပါ ဖြောင့်တာလောက်ကတော့ ပျင်းသနားတာပေါ့။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

အိမ်ကထွက်လာပြီး လမ်းထိပ်ရောက်တော့ ပြဿနာက ပေါ်လာပြန်ရော။ ကျီးကန်း . . .။ သူဖြတ်လျှောက်ခါမှ ရှိန်သားကိုက် ဓာတ်ကြိုးပေါ်က တန်းတန်းမတ်မတ် ချေးပါချတယ်။ ပခုံးသားလေး ပူခနဲဖြစ်သွားလို့ လှည့်ကြည့်မိတော့မှ အပုံလိုက် အဖတ်လိုက် ပခုံးပေါ်တင်နေတာ တွေ့ရတယ်၊

''ဟာကွာ . . . လာပြန်ပြီ . . . ဒီကျီးကန်း''

စိတ်ကို ဒေါသဖြစ်ကာ အပေါ်ကို မော့ကြည့်မိတော့ ဓာတ်ကြိုးတန်းပေါ်မှာ ကိုရွှေကျီးမည်းက ဟိုအင်းဖြလို့ အော်ပြသည်။ တော်တော်အာတဲ့ကောင်။ အာဖျံကွီးမဟုတ်တဲ့ အာဖျံကျီးပေါ့။ သေချာတယ် . . . ဒီကောင်လက်စားချေတာ သူခံရခြင်းပင်ဖြစ်မည်။ တစ်ရက်တုန်းဆီက သူ အိမ်ရှေ့ထွက်ပြီး ထမင်းစားစဉ်မှာ သူ့ပန်းကန်ထဲက အမဲတုံးကြီးကို အလစ်သုတ်သွားလို့ လောက်လေးခွနဲ့ လိုက်ထုပူးသည်။ ယခု သူမလာခင် ချုပ်တီးထားပြီး သူ အောက်တည့်တည့်ရောက်ခါမှ ကွက်တိ ယိုချသည်။ မိုက်ရိုင်းလိုက်ပလေ။ ဒီကျီးကန်းလည်း ပါဖြောင့်တဲ့စာရင်းထဲ ထည့်ရမယ်။ ဖြောင့်ဖြောင့်ဖြူးဖြူး ပါနိုင်လို့လေ။

အိတ်ထဲမှာ အသင့်ပါလာတဲ့ တစ်သျှူးပေပါကို ထုတ်ပြီး သုတ်ပစ်ရတယ်။ ဒီတစ်သျှူးပေပါတွေက ချစ်သူရဲ့နှုတ်ခမ်းပါးမှာ ပေကျံနေတာတွေ၊





နဖူးပြင်က ချွေးသီးချွေးတင်းတွေ သုတ်ပေးဖို့ ဆောင်ထားတာ။ အခုတော့ ဒီကျီးကန်းရဲ့ အပုံလေးကိုပဲ ချစ်သူနှုတ်ခမ်းအဖြစ် စိတ်ကမှန်းလို့ သုတ်သင်လိုက်ရတယ်။ အိမ်ကိုပြန်ရင် ကြာနေမှာစိုးလို့ ဗန်ဒိန်းကွမ်းယာဆိုင်က ရေနည်းနည်းတောင်းပြီး ဆေးလိုက်ရတယ်။ သူ့အတွက် အိမ်မြှောင်ချေး ငှက်ချေးတွေဟာ လပ်ကီးမဖြစ်ဘဲ မိုးသက်ဝေရဲ့ လက်မနေး အခေါက်အလိမ်ခံရပေါင်းလည်း များလှပြီ။ သူ့ဘဝက ထိုသို့ကြုံလာတိုင်း၊ နိမိတ်ပုံမြင်တိုင်း မိုးသက်ဝေ နှပ်ချေးအသုတ်ခံရတဲ့ လက်ကိုင်ပဝါလေးဖြစ်ဖြစ်သွားနေကျပင်။ နိမိတ်ပြမြင်ရုံနဲ့ ပေါ့ပျက်ပျက် ကဗျာရေးထားမှန်း သိလိုက်ရသလိုပေါ့။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

မီရာကားပေါ်တွယ်ပြီး တက်လိုက်တယ်။ အချိန်က စကားပြောလာပြီ။ (အချိန်က အရင်တုန်းကလည်း စကားပြောတာပါပဲ။ တရုတ်အချိန် တရုတ်စကားပဲပြောတတ်ပြီး ဗမာစကားမတတ်လို့သာ စကားမပြောတတ်ဘူး ထင်ရဝဘာ။ အခုတော့ အချိန်လည်း စကားပြောလာပါပြီ။) ဟိုလှည့်ဒီလှည့် ရှိုးစမိုးထုတ်၊ ပဲများ၊ ခေါင်းဖြီး၊ ကြောင်၊ ကျီးကန်းတို့နှင့် တိုင်ပတ်ခဲ့ရာ မီလုမီခင်အခြေအနေသို့ပင် ဆိုက်ရောက်သွားသည်။ နဂိုကတည်းက အအိပ် ပုပ်ရသည့်ကြားထဲ အိပ်မက်ဆိုးက မက်သေးသည်။ ဒီလောက် ကသီလင်တ နိုင်ပြီးမှ ကားပေါ်ရောက်သွားတော့လည်း အဆင်ပြေမလားမှတ်တယ် ... တယ်မပြေလှဘူး။ အကြွေးရှင်၊ ကျူရှင်ဆရာ၊ ယောက္ခမအလောင်းအလျာနဲ့ ပက်ပင်းတိုးရတာလည်း မဟုတ်ဘူး။ အဲဒါကမှ ဖြေသာသေး။ အခုဟာကြီး က ကဗျာရေးဘဲ့ အငယ်လေးနဲ့ ဆုံမိတော့မလို ဖြစ်တာ။ အငယ်လေးက ကားအရှေ့ပေါက်နားမှာ၊ သူက ဘနောက်ပေါက်မှာ။ အသာလေး ဇက်ပုပြီး လူတွေနဲ့ ကွယ်နေရတယ်။ ဒီလိုမှမဟုတ်ရင်တော့ အငယ်လေးဆိုတဲ့ကောင် က တွေ့ရာလူကို တွေ့သည့်နေရာမှာ လူရှေ့သူရှေ့မရှောင် ကဗျာထုတ် ကြွားပြီး ဖတ်ခိုင်းသည်။ ကဗျာဒဿန၊ အယူအဆ၊ နိမိတ်ပုံ၊ ဖလိုး၊ အမျိုး အစား၊ ပုံသဏ္ဌာန်အကြောင်း အာမညောင်း လျှာမညောင်း လေကုန်ခံပြော





လေ့ရှိတယ်။ သူ့ကဗျာဖတ်ပြီးရင် လူက အရက်တစ်လုံးသောက်ပြီးရင် ချ ချာလည်သွားမယ့်အမူးမျိုး ခံစားရတော့တာပဲ။ ဒါကြောင့်မို့ ကျူရှင်တစ်ခုလုံ သူ့ကို ဝေါင်ဝေါင်ရှေး ဝေးဝေးရှောင်ကြတယ်။

ကဗျာပါးစပ်ကြီးရဲ့ အနှောင့်အယှက်က မြေနီကုန်းမှာ လွတ်သွာ တယ်။ ဘာကဗျာတွေ အကြောင်းပြုပြီး နယ်လှည့်အရက်သောက်နေလဲ တော့ မသိဘူး။ ဒီကောင့်အရေးက သူ့အရေးလောက် မကြီးပါဘူး။ ကျော် ချတဲ့ကားကိုသာ စိတ်မောလူမောနဲ့ နှိုးဆော်နေရတယ်။ စိတ်ထဲမှာတော့ တစ်ကားလုံး တန်းစီပြီး ညအိပ်ညေ့စာရင်းတိုင်နေရပြီ။ နှိုးမှပဲ ...။ ထွက်မယ့် ထွက်တော့လည်း ကားက ဘီးနှစ်လိမ့် ၁ုံးလိမ့် လိမ့်ရသေး ... ဖွတ် ရှူး ဖောင်း ဒိုင်းတွေ ဖြစ်ပြီး ပျက်စီးခြင်းငါးပါးနဲ့ ပျက်ပါလေရော။ လမ်းပေါ်က အလေနတောမိန်းမပျိုတွေတောင် သူ့လိုပျက်ဖို့ မလွယ်ဘူး။ လမ်းပေါ်ရောက် နေတာချင်းအတူတူ သူက ထိလွယ် ပျက်လွယ်သည်။ ဘာဖြစ်မှန်းလည်း မသိ။ စပါယ်ယာနှစ်ယောက် အင်ဂျင်ကို တို့ကနန်းဆိတ်ကနန်း လုပ်ကြ တယ်။ သူ စိတ်ပျက်ဒေါသ တစ်ဝက်တစ်ပျက်ဖြင့် တောက်ခေါက်မိသည်၊

"က တောက်"

ချိန်းထိုက်တိုင်း ဒီလိုကြီးပဲ။ နောက်ကျတတ်တာ သူ့ရဲ့ ထူးခြားတဲ့ ဝိသေသလက္ခဏာလား။ စံချိန်စံညွှန်းအမီ အစဉ်အလာမပျက် နောက်ကျပါပြီ မနက်နိုးလာကတည်းက တနင်္လာနံ ကကြီးအက္ခရာ ဒုက္ခကို လက်ဆင့်ကမ်း သယ်ပြီး ပေးလာကြတာ အခု ကားက ဖောက်လာပြီ။ တွေဝေနေချိန်မရဘဲ သုတ်သုတ်ဆင်းပြီးနောက် ကားပြောင်းစီးလိုက်ရတယ်၊ ချစ်ရတာ အလုပ် ရှုပ်တာပဲလား။ အလုပ်ရှုပ်တာကိုပဲ ချစ်နေမိသလား။ ဝေခွဲရခက်ပါပြီ သက် ဝေရယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်ရုံအောက်ရောက်သွားတော့ လှည့်ပတ်ရှာကြည့်မိသည်။ ပြီ တီတီမိန်းမများ၊ ဆေးလိပ်, ကွမ်းယာ, ရေခဲရေသည်များနှင့် လက်မှတ်စစ်တို့ကိုသာ တွေ့ရတော့သည်။ ဝမ်းနည်းစိတ် ရုတ်ခြည်းလှိုက်တက်လာကာ မျက်ဝန်းမှာ အရည်တောက်လဲ့သွားရသည်။ စိတ်ပျက်စွာ မျက်နှာရှုံ့မဲ့၍ မီးပွိုင့်ဘက်လှမ်းငေးတော့ သက်ဝေကို လမ်းကူးရန်စောင့်ဆိုင်းနေတာ လှမ်းတွေ့သည်။

အချိန်မဆွဲဘဲ သက်ဝေနောက် အပြေးလိုက်ခဲ့ရသည်။ စိတ်ဆိုးစိတ်ကောက်တတ်တဲ့ ဘွဲ့တံဆိပ်ဂုဏ်ထူးရ သက်ဝေက သူ့ကိုမြင်တော့ ပြုံးမိတော့မလိုလိုနှင့် ပြန်တည်ကာ မျက်စောင်းထိုး၍ တစ်ဖက်လှည့်သွားသည်။ ဒေါသအရောင်လွှမ်းမျက်ဝန်းလေးက ချစ်စရာကောင်းပေမယ့် ဖွေးနုနုဖဝါးတော်က လမ်းကူးဖို့ အလျှင်စလိုပြင်တော့သည်။ သူ အလျှင်အမြန်ပင် ဝင်းဝါနုနု သူမလက်ကလေးကို လှမ်းကိုင်လိုက်ရသည်။ (သူမ အိမ်မှာ နနွင်းထုပ်လာသဖြင့် လက်က ဝါထိန်နေသည်။)

''သက်ဝေ ... မကူးနဲ့လေ၊ ကားလာနေတယ် ... ပွိုင့်မလွတ်သေးဘူး''

ဒီတော့မှ အတင်းရုန်းဖို့ပြင်နေတဲ့ သူမရဲ့လက်ကို ပြန်ဖြေလျှော့ကာ





ရပ်လိုက်တယ်။ သူ့ကို ပေစောင်းစောင်းကြည့်ပြီး အပြစ်တင်တော့တာပဲ။

''မောင်လုပ်လိုက်ရင် အဲ့လိုချည်းပဲ ... သိပ်စိတ်ပျက်တာပဲ''

''မပျက်ပါနဲ့ သက်ဝေရယ် ... အဲဒါ လူပျက်တွေအလုပ်ပါ၊ အချိန်ရှိသေးတယ် ... ရုံထဲဝင်လို့ ရသေးတယ်''

''မောင့်ကို ရည်းစားလုပ်ရတာ အမြဲတမ်းနောက်ကျပြီး အမြဲတမ်းစောင့်နေရတာနဲ့ပဲ အချိန်ကုန်တယ် ... တွေ့ရတာ အချိန်မရတဲ့ကြားထဲ ဘာမှန်းကို မသိဘူး''

''မောင်တောင်းပန်ပါတယ် သက်ဝေရယ် ... ကဲပါ လာပါ ... စိတ်ကိုလျှော့၊ သက်ဝေ ရုပ်ရှင်ကြည့်ချင်တယ်ဆို ... လာ လာ ... အခုမှ အစပဲ ရှိသေးတာ''

''ဟွန်း ... ပြောလိုက်ရင် ဒီလိုချည်းပဲ၊ ကြည့်ချင်စိတ်တောင် မရှိတော့ဘူး ... တကယ်ပဲ၊ ရှေ့အခန်းတွေ လွတ်ကုန်ပြီ''

မိန်းကလေးတွေဟာ ရုပ်ရှင်အကြောင်းပြပြီး အချစ်ကို အကွက်ရှေ့ဖွင့်တတ်တယ်။ ယောကျ်ားလေးတွေကျတော့ အချစ်ကို ရှာဖွေတွေ့ရှိဖို့ ရုပ်ရှင်ကြည့်ကြတယ်။ ဒီချိန်းဆိုမှုမှာ နှစ်ယောက်လုံး ရိုးသားစွာ လွဲချော်မှားယွင်းတာ ဘုရားသခင် သိမှာပါ။ နားလည်စရာမျက်ဝန်းဖြင့် ပြန်လည်ကျေအေး ညီညွတ် အကြောင်းမျှသွားသောအခါ လက်ချင်းချိတ်လို့ ရုံထဲဝင်လာခဲ့ကြတယ်။

''မလွတ်သေးပါဘူး သက်ဝေရယ်၊ လာပါ ... ရှေ့ခန်းတွေက ခိုင်ဘာနဲ့ အုံနာကတော်ထိုင်တာပဲ တွေ့ရမှာပေါ့၊ ပြီးတော့ သတင်းကားလည်း ပြသေးတယ် ... ကွက်တိလောက်ပါပဲ''

ချော့မော့ပြီး တရွတ်တိုက်မဆွဲရုံတမယ် အတင်းခေါ်သာ ခေါ်လာခဲ့တယ်။ အချစ်ရဲ့အမှောင်ကို တို့ထိစမ်းသပ်ချင်လို့သာပေါ့။ ဇာတ်ကားကတော့ အစပြုနေတာမှ တစ်ဝက်မကျိုးသေးတာပင် ကံကောင်းလှသည်။

အေးမြပြီး စံပယ်ရနံ့သင်းရီဝေနေတဲ့ သူ့ဆံနွယ်မျှင်တွေက လည်း [illegible]ပါးနှင့် နှာခေါင်းကို တို့ထိဆော့ကစား ကလူကျီစယ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ ခေါင်းကလေးက လင်းဝဏ္ဏပခုံးပေါ် စောင်းမှီနွဲ့ထားသည်။ ဒါသည်ပင် ချစ်သူတို့ရဲ့ ရုပ်ရှင်အပန်းဖြေကြည့်သည့် စတိုင်လ်။ သူမရဲ့နှုတ်ခမ်းတွေ ပြုံးမြိန်တဲ့အရသာရှိတာကို သိပေမယ့် တို့ထိနမ်းရှိုက်လိုက်ဖို့တော့ လင်းဝဏ္ဏ ရဲ့ဝံ့ပါ။ တော်နေကြာ ဘောက်ဖတ်မလေးက "မောင် . . . တအားဆိုးတာ ဲ သွား . . . လူဆိုး . . . ထောင်ထဲဝင်" ဆိုပြီး တွန်းထုတ်ကာ စိတ်ကောက်ပြီး ပြန်သွားမှာလည်း စိုးရိမ်ရသေးသည်။ လိပ်ပြာမလုံတော့သဖြင့် မျက်ဝန်း ပြင်း စိတ်ဖြင့်မှန်း၍ ဆုံသည်။ ဘေးဘီကိုလည်း အကဲခတ်ရသေး။ ရုပ်ရှင်က သည်း ကောင်းခန်းရောက်ခါနီးရင် အမှောင်ခန်းကို အလင်းခန်း လုပ်လုပ်ပစ် သည်။ မျက်နှာပေးရင် ရှေ့ရေးပန်းကန်တက် စိုးရော့သလား။ လုံးဝကို အလစ်မပေးပေ။ သူကလည်း ယောက်ျားတစ်ယောက်ဖြစ်သည်မို့ အချစ်လေး အတွက် အခွင့်အရေးတစ်ရပ် တစ်ခါပေးဆပ်ဖို့ တောင်းဆိုချင်သည်။

"မင်းသားနဲ့မင်းသမီးအဖြစ် စိတ်ကမြင်ယောင်ပြီး ကြည့်ရတာ ကောင်းဘူးလား သက်ဝေ"

"ဟင်အင်း မကောင်းဘူး"

"ဘာဖြစ်လို့လဲ"

"ဇာတ်လမ်းက လွမ်းလွန်းလို့ လှိမ့်လှိမ့်လူးနေတယ်၊ အိုဗာအိုက် ာင်ကြီးတွေနဲ့ အဲ့လိုလွမ်းရမယ်ဆို မင်းသား မင်းသမီး မဖြစ်ချင်ပါဘူး"

သိပ်ချစ်လွန်းတော့လည်း လွမ်းရမှာကို သေမလောက် ကြောက် ာပေ့။ စိတ်ကူးထဲမှာတောင် မလွမ်းရဲသေးတဲ့ သူမကို လင်းဝဏ္ဏ ပိုပြီး ချစ်မိသွားသည်၊ ခပ်တင်းတင်းလေး ဆွဲဖက်တော့ "အသက်ရှူကျပ်တယ်" ု အမူပိုပို သူက ပြောသည်။ အားပါလာပြီး ထိုင်ခုံပေါ် ခြေနှစ်ဖက်လုံး ာင်လိုက်မိသည်။ ရုပ်ရှင်ကလည်း အားပါနေပြီ၊ မင်းသမီးနဲ့မင်းသား နိုးရာ ပိုက်ပြေးပြီး အချစ်ညရင်ခုန်သံတွေ ဘာတွေ ဖြစ်နေပြီ။ သူ တိုးတိုးဖွဖွ ှင်ညင်သာသာပင် လေပြေထိုး၍ မေးလိုက်မိသည်။

"အခုလိုမျိုး မင်းသားနဲ့မင်းသမီးရော မဖြစ်ချင်ဘူးလား"

နွဲ့လျချိုအီသောအသံဖြင့် သူမက ရီဝေဝေမိန်းမူးလောက်စရာကောင်း





အောင် ပြန်လည်တုံ့ပြန်ပါသည်။

"မင်းသမီးတော့ ဖြစ်ချင်တယ်၊ မင်းသားနဲ့ တွဲရ . . . နည်းတဲ့ ကုသိုလ်လား"

"ဟာ . . . မောင်က မင်းသားပဲလေ၊ သက်ဝေစိတ်ထဲ မင်းသားကို မောင်လို့ မမြင်ယောင်ဘူးလား . . . ခံစားကြည့်စမ်းပါ"

"သွားစမ်းပါ . . . မောင့်ရုပ်က မင်းသားနေရာမှာထားပြီး ဘယ်လိုမှ ခံစားလို့မရဘူး၊ ကျော်ဟိန်းက မောင်နဲ့ အပုံကြီးကွာတယ်၊ မနိုင်းကောင်း ပါဘူး မောင်ရယ် . . . တူချင်းတူ နှိုင်းယှဉ်မြင်ယောင်လို့ရရင် ဟိုဒင်း . . . နိုးပြေးဖြစ်အောင် ကူညီပေးတဲ့ ပီချေးနေရာမှာပဲ ခံစားလို့ရလိမ့်မယ်"

"ဟာကွာ . . . သေပြီဆရာပဲ"

လင်းဝဏ္ဏ ကိုယ့်နဖူးကိုယ် ပြန်ရိုက်မိပြီး ယူကျုံးမရ ဖြစ်သွားတော့ သူမက ခိုးခိုးခစ်ခစ် သဘောတကျရယ်ပါသည်။ ချစ်သူရဲ့ အကျီစယ်မှာ သူဟာ ဘာကောင်ဖြစ်ဖြစ်ပေ့ါလေ။ ရင်ကော့ခေါင်းမော့လို့ လူမျိုးပြောင်း၊ မှတ်ဆိတ်ထားရတော့မှာပဲ။

ရုပ်ရှင်ဆက်ကြည့်ရင် ညောင်းသလိုလိုရှိတာကြောင့် ကွေးထားတဲ့ ခြေထောက်ကို ပြန်ဆန့်ပြီး အောက်ကိုချလိုက်တော့ ခြေဖဝါးတွေက အေး စက်နေတယ်။ အေးမြတဲ့ သမံတလင်းရဲ့အထိအတွေ့မှာ ခြေဖဝါးဗလာက အေးတိအေးစက် ထုံကျဉ်ခံရတာပဲ၊ ဟိုဟိုဒီဒီ ခြေထောက်ရွှေ့ပြီး ခြေထောက် အပေါ်တင်စဉ်က ချွတ်ထားမိသော ဖိနပ်နှစ်ဖက်ကို စမ်းကြည့်သည်။ အထိ အတွေ့ လေဟာနယ်၊ ခြေဗလာ၊ သမံတလင်း ဟင်းလင်းပြင်။ မျက်လုံး မျက်ဆန်ပြူးပြီး ခြေထောက်ကို ဆန့်နိုင်သမျှဆန့်ကာ စမ်းလိုက်မိပြန်သည်။ လှုပ်လှုပ်ရွရွ သူ့အနေအထားဟန်ပန်ကြောင့် မိုးသက်ဝေက သတိပြုမိပြီး မေးလေသည်။

"ဘာဖြစ်လို့လဲမောင် . . . ကြမ်းပိုးကိုက်လို့လား"

"ဟင့်အင်း . . . ဘာမှ မဖြစ်ပါဘူး"

စိတ်သက်သာရာ ရစေဖို့ရယ်၊ ပြောစရာစကား အထင်သင့် မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သေးတာရယ်ကြောင့် သူပါးစပ်ထဲရှိရာ ကောက်ပြောမိသည်။ ပြီးတော့ သူမ ခေါင်းကို အသာလေး မ,ဖယ်၍ ခုံတန်းပေါ်တင်ထားသော လက်ကို ရုပ်လိုက်သည်။ ပြီးမှ အသာလေး ခုံအောက်ကိုထိုင်လျှက် ငုံ့ကိုင်းကာ ခြေတွေလက်တွေနဲ့ လှည့်ပတ်စမ်းသည်။ စီးတော်ဖိနပ်က အမေဝယ်ပေးတာမှ တစ်လပင် မပြည့်သေး။ မန္တလေးအော်ဒါချုပ် (၆) လ အာမခံ။ ဒီဖိနပ်ပျောက်ရင် မားသားကြီးက ပွမ်ပွမ်မြည်တဲ့ကားလေးလုပ်ပြီး သူ့နားကို ဆူဝေပြည့်လျှံအောင် ဟွန်းတီးလိုက်လိမ့်မည်။ ခက်ပါသော်ကော။ ဇောချွေးများလည်း ပြန်လာသည်။ ကမြင်းမသားဖိနပ်က ရှာမတွေ့ပေ။ အေးလေ ... ဒီလိုပြောလိုက်တာကလည်း သားအမိနှစ်ယောက်လုံး ထိတာပဲ။

ကိုယ်လုံးကို ခုံပေါ်မှ လျှောဆင်း၍ ရှေ့ခုံအောက်စမ်းသည်။ လုံးဝ မရှိ။ လုံးဝမတွေ့ပေမယ့် ရှေ့ခုံမှ တော်ဇါခြေထောက်ကိုတော့ သွားထိမိသည်။ တော်က (၁၅၀၀) ပို့အားပြည့်မျက်လုံးများဖြင့် အထာမှတ်ကာ ခေါ်တော့ကြည့်ပြန်ကြည့်သည်။ သမင်လည်ပြန်မဟုတ်သော ဆင်လည်ပြန်ကြီး။ မြွေမြွေချင်း ခြေမြင်သွားတော့ တော်က နှာခေါင်းရှုံ့ကာ ပြန်လှည့်သွားသည်။ ရုပ်ရှင်ဆီ အာရုံပြောင်းနေရာမှ သူ့ဘက်သို့ သက်ဝေအာရုံက လှည့်လာပြန်သည်။

''ဘာဖြစ်လို့ လှုပ်လှုပ်ရွရွ ဖြစ်နေတာလဲ ... ငြိမ်ငြိမ်ထိုင်မှပေါ့''

''ဟုတ်ကဲ့ ... အာ ... အဲ ... အဟီး''

မအီမလည် သောင်မတင်ရေမကျဖြစ်ကာ သူ ပြန်ငြိမ်နေရသည်။ ခက်ကြီးကြုံလို့ ရတက်မီးဟုန် ပွားရရှာပြီ။ ချစ်သူကောင်မလေးနဲ့ ရုပ်ရှင်နဲ့ သူနဲ့ ဖိနပ်တစ်ရန်နဲ့တော့ အဆီအငေါ်မတည့် သီချင်းတစ်ပုဒ် ဖြစ်ရော့မည်။ ယောင်လည်လည်ဖြစ်နေစဉ်မှာပင် ရုပ်ရှင်က အားလပ်ချိန်ပေးကာ မီးတွေ လင်းဖြာသွားသည်။ အားလပ်ချိန်ပေးကြောင်း ရုပ်ရှင်ရုံက ကြေညာလေသည်။ အသံထွက်လာရာ လော်စပီကာကို စိတ်ကရောက်သွားပြီး အကြံတစ်ခု လက်ခနဲ ပေါ်လာသည်။ ခုံတန်းတစ်လျှောက်နှင့် ဘေးဘီရှေ့နောက်ဝန်းကျင် မီးအလင်းအောက်မှာ လိုက်ကြည့်လို့မတွေ့သော ဖိနပ်ကို လော်စပီကာ အားကိုးဖြင့် အပီအပြင်ရှာရမည်။ ကယ်တင်ရှင် စာရိတ္တလူရည်ချွန်ရွေးချယ်ပြီး





ဖိနပ်ကို ပြန်ယူရမည်။ ဖိနပ်က ကန်ထုတ်ခံရတာလား။ တစ်စုံတစ်ယောက် စီးသွားတာလား ... တစ်ခုခုပေါ့။ အို ... ဘာပဲဖြစ်ဖြစ် ဒီနည်းက မဆိုးဘူး မဟုတ်လား သက်ဝေရယ်။

သက်ဝေက အရူးတစ်ယောက်ကို မြင်ရသလို ပြူးကြောင်ကြောင်နဲ့ သူ့ကိုကြည့်သေးတယ်။ ပြီးမှ ဖိနပ်ပျောက် ရှာပုံတော်မင်းသားကြီးလုပ်နေမှန်း သိသွားတော့ ဘာမှမပြောတော့ဘူး။ ချစ်သူ ပန်းပျိုမလေးတွေများ သိပ်အားကိုးရတာပဲ ... ကူရှာပေးမယ်လို့ကို မရှိဘူး။ သူ့အပူနဲ့သူ သူ့ဝန်သူမနိုင်ဖြစ် ပြီးတော့ ကျား/မ အိမ်သာဘက် ထွက်သွားတော့တယ်။

မထူးတော့ပြီမို့ သူက မန်နေဂျာရုံးခန်းကို တက်သွားလိုက်တယ်။ အကျိုးအကြောင်းပြောပြပြီး အကူအညီတောင်းလိုက်တယ်ဆိုရင်ပဲ အားတက်သရော ကူညီဖို့ ပြန်တုံ့ပြန်တယ်။ (Customer) ကို ဦးစားပေးလိုက်တာများ ချောက်ကျမယ့်အပေါက်မို့လား မသိဘူးပေါ့နော်။ ရုံးခန်းကဆင်းလာပြီး ထိုင်ခုံဆီပြန်ရောက်တော့ ခြေဗလာဖြစ်နေတဲ့သူ့ကို သူမက နှာခေါင်းရှုံ့ပြီး ပြောသည်။

''ဒီအနားကခုံတွေမှာ ကြောင်သေးစော်နံနေတာ အိမ်သာဘက် သွားလိုက်တော့ အနံ့ပျောက်သွားတယ် ... ပြန်လာတော့ မနံတော့ဘူး။ အခု မောင်ရောက်လာမှပဲ နံတော့တယ်''

''ဟမ် ... ဟုတ်လား ... ကြောင်သေးစော်''

''ဟုတ်တယ် ... မောင် အိတ်ကပ်ထဲကို ကြောင်ဖမ်းထည့်လာသလား''

''ဟာ ... သက်ဝေကလည်း ဘယ်လိုလုပ်ဆံ့မှာလဲ''

သူပြောမှ မိုးသက်ဝေ ''ဟုတ်ပါရဲ့'' ဆိုပြီး အတွေးများသွားပြန်သည်။ သူ့ကိုယ်ကျပ်အကျႌမှ အိတ်ကပ်သေးသေးလေးမှာ ကြောင်ဆံ့ဖို့နေနေသာသာ ကြွက်တောင် ကျဉ်းကျဉ်းကျုံ့ကျုံ့နေရမှာ။

''ဒါဆို ... မောင် ပုဆိုးခါးပုံစထဲများ ထည့်လာတာလား။ သိပ်ယုံရတာ မဟုတ်ဘူးနော် ... ကြောင်ကို ဘာလို့ ခေါ်လာတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



''မခေါ်ပါဘူး သက်ဝေရယ်၊ ခါးပုံစံထဲမှာ ကြောင်မရှိပါဘူး ... တကယ်၊ ဟိုဒင်းပဲ ရှိလိမ့်မယ်''

''ဟင် ... ဘာလဲ ... မမိုက်ရိုင်းနဲ့နော်''

''နေကြာစေ့အခွံတွေ ... စည်းကမ်းရှိရှိ နိုင်ငံကြီးသားပီပီ ထည့်ထားတာပါကွာ''

သူ၏ အလျှောက်ကောင်းစကားကြောင့် သူမအထောင်းမှ သက်သာရာရခဲ့လေပြီ။ ပွတ်ကာသီကာပင်။ ဘာသိဘာသာ ဆက်ထိုင်မိလိုက်ကြသည်၊ သူကတော့ ကြောင်သေးဇာစ်မြစ်ကို သိနေတာမို့ အိမ်က ကြောင်တစ်အုပ်ကို မေတ္တာအကြီးအကျယ် ပို့မိနေတော့သည်။ ထိုစဉ်မှာပင် လော်စပီကာမှ အသံထွက်လာသည်။ အားလပ်ချိန်စေ့ပြီအထင်ဖြင့် ရုံအပြင်နှင့် တပိုတပါး သွားသူများ ပြန်ဝင်လာသည်၊ သူမကတော့ ပထမတစ်ခေါက် ကြေညာစဉ်မှာ အမူမဲ့အမှတ်မဲ့ နားမရှင်းဖြစ်၍ သတိမပြုမိသေးပေ။ လင်းဝဏ္ဏက မိန့်မိန့်ကြီး ပြုံး၍သာ ကျေနပ်လေဟန်ဖြင့် ထိုင်နေသည်။ ဒုတိယအကြိမ် ထပ်မံကြေညာသံ ထွက်ပေါ်လာတော့ သူမ၏အမည်နှင့် လင်းဝဏ္ဏအမည်ကို သတိထားမိသွားသည်။

''ရွှေပွဲလာ ရုပ်ရှင်ချစ်သူအပေါင်းတို့ခင်ဗျာ ... ကျွန်ုပ်တော်များ ရုပ်ရှင်ရုံအတွင်းဝယ် ဖိနပ်ပျောက်သွားပါသဖြင့် တွေ့ရှိပါက D7 နှင့် D8 တွင် ထိုင်နေသော ကိုလင်းဝဏ္ဏနှင့် မမိုးသက်ဝေတို့ထံပါး လာရောက် ပို့ဆောင်အပ်နှံပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်ခင်ဗျား။ ဖိနပ်မှာ ကြောင်ရိုင်းတံဆိပ် မန္တလေးဖိနပ်ဖြစ်ပြီး လာရောက်ပို့ဆောင်သူအား ထိုက်တန်သော ဆုငွေဖြင့် ကျေးဇူးဆပ်ပါမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်''

ရုပ်ရှင်ကြည့်နေတဲ့ လူအပေါင်းက သူတို့အတန်းဘက်ကို ပြုံးတိပြုံးကြောင် ဝိုင်းဝန်းကြည့်ကြ၏။ ကောင်းနိုးကီးပါလေရော၊ ဖိနပ်ပျောက်တဲ့ အမှု ရှာပတ်ပြီ။ ခုံနံပါတ်ကြီးတွေက အထင်းသား၊ နာမည်တွေကလည်း ဇါသည်မရွေး ... အတိအကျပင်။ မိုးသက်ဝေ ရက်အမ်းထူပူ၍ ခေါင်းငုံ့ချလိုက်သည်။ မျက်နှာတစ်ပြင်လုံး ရက်သွေးဖြန်းစိုန်ရဲနေချေပြီ။ လင်းဝဏ္ဏက





ဖိနပ်ကိုသာ မျှော်ကိုးဆဲ၊ မျှော်တလင့်လင့်မျက်ဝန်းများဖြင့် ပြုံးမော်ဝင့်ကြွားဆဲ။ ရုပ်ရှင်ရုံက မီးမှောင်ချကာ ဇာတ်ကားကို ဆက်ပြီးပြလေသည်။

''လေင်း ... ရှင် ကျွန်မကို အရှက်ခွဲတာလား''

''အယ်''

လှိုက်အဲ့တုန်ယင်နေသောအသံကြောင့် မိုးသက်ဝေ ဒေါသအိုးပေါက်ကွဲလေပြီဆိုတာကို သူ တရင်းတနှီးကြီး သိတာပေါ့။

''ရှင့်ဖိနပ်ပျောက်တာ ကျွန်မနဲ့ ဘာဆိုင်လဲ''

''ချစ်သူချင်း ဒီလို မစိမ်းကားပါနဲ့ သက်ဝေရယ်''

''စိမ်းကားတယ်၊ ကြက်ဟင်းခါးသီးပဲ၊ ခွဲခြားရမယ်၊ ရှင် မရှက်ဘူးလား ... ဖိနပ်ပျောက်တာ အော်ကြီးဟစ်ကျယ် လော်စပီကာနဲ့ အော်ရတယ်လို့''

အရှက်အကြောက်ဆိုတာ မာနလို ထားသင့်မှထားရမှာမှန်း သူမ မသိသေးဘူး။ တိုင်ပတ်ပါပြီ။

''မဟုတ်ဘူး သက်ဝေ ... မောင်က တိကျချင်လို့''

''သေလိုက် ... သွားသေလိုက် လေင်း၊ တိကျချင်ရင် ရှင့်အမေနာမည် ထည့်အော်ပါလား။ အခုတော့ ဟင် ... စဉ်းစားကြည့်စမ်း ... ရပ်ကွက်ထဲကတစ်ယောက် ရုံထဲရောက်နေရင် ရှင်နဲ့ကျွန်မ နိုးထုပ်နိုးထည်ကြီး လုမိတော့မှာပေါ့''

''ဟာ ... ဟုတ်ပါရဲ့''

သူမ,ပြောတော့မှ လင်းဝဏ္ဏ စဉ်းစားမိသည်။ သူမကတော့ ဒေါသကြောင့် အသံတဆတ်ဆတ် တုန်ရုံမက အသားတဆတ်ဆတ်ပင် တုန်နေချေပြီ။ အစကတည်းက မကြည့်မိခဲ့ရင် အကောင်းသား ရုပ်ရှင်ရယ်၊ အခုတော့ ...

''ရှင့်မှာ ဦးနှောက်မရှိဘူးလား ... ရှင့်ခေါင်းကြီးက မစဉ်းစားဘူးလား''

''ပုခွဲ ... မောင် ... မောင် ဖိနပ်တွေ့လိုဇောနဲ့ လောသွားမိတယ်''



www.burmeseclassic.com

www.burmeseclassic.com



သူမ ခံပြင်း ဒေါသဖြစ်ကာ တန်းနန်းနဲ့ ဟိုဘက်လှည့်သွားတယ်။ သွားပြီ။ သူ့ကို အဲဖက်မလှပ်တော့ဘူး။ အချစ်ဆီ အမုန်းမလာပေမယ့် ... ဥပေက္ခာက ကြားဝင်နေရာယူသွားသည်။

"မောင် တောင်းပန်ပါတယ် သက်ဝေရယ်"

ဒါပဲ။ သူမ ဘာမှ မတုံ့ပြန်တော့ဘူး၊ ရုပ်ရှင်ကြည့်ရတာလည်း အရသာမရှိတော့ဘူး၊ ဒီ ဖိနပ်လုပ်လိုက်တာ ဖိလင်ပျက်ပြီ။ မောင်ဆိုတဲ့ တီတာခွန်းနဲ့ ချစ်ခွန်းဖွဲ့သံလေး မနေ့က ဗီရိုအံဆွဲထဲမှာ ကျန်ခဲ့ပြီ။ စိတ်ကူးယဉ်မင်းသားမင်းသမီးတွေလည်း လူဆိုးတွေလိုက်လို့ ပြေးသွားပြီ၊ ရုပ်ရှင်မပြီးသေးခင် ရုံထဲမှထွက်လို့ရချိန်မှာ နာရီကိုကြည့်ပြီး ခြေဆောင့်၍ သူမ ထွက်သွားသည်။ သူ နောက်ကလိုက်ချော့ဖို့ ကြိုးစားသည်။

"သက်ဝေ ... နေဦးလေ ... မောင် လိုက်ပို့မှာပါ၊ အချိန် ရပါတယ်"

"မလိုက်နဲ့ ... အဲဒီမှာပဲနေခဲ့"

"လိုက်ပို့ပါရစေ ... သက်ဝေကို မောင် စိတ်မချ ..."

သူ့စကားပင် မဆုံးသေး ... သူမက ဖြတ်ပြောချတော့သည်။

"လျှာမရှည်နဲ့ ... နေဆိုရင် နေခဲ့လိုက်၊ ပါးစပ်ပါတယ်၊ ခြေထောက်ပါတယ်၊ အမေမွေးကတည်းက ကိုယ့်အိမ်ကိုယ်ပြန်တတ်တယ်"

"ဟုတ်"

သွားပါပြီ ... အချစ်ဖိလင်လေးတွေ။ ညနေကို လေးလံသောရင်၊ ဟာနေတဲ့ အဖော်မဲ့လက်နဲ့ အိမ်ပြန်ရတော့မည်။ လမ်းထိပ်အထိတောင်မှ သွေးဆာနေတဲ့ အချစ်ရဲ့လက်တစ်စုံကို ဆန္ဒမဖြည့်ဆည်းနိုင်တော့ဘူး။

"မောင် တောင်းပန်ပါတယ် ... စိတ်မဆိုးပါနဲ့၊ လိုက်ပို့မယ်ကွာ"

ဖွတ်တရွတ်ဆန်ဆန် သူ့ကို အသနားခံကြည့်လိုက်တော့ သူမက ဆူဆူဆောင့်ဆောင့် ပြန်အော်တယ်။ အပြင်က ရုပ်ရှင်က ပွဲကြမ်းနေပြီလို့ ရုပ်ရှင်ကြည့်တဲ့လူတွေ ထင်ကုန်လောက်အောင်ပါပဲ။

"နေဆိုရင် နေခဲ့လိုက်စမ်း ... ရှင် ဖိနပ်မပါတဲ့ ခြေဗလာကြီးနဲ့





ကျွန်မကို တစ်လမ်းလုံး ထပ်အရှက်ခွဲဦးမလို့လား"

ဖိနပ်မပါ ခြေဗလာကောင်နဲ့ တွဲလျှောက်တော့ ချစ်သူ သိက္ခာကျတာပေါ့။ အေးပေါ့လေ ... သူ ဝမ်းနည်းဆို့နစ်စွာ ငေးရပ်ရင်း ကျန်နေခဲ့ပါသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

အဲဒီလိုနဲ့ အမြဲတမ်း ပျာယီးပျာယာ ပူလောင်ခတ်နေတဲ့ လင်းဝဏ္ဏ ဟာ ဗီရိုတံခါးကို ဖွင့်ပြီးပြန်ပိတ်၊ ပိတ်ပြီးပြန်ဖွင့်၊ ဖွင့်မိပိတ်မိမှန်း ရေရေရာရာမသိ ဖြစ်နေဆဲ ...။ ခာတ်ကြိုးတန်းပေါ်မှာ နားပြီး စောင့်နေတဲ့ ကျိုးကန်းရဲ့အောက်တည့်တည့်ကလည်း ဖြတ်လျှောက်မိဆဲ။ Aircon Bus နဲ့ ဆေဝူးဘာတ်စ်၊ ဒိုင်နာနဲ့ ချက်ဗလက် မှားယွင်းစီးမိဆဲ၊ လွဲချော်ဆဲ၊ နောက်ကျဆဲ၊ မှားယွင်းနေဆဲပင်။

အဲဒီညှဉ့်ဆိုးကလေးရှိတာ တစ်ခုပါပဲ။ နည်းများ နည်းသွားလား။ တစ်ခုနဲ့တင် လုံလောက်လှပါရဲ့။ ရိုးသားတဲ့ မျက်ဝန်း၊ အလေးအနက်ထား ခံ့မင်တတ်တဲ့စိတ်၊ တန်ဖိုးထား အလေးပေးမှုတွေကျတော့ တခြားယောကျ်ားတွေလို မဟုတ်။ အတော်များများက သူမအပေါ် မရိုးမသား ချဉ်းကပ်ကြသည်။ အလေးအနက်ထား ခံ့မင်ဟန်ဆောင်သည်၊ တန်ဖိုးမထား။ အလေးပေးမလိုနှင့် အရည်အချင်း မပြည့်မီကြတော့ပေ။ ဒီတော့ကာ လင်းဝဏ္ဏကိုသာ ယုံယုံကြည်ကြည် လက်ခံနေမိသည်။

အခုမှ ဖြစ်လာတာလည်း မဟုတ်ပါဘူး။ သူတို့ဇာတ်လမ်းက ချစ်သူတွေ ဖြစ်စကတည်းက စိတ်ဆိုးအောင် ထပ်လုပ်လိုက်၊ ကျေနပ်အောင် လိုက်ချော့လိုက်ပင်၊ ကောက်လိုက် ဖြောင့်လိုက်နှင့် အကြောကောက်နေသော





စိတ်ကောက်နတ်သမီးကို သူက လိုက်ပြီးဖြောင့်ကာ ချော့မော့ပြေပြစ်စေသည်။ သူက ပျော်တော်ဆက် အပြုံးပြေဆေးတစ်ခွက်အဖြစ် အချစ်ရှေ့မှာ အဆင်သင့် ရပ်လေ့ရှိသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

တူမောင်နှံ့ လည်ချင်းယှက်ကာ ငန်းဖိုနဲ့ငန်းမက ကန်တော်ကြီး ကန်ထဲ ပြိုင်တူကူးခတ်နေသည်။ အားကျစေးမော နှစ်လိုဖွယ်ရာ ချစ်သူ မောင်နှံ့တွေ၊ မောင်နှံ့တွေဆို . . . ဗိုလ်ချုပ်ပန်းခြံထဲမှာလည်း အတွဲတွေ၊ သစ်ပင်အရိပ်အတွက်ထက် ပိုများတယ်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ဖို့ထက် လူသားမျိုးနွယ်ထိန်းသိမ်းဖို့ ကြိုးစားနေရော့သလား အောက်မေ့ရ တယ်၊ ဒီအထဲမှာ ခေတ်နောက်မကျကြေး သူတို့နှစ်ယောက်လည်း ပါတာပေါ့။ နောက်ကျတဲ့ခြေထောက် သစ္စာဖောက်ဆိုတဲ့ ခပ်ညံ့ညံ့အက်ရှင်ကားထဲက စကားအတိုင်း ချစ်သူစုံတွဲနှစ်ယောက်သား ပန်းခြံထဲ လျှောက်လည်မိကြ တယ်၊ အိမ်ပြန်လို့ အမေက "ဘယ်သွားနေလဲ မောင်လင်းဝဏ္ဏ" ဟု မေး လာလျှင် "ဗိုလ်ချုပ်ပန်းခြံ သွားငမ်းပြန်" ဟု ဖြေရုံပင်။ ထိုနည်းလည်းကောင်း "ဘယ်ကလာလဲ မိုးသက်ဝေ" ဟု အမေးကို "ကန်တော်တစ်ပတ် ယောက်မ မြင်းစီးထွက်""ဟု ဖြေရုံပင်။ မနိမ့်ပေဘူးလား၊ လက်ချင်းချိတ်လို့ ပျော်တပြုံး ပြုံး ကြည်နူးကာ လျှောက်လာမိသည်။ တွေရာလေးပါး စပ်မိစပ်ရာပြောရင်း ချိုလွင်ရှင်းသန့်နေကြပါသည်။ အာဃာတမပါ၊ အမုန်းတရား၊ အငြိုးအတေး ဟန်ဆောင်မျိုသိပ်ခြင်း အလျဉ်းမရှိသော ပျော်စရာနေ့ကလေးပင်။

ဒီလိုနဲ့ လူသူကင်းရှင်း အနှောင့်အယှက်ဝေးရာ ရှာမရဘဲ လျှောက်





လာခဲ့ကြရာ ကြောင်လိမ်လှေကားကြီးတစ်ခုဆီ ရောက်လာပါလေရော။ ကြောင်လိမ်လှေကားမှ တကယ့်ကို ကွေ့လိမ့်ပတ်ခွေထားသော တက်ချင် စဖွယ် လှေကားကြီးပင်။ အကွေ့အကောက်နှင့် ထိပ်ဖျားဆီသို့ တစ်ထစ်ချင်း မြင့်တက်သွားသည်။ သစ်ပင်ကြီးတစ်ပင်ကို လိမ်ပတ်ကာ ဆောက်လုပ် ထားခြင်း ဖြစ်သည်။ ကြောင်လိမ်လှေကားဆိုတာ ရုပ်ရှင်တွေထဲမှာပဲ မြင်ဖူး တာ . . . အခုမှ တွေ့ရတော့ နှစ်ယောက်သား အထူးအဆန်းဖြစ်ပြီး ကြည့် မိကြတယ်။ အပေါ်ကို ပြေးတက်ချင်စိတ်တွေလည်း မရိုးမရွ ပေါ်လာလို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြုံးမိကြသေးတယ်။ အပင်ကြီးက တော့ သစ်ဆိမ့်ပင်လိုလို၊ သစ်ပုပ်ပင်လိုလို ဘာလိုလိုကြီးပဲ။ လှေကားရင်းမှာ ဘာမှမတွေ့ဘူး။ ဝင်ကြေးပေးရတာ ဘာဘာညာညာလည်း မရှိဘူး။ ကွက် စတိပဲ။ ခေါင်းဆတ်ပြီး မျက်ခုံးပင့်ပြလိုက်တော့ သူမကလည်း ပြုံးလဲ့ပြီး သူ့အမူအရာအတိုင်း ပြန်လုပ်ပြတယ်။ (လှေကားရင်း အဝင်အဝမှာ ခေါက် နေတဲ့ သံသွပ်ပြားကလွဲပြီး ဘာမှမရှိဘူး။) နှစ်ယောက်သား တိုင်ပင်မထားဘဲ သွက်လက်သောခြေလှမ်းများဖြင့် ပြိုင်တူ တက်လှမ်းလိုက်ကြသည်။ တူမောင် မယ် လက်ချင်းတွဲမပျက် နွယ်ယှက်လျက် ပေါ့ပါးလွတ်လပ်စွာ လှမ်းတက်ခဲ့ ကြသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

ချစ်သူနဲ့အတူ တက်လှမ်းရမယ်ဆို . . . ဝေရက်တောင်ထိပ် ဖြစ်ပါစေ၊ မိုးထိမြင့်အောင်ထောင်ထားတဲ့လှေကားပင်ဖြစ်ပါစေ . . . တက်လှမ်းရဲတာပေါ့။ ပုပ္ပါး၊ စစ်ကိုင်း၊ မန္တလေးနဲ့ ကျိုက်ထီးရိုးတောင်တွေကတော့ ကားနဲ့ပဲ တက်ချင်မှာပါ။ ချစ်သူဘေးနားမှာရှိလည်း ခြေထောက်အညောင်းပြေတာမှ မဟုတ်ဘဲ။ ပြီးတော့ သူက ကိုးရိုးယားကားထဲကလို ကုန်းပိုးပြီး ခေါ်မှာမှ မဟုတ်ဘဲ။ လွတ်လပ်ငြိမ်းမြရာ အချစ်မျှော်စင်လေးမှီသာ တက်လာခဲ့ကြရတာ။ လှေကားတွေ တကျိုကျိုမြည်လို့ တနွဲ့နွဲ့ယမ်းလို့၊ သစ်ပင်ကြီးရဲ့ ကိုင်းသုံးကိုင်း ခွဲဖြာထွက်တဲ့ ခွစုံမှာ မျှော်စင်ကို တင်ထားတယ်။ မျှော်စင်ကလည်း ခနော်ခနီ၊ ခနော်ခနဲ့ပင်။ ပျဉ်ချပ်တချို့ လစ်ဟာပြီး တချို့ ဆွေးမြည့်ထက်ဝက်ကျိုးနေပြီ။ သိပ်ကျွမ်းကျင်တဲ့ လူယောက်ျားနဲ့ လူမိန်းမဟာ ဒီပေါ်ကနေ အနာဂတ်ကို ရှက်လှင့်ဖို့ အထာနပ်ပြီးသားပဲ။ ကြီးမားတဲ့သစ်ကိုင်းရဲ့ ကိုယ်ထည်ကြီးတွေမှာ ဓားနဲ့ခြစ်ပြီး စာတွေရေးထားကြတယ်၊ တချို့လည်း ပျဉ်ချပ်တွေပေါ်မှာ (Correction Pen)နဲ့ အမှတ်တရ ရေးထားတာ တွေ့ရသည်။

'အကာနဲ့အနှစ် မမြင်ကွယ်ရာမှာ ဉနေခဲ့သည်'

'ကိုစိုးမိုး + မဘောဘီ (သဘောတူရင် လက်ခုပ်တီး)'

'မနဲလေးကို လွမ်းနေမယ်နော်။ ကိုကြီးကျော်'

လင်းရောင်ခြည်စာပေ



စာတွေလျှောက်ဖတ်ပြီး တခွိခွိ ရယ်ရသေးသည်။

'မောင်နဲ့မ မျှော်စင်ပေါ်မှာ သန္တေတည်လို့'

ဘာလဲဟ . . .။ အောက်မှာရေးထားတာ ဖတ်မိမှာပဲ အသက်ရှူချောင်ရတော့သည်။

'ထာဝရ ချစ်သူတွေအဖြစ် စတင်ခဲ့သည်' . . . တဲ့။ ကတ်သီးကတ်သတ်ဟာတွေ။

'တွီ တွီ . . တွီ တွီ တွီ . . တွီ တွီ'

ရုတ်တရက် ခရာသံကြားလိုက်ရသဖြင့် မျှော်စင်ပေါ်မှ အောက်ကို ငုံ့ကြည့်လိုက်သည်။ အပြာဝတ်ယူနီဖောင်းနှင့် ပန်းခြံဝန်ထမ်းတစ်ယောက်။

"ညီလေးတို့ . . . အောက်ကို ပြန်ဆင်းခဲ့ပါ"

"ဟာ . . . အစ်ကိုကြီး . . . ကျွန်တော်တို့ အခုမှ စတက်တာ . . . ညနေမှ ပြန်ဆင်းမယ်လေ၊ အဆင်ပြေရင် ဒီပေါ်မှာပဲ နေမယ် . . . မဆင်းတော့ဘူး"

"ဟုတ်တယ် အစ်ကိုကြီး . . . ကျွန်မတို့ အိမ်လခပေးစရာ မရှိလို့ ဒီအပေါ်မှာပဲ တစ်သက်လုံးနေမယ် ဆုံးဖြတ်ထားတယ်"

တစ်ယောက်တစ်ခွန်းဆိုသလို ရှေ့သွားနောက်လိုက်ညီညီ ပန်းခြံဝန်ထမ်းကို လှမ်းနောက်မိကြသည်၊ ဝန်ထမ်းအစ်ကိုကြီး ပြုံးဖြီးဖြီးနဲ့ အကျပ်ရိုက်ကာ ခေါင်းကုတ်ပါတော့သည်။

"ညီလေးနဲ့ ညီမလေး . . . အခုချက်ချင်း ဆင်းပါ . . . မဆင်းရင်ရဲ ခေါ်ရလိမ့်မယ်၊ ပြီးတော့ ဒီအပေါ်ကို တက်ခွင့်မရှိဘူး"

"ဟင် . . . ဟုတ်လား၊ ဘာဖြစ်လို့လဲ . . . ဒါက Air Force One မို့လား"

"မဟုတ်ဘူး . . . ဒါက သက်တမ်းလွန်မျှော်စင် . . . အသက်အန္တရာယ် ရှိတယ်"

"ဗုဒ္ဓေါ"

အထိတ်တလန့် ရေရွတ်မိသည်။ ဒုက္ခနဲ့လုလု ချိန်းတွေ့ပြီပြန်ပြီ

www.burmeseclassic.com

www.burmeseclassic.com



ထင်ပါရဲ့။ တက်တုန်းက မဆင်မခြင်၊ မစူးမစမ်းဘဲ တက်လာခဲ့ပြီ။ ယခုမှ ရင်တုန်ပန်းတုန်ရုံမက . . . နှလုံးတုန် ဒူးတုန်လာသည်။ စပ်စပ်ဆော့ဆော့ ခြေရှည်မိတာကိုက သူတို့အမှားပင်။

"အစ်ကိုကြီးတို့ကလည်း သက်တမ်းလွန်လည်းဆိုသေး သတိပေး ဆိုင်းဘုတ်လည်း တပ်မထားဘူး။ ကျွန်တော်တို့က ဘယ်သိမှာလဲ"

"အင်း . . . အဲ . . . ဒီမှာလေကွာ"

"ဘယ်မှာလဲ"

"လာကြ . . . အောက်ကို ပြန်ဆင်းပြီး လာကြည့်ချေတော့"

နှစ်ယောက်သား ကြောက်စိတ်နဲ့ မြန်မြန်လွတ်ကျွတ်အောင် ဆင်း လိုက်ကြသည်။ လှေကားက တကျွိကျွိမြည်ကာ ယမ်းနေသည်၊ တဂျွတ်ဂျွတ် မြောင်းဖို့သာ ကျန်တော့သည်။

"ဟာ . . . ဟေ့ . . . ညီလေးတို့ . . . ဖြည်းဖြည်းဆင်း၊ လှေကား ကျိုးရင် ဟျော့မကောင်းကြားမကောင်း ဖြစ်ဦးမယ်"

"အယ်"

"ဟောတော်"

နှစ်ယောက်သား ခြေလှမ်းများရပ်ကာ တစ်ယောက်မျက်နှာ တစ် ယောက် ကြည့်မိကြသည်။ ငုံချင်လျက်လက်တို့သလို ဖြစ်နေပြီ။ ကျိုးချင် လွန်းလို့ဆိုတဲ့ လှေကားပေါ် သူတို့ ခပ်သွက်သွက် မပြေးရုံတမယ် ဆင်းမိခြင်း ပင်။ နှစ်ယောက်သား ဆင်ခြင်ကာ တစ်လှမ်းချင်း ဖော့၍ အသက်အောက် ဆင်းကြသည်။ လှေကားခြေရင်းရောက်တော့ ပန်းခြံဝန်ထမ်းက ခေါက်နေတဲ့ သံသွပ်ပြားကို ဖြန့်နေသည်။ လှေကားအဝင်ဘေးတွင် ရေးထားသော သံ သွပ်ပြားပေါ်မှ သတိပေးတားမြစ်ချက်ကို အခန့်သားတွေ့ရသည်။ သူတို့တက် လာတုန်းက ခေါက်ထားသဖြင့် မတွေ့မိခဲ့ခြင်းပင်။ သူတို့က မဆင်မခြင် လက်လွတ်စပယ် တက်လာမိခဲ့သည်။ သွပ်ပြားကိုလည်း ဘယ်သကောင့် သား မျောက်မသားက လက်ဆော့ကာ ခေါက်သွားမှန်းမသိပေ။ ခေါက်စရာ ရှားလို့ . . . သူ့ရည်းစားဓာတ်ပုံကို သူပြန်မခေါက်ဘူး။ လောက်မသားက





သတိပေးဆိုင်းဘုတ်ကို ခေါက်ပြီး နောက်ပြောင်သွားခဲ့သည်။ ဆိုင်းဘုတ်မှာ ရေးထားသည်ကို နှစ်ယောက်သား ပြိုင်တူဆိုသလိုပင် အသံထွက် ရွတ်ဖတ် လိုက်ကြသည်။

"သတိ"

မျှော်စင်ပေါ် မတက်ရန် တားမြစ်သည်။

တက်ရောက်သည်ကို တွေ့ရှိပါက ဒဏ်ငွေ (၅၀၀) ကျပ်

"ဟာ . . . ဒုတ်ခွပဲ"

သူ အသံထွက်ရေရွတ်မိသည်။ မိုးသက်ဝေကာ ပါးစပ်အဟောင်း သားဖြင့် ကြက်သေသေကာ ကြောင်ငေးရပ်ကြည့်နေသည်။ ဝန်ထမ်းအစ်ကို ကြီးက ဘယ့်နှယ့်ရှိစဆိုသည့်သဘောဖြင့် မျက်ခုံးပင့်ပြသည်။

"ကျွန်တော်တက်တုန်းက အဲဒါမတွေ့ဘူး"

"ထင်သာ,မြင်သာအောင် ရေးထား,ထောင်ထားတာပဲ"

"ဟုတ်တယ် . . . ဒါပေမဲ့ အဲဒါကြီး မရှိသေးဘူး"

"ညီလေးတို့ . . . အစ်ကိုကြီး ဝန်ထမ်းသက် (၃၀) ပြည့်တော့မယ်၊ ဒါမျိုးတွေက ရိုးနေပြီ . . . အန်တိုနေပြီကွာ"

"အစ်ကိုကြီးနာမည်က အန်ထော်နီလား။ ကျွန်တော့်အဒေါ်နာမည် ကလည်း အန်သိုနီပဲလေ၊ ဟဲ ဟဲ . . . ကျွန်တော်တို့ချင်း နီးစပ်ပြီးသားပဲ"

ပြုံးဖြီးဖြီးနဲ့ လေပြေထိုးကာ ဆွေမျိုးစပ်ကြည့်သည် . . .။ မရပါ။

"အီစီကလီလုပ်မယ် မကြံနဲ့ . . . ဒါမျိုးတွေ တောမှာသွားပြော၊ လူငယ်တွေအကြောင်း တစေ့တစောင်း လေ့လာထားပြီးသား၊ မင်းတို့ ဆိုင်း ဘုတ်ကိုခေါက်ပြီး အပေါ်တက်တယ်၊ ဌါညီတို့ . . . ဒီတော့ ရှုံးလိုက်ခဲ့"

ပြောလေ ကဲလေ၊ မန်းလေ ပြဲလေ ဖြစ်နေပါပြီ။ ရှင်းလေ ရှုပ်လေပဲ။ မိုးသက်ဝေကာ ဆွေ့ဆွေ့ခုန်ကာ ဒေါပွနေပြီ။ လင်းဝဏ္ဏ တအင်းအင်း တအဲအဲဖြင့် ဟိုကုတ်လိုက် ဒီကုတ်လိုက်လုပ်ကာ ရှင်းရခက်နေသည်။

"တကယ်ပြောတာ . . . မတက်ခင်ကတည်းက ခေါက်နေလို့ မမြင် မတွေ့ခဲ့ရဘူး၊ ကျွန်တော်တို့အချစ် ရိုးသားသလို စိတ်တွေလည်း ရိုးသားပါ



www.burmeseclassic.com

www.burmeseclassic.com



တယ် အစ်ကိုကြီးရာ၊ ရုံးခေါ်ပြီး လက်ဖက်ရည်တိုက်၊ ဂုဏ်ပြုစရာ မလိုပါဘူး ...ဟဲ ဟဲ''

''တော် တိတ် ... ညီလေးနဲ့ ညီမလေး၊ မင်းတို့ကို ဒဏ်ငွေပဲ ဆောင်ခိုင်းမှာပါ၊ အသာတကြည် လိုက်ခဲ့ကြ၊ ဆိုင်းဘုတ်ချပ်ပြားခေါက်တာပါ ပေါင်းလိုက်ရင် အမှုက ပိုကြီးသွားမယ်နော်၊ အစ်ကိုကြီး သဘောကောင်းတာကို အခွင့်အရေးမယူချင်နဲ့ ... စိတ်မတိုခင် လိုက်ခဲ့ကြ''

''ဟာ ... ဟုတ်ကဲ့ပါ အစ်ကိုကြီးရယ် ... လိုက်ခဲ့ပါ့မယ်၊ ဆောင်ပါ့မယ် ... အီး''

လင်းဝဏ္ဏက ငိုချင်စိတ်ပင် ပေါက်သွားရလေသည်။ သူမကတော့ ရှက်စိတ်ကြောင့် ပျာပျာသလဲထိတ်လန့်ကာ မျက်ရည်ကျနေလေပြီ၊ သူတို့၏ အငြင်းအခုံ ချောက်ကျပုံကို ဖြတ်သွားဖြတ်လာတွေ ကြည့်ကာ လှောင်သလို ရယ်သလို လုပ်သွားကြသည်။ ကွက်ကြည့်သူက ကြည့်ကာ စပ်စုကြသည်။ အထူးအဆန်းသတ္တဝါနှစ်ကောင် ဖြစ်မှန်းမသိ ဖြစ်လို့ပင်နေသည်။

မျှော်စင်ပေါ်တက်ပြီး ကြည်နူးရမလား မှတ်တယ် ... အခုတော့ မိုးသက်ဝေရေ ... P2 ဂိမ်းကစားရသလို ရူးသွပ်ချာလည်လို့ ဒဏ်ငွေဆောင်ရပါချေကော၊ ဒုက္ခကို (Colour Blind) လုပ်လိုက်တာ တင့်တင့်ထွန်းမဟုတ်သော မိုးသက်ဝေက ဒွေးမဟုတ်သော လင်းဝဏ္ဏကို လက်ညှိုးငေါက်ငေါက်ထိုးပြီး အပြစ်တင်လေတော့သည်။

''ရှင့်ကြောင့် ... အဲဒါ ရှင့်ကြောင့်''

''ဟာ ... ဒုက္ခပါပဲ၊ မောင် ဒီလိုမှန်းမသိလို့ တက်ခဲ့မိတာပါ''

''ရော့ ... ဒီမှာ ငွေခုနစ်ရာ၊ သိပ်ရှက်တယ် ... ကျွန်မ သိပ်ရှက်တယ် လင်းဝဏ္ဏ၊ ရှင့်ကို ရည်းစားလုပ်ရတာ သိပ်ရှက်ဖို့ကောင်းတာပဲ၊ လုပ်လိုက်ရင် ပျာတာတာနဲ့ တလွဲတွေချည်းပဲ၊ ဘာမှ တိကျသေချာတာ မရှိဘူး ... မသပ်မရပ်ချည်းပဲ''

''ဘာ ... မောင်တို့အတူတူ စိတ်တူသဘောတူတက်ခဲ့ကြတာလေ''

''ရှင် ဦးမဆောင်ရင် ကျွန်မက မတက်ဘူး၊ ရှင်က တလွဲတွေချည်း





ပဲ၊ ဦးဆောင်မှုကောင်းတဲ့ ယောက်ျားမဟုတ်ဘူး ရှင်က သူရဲကောင်း မဟုတ်ဘူး ... ရှင်က သူရဲပေါ ... သိလား''

ပြောရက်လိုက်တာ သက်ဝေရယ်၊ သက်ဝေကို သိပ်ချစ်တဲ့ မောင့်ကိုမှ သူရဲပေါတဲ့လား။ ရက်စက်လိုက်တာ၊ သက်ဝေ ရက်ရမ်းရမ်းပြီး ထူမှန်ကာ ပြုမူပုံက အပြစ်တွေအားလုံး သူ့အပေါ် ပုံကျရရှာပြီ။

''ဒဏ်ငွေကို ရှင်ပဲ သွားဆောင်လိုက် ... ကျွန်မ အိမ်ပြန်မယ်၊ သိပ်စိတ်ပျက်တာပဲ၊ နောက်တစ်ခါ ကျွန်မကို ပန်းခြံသွားဖို့ ဘယ်တော့မှ လာခွင့်မတောင်းနဲ့၊ အို ... ကုန်ကုန်ပြောလိုက်မယ် ... အစကို လာမဖော်နဲ့''

စကားကို အပြတ်ပြောပြီး သူမ လှည့်ထွက်သွားလေပြီ၊ ပါးပြင်မှာ မျက်ရည်တွေစိုစွတ်နေတဲ့ သူမကိုလည်း လင်းဝဏ္ဏ သနားမိသည်။ ဖြစ်ပုံက ကိုယ့်ကိုယ်ကိုယ်လည်း ပြန်မကယ်နိုင်တဲ့ အနေအထား။ သူ့လက်မောင်းကို ပန်းခြံဝန်ထမ်းက ဆွဲကိုင်ထားသည်။ ကိုင်ပါစေ၊ ထားပါစေ၊ သူမလည်း စိတ်ဆိုးပါစေ၊ ဒေါသဖြစ်ပါစေ၊ တစ်ကမ္ဘာလုံးမှာ သူမ မှုပိုင်စိတ်ဆိုး ဒေါသထွက်စရာ ကြိုးဆွဲရုပ်ဟာ သူတစ်ယောက်ပဲ ရှိတာမဟုတ်လား။ အခုတော့ ပန်းခြံကြီးဟာ ကြည်နူးသာယာခြင်းတွေကို သူ့အတွက် စည်းခြားပေးခဲ့ပြီ။ မျက်လှည့်ဆန်လိုက်တာ သိပ်စိတ်နာဖို့ ကောင်းတာပဲ၊ ဟိုအတွဲတွေကလည်း ဘုဘုချုံး တစ်ကြောသွားတာ၊ မနာလိုစရာကောင်းလိုက်တာ၊ ကိုယ့်အလှည့်ကျမှ ဖြစ်ရတယ်လို့၊ ''အချစ်လေ့ကားဆိုတဲ့ ဝေါဟာရတွေ တစ်လုံးတစ်ပါဒမျှ မကြားလို မမြင်လိုပေ'' လင်းဝဏ္ဏသည် သူမထံပါး၌ ပန်းခြံသို့သွား၍ အီစီကလီလုပ်ရန် အခွင့်အရေးတစ်ရပ် ပိတ်ပင်တားမြစ်ခြင်း ခံရလေတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

ကြားသားမိုးကြိုးရာသီဥတုက သူ့ဘက် ပြန်ပါလာသည်။ ဘောလုံးသမားတွေအကြိုက် ဆိုပါတော့။ နှစ်ပတ်တိတိ မခေါ်မပြောဘဲ ပစ်ထားသော ချစ်သူသက်ဝေထံမှ ဖုန်းအဆက်အသွယ် ပြန်ရသည်။ သူမက 'မောင်'တွေ ဘာတွေ ခေါ်လို့ သူကလည်း 'ဖျောင်' တွေ ဗျာတွေ ထူးလို့ပါပဲ။

"မောင် ... သက်ဝေကို တစ်ခုလောက် ကူညီဦး"

"ဘာလဲ ... ပြော၊ သက်ဝေအတွက်ဆို မောင်က အဆင်သင့်ပဲ"

"ဟိုလေ ... သက်ဝေ အတွင်းခံဘောင်းဘီတစ်ထည် ဝယ်ချင်လို့ ... အဲဒါ တစ်ထည်လောက် ဝယ်ပေးစမ်းပါ"

"ဟာ ... ရတယ် ... အခုချက်ချင်း ဝယ်လာခဲ့မယ်နော်"

"အို ... နေဦးလေ ... ဘောင်းဘီ (Size) တွေ ဘာတွေ မှတ်လိုက်ဦး။ စိန်ဂေဟာမှာ သက်ဝေသွားရင် မိန်းကလေးဆိုတော့ မသင့်တော်ဘူး၊ ပြီးတော့ ရှက်စရာကြီးလေ ... သိတယ်မို့လား"

"သိတယ် သိတယ် ... ပေါက်တယ်၊ စိတ်ချ ... မောင် ဝယ်လာခဲ့မယ်"

"အင်း ... Size ကလည်း မောင်နဲ့ အတူတူလောက်ပါပဲ"

"ရတယ် ... မှတ်မိတယ် ... မောင် မုန်းပြီးဝယ်လိုက်မယ်"





စကားလောကွတ်တွေချော့ပြီး ချစ်သူဘက်တော်သား ဖြစ်ချင်နေတာ၊ အရမ်းမာန်တက်နေတာ၊ တက်ကြွတဲ့ ကြက်ဖကြီး တွန်ကျူးနေတာ။ လုပ်လက်စအလုပ်တွေ ခဏရပ်ထားပြီး သွားဝယ်ပေးလိုက်တယ်။ ဒီနည်းနဲ့ ချစ်သူရဲ့အပြုံး၊ ကြည်မွေ့ခြင်းကို ပြန်လည်လက်ခံရရှိခဲ့ပါတယ်။ အားတက်သရော နှစ်ထောင်းအားရ ဖြတ်သန်းသော ဦးဆောင်မှုကို ချစ်သူကလည်း ကျေနပ်နှစ်သက်နိုင်မှာ အသေအချာပဲမို့လား ...။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

ဒီလို လွယ်လွယ်နဲ့ ပြီးရိုးထုံးစံ ဘယ်ရှိလိမ့်မလဲ။ ခလုတ်ကန်သင်း၊ အဖုအထစ်၊ အလွဲအချော်ကတော့ ရှိစမြဲမဟုတ်လား။ အချစ်ဟာ အကောက်တစ်ထောင် အကွေ့တစ်သောင်းပါတဲ့ လမ်းပေါ်က ကားလေးပဲ။

ကင်န်တင်းမှာ တွေ့ကြတော့ သက်ဝေ အကြီးအကျယ် ပေါက်ကွဲပါလေရော။ သက်ဝေရဲ့ ဒေါသသံမပါဝင်တဲ့နေ့ဟာ အချစ်နာဖျားနေတဲ့ နေ့ပဲ။

"လင်းဝဏ္ဏ ... ရှင် ... ရှင် ... ကျွန်မကို လုပ်လိုက်ပြန်ပြီလား"

"ဟမ် ... ဘာလဲ သက်ဝေ ... မောင် သက်ဝေကို လက်ဖျားနဲ့တောင် မတို့ရသေးဘူးလေ၊ မောင်က ယင်ဖို့,ယင်မ ရုပ်သွင်လည်း ဟန်မဆောင်ဘတ်ပါဘူး"

"အဲဒါပြောတာ မဟုတ်ဘူး ... ဘောင်းဘီ"

"ဘောင်းဘီ ... ဘောင်းဘီ ဘာဖြစ်လို့လဲ"

ဘောင်းဘီဆိုမှ မျက်ကလူးဆန်ပျာဖြစ်ကာ သူပြန်မေးမိသည်။ မနေ့က ဘောင်းဘီတစ်ထည် သူ ဝယ်ပေးခဲ့ရသည် မဟုတ်လား။

"ဘာဖြစ်ရမှာလဲ ... ရှင် ရွဲ့တာ မဟုတ်လား၊ ရှင် ကျွန်မကို ငရဲကြီးအောင်, ကံကြီးထိုက်အောင် လုပ်လိုက်တာလား"

"ဘာလဲ ... ဘာတွေလဲ ... မောင် ဘာမှ နားမလည်တော့ဘူး"





"အခုမှ အရူးကွက်နင်းမနေနဲ့ ... ဒါ သက်သက်မဲ့ ရှင် ကျွန်မကို အရှက်ကွဲအောင် ချောက်ချတာပဲ၊ ကျွန်မနဲ့ ဗစ်တာတင်ညို့ကြားမှာ အခင်အမင် အဆက်အဆံပျက်အောင် လုပ်တာမို့လား"

"ဟာ ... မဟုတ်ဘူး ... အဲလို မဟုတ်ဘူး"

"ဘာမဟုတ်ရမှာလဲ ... မုန်လာဥ မလုပ်နဲ့"

တိုင်ပုတ်ကုန်ပါပြီ၊ ဗစ်တာတင်ညို့ဆိုတာ သူတို့မေဂျာက ခပ်ချောချော ခပ်နွဲ့နွဲ့ တစ်ယောက်။ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်။ ပြီးတော့ (Hip Hop) သီချင်းတစ်ခွေထွက်ပြီး နာမည်ကြီးနေတဲ့ ငနဲလေ။

"နေပါဦး ... ဘောင်းဘီနဲ့ ဗစ်တာတင်ညို့နဲ့ ဘာဆိုင်လဲ"

"ဆိုင်တာပေါ့၊ ရှင် သဝန်တိုတာ, ရှင်သဘောထားသေးသိမ်တာလေ၊ ဗတာစ်တာ ... အဲ ... ဗစ်တာနဲ့ ကျွန်မကို အခင်အမင်ပျက်အောင် လုပ်တာ၊ သူ့အတွက် မွေးနေ့လက်ဆောင်ပေးတဲ့ ဘောင်းဘီကြောင့်ပဲ"

"ဘာရယ် ... ဘောင်းဘီက သူ့အတွက် ... ဟုတ်လား"

"ဟုတ်တယ်လေ၊ ဘောင်းဘီက သူ့အတွက် ရည်ရွယ်ပြီး ရှင့်ကို ဝယ်ခိုင်းတာ၊ အခု ကြည့်ဦး ... ဒါကြီးက မိန်းမဝတ်ကြီး"

"ဟာ ... သွားပြီ ဘောင်းဘီက သက်ဝေဝတ်ဖို့ မဟုတ်ဘူးလား"

"အို ... ဘယ်ကလာ၊ ကျွန်မအတွက်ဆို ကျွန်မကိုယ်တိုင် သွားဝယ်မှာပေါ့၊ အခုဟာက ယောကျ်ားဝတ်ဖို့ ယောကျ်ားတွေကြားထဲ သွားဝယ်ရမှာ ရှက်လို့ ရှင့်ကိုဝယ်ခိုင်းတာလေ"

"ဟာကွာ ... သေလိုက်ပါတော့"

လင်းဝဏ္ဏ ကိုယ့်နဖူး ကိုယ်ပြန်ရိုက်မိလေသည်။ အတွေးတွေ ချော်ပြီး လောကွတ်ချော်သွားလိုက်ပုံက Men Wear နဲ့ Women Wear လွဲရတယ်လို့၊ သက်ဝေဆိုတဲ့ ငတိမလေးကလည်း မလွယ်ကြောပဲ၊ ခေတ်ကာလ သမီးများ၊ ယောကျ်ားလေးသူငယ်ချင်းအတွက် မွေးနေ့လက်ဆောင် ပေးစရာရှားလို့ ... အတွင်းခံဘောင်းဘီတဲ့၊ ပြီးတော့ ဟိုက ဟန်မူနှောင်းနွဲ့နွဲ့ ဖျို့တို့ မောင် ဗစ်တာက သူငယ်ချင်းတွေ့ရှေ့မှာ မွေးနေ့လက်ဆောင် ပါကင်ဖောက်ပုံကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို ဖြည့်ဖွင့်ကြည့်သတဲ့။ မိန်းမဝတ်အတွင်းခံ၊ ဖာပန်းအနားကွပ်တွေနဲ့။ ပန်းပွင့်တံဆိပ်ကြီးကလည်း ပါလိုက်သေး။ ဘယ်လောက် အရှက်ကွဲလိုက်မလဲနော်။ ခေါင်းမဖော်ဝံ့လို့ နေတော့မှာ။ ရိုစရာ, နောက်စရာရှားလို့။ အခုတော့ အကြင်နာအရိပ်ရောင်သန်းတဲ့ ဇစ်တာနဲ့ သက်ဝေကြားမှာ မာန၊ အငြိုးအတေးဖွဲ့၊ စိတ်နာလို့သွားကြရပြီ။

"ရှင်ဟာ ဝတုံးပဲ၊ ကျွန်မကို အဆင်မပြေတဲ့ မိန်းမတစ်ယောက်ဖြစ်အောင် ရှင်လုပ်လိုက်တာ၊ ရန်သူပေါ်အောင် လုပ်တာပဲ"

"မဟုတ်ဘူး သက်ဝေ ... မောင်ရှင်းပြပါရစေ ... မောင်က သက်ဝေအတွက် ဝယ်ခိုင်းတယ်ပဲ ထင်တာ"

"သွားသေလိုက် လင်းဝတ္ထု၊ ရာရာစစ ... ကျွန်မက ရှင့်ကို ဝယ်ခိုင်းရမှာလား၊ အားမနာ လျှာမကျိုး ... အတိုင်းအတာ ပြရမှာလား"

ရှုပ်ကုန်ပါပြီလေ၊ အရာရာဟာ ရှုပ်ထွေးနောက်ကျိကုန်ပါပြီ။ အေးလေ ... သူကိုက အသေအချာ နားမထောင်မိတာ၊ မစဉ်းစား မဆင်ခြင်ခဲ့တာ၊ ချင့်ချိန်မေးမြန်းခဲ့ခြင်း မရှိတာ။ အခုတော့ ကောင်းပါတယ်လေ။

ဘောင်းဘီတစ်ခု အကြောင်းပြုပြီး နှစ်ဦးသားရင်ခုန် သိမ့်တုန်ဖိလင်တက်ဖို့ ကြိုးစည်နေတဲ့ ရင်ဖိုမျက်ဝန်းနှစ်စုံရဲ့ အကြိုအစည် သူကြောင့် ပျက်သွားသည်။ ဒီလိုမှ သက်ဝေကို သူ စိတ်ချရတော့မှာပေါ့။ ဇစ်တာကြီးတော့ သနားပါတယ်။ သက်ဝေကို မျက်နှာချင်း မဆိုင်ချင်တော့လောက်အောင် စိတ်နာသွားလေပြီ။ဤသို့ဖြင့် သက်ဝေ၏ စိတ်ကောက်သည့်ဒဏ်ကိုခံရင်း အနာဂတ်ထံ ဆက်လက်ပျံသန်းခဲ့ရချေပြီ။


"တောင်းပန်ပါတယ် သက်ဝေရယ် ... မောင် တကာယ်မရည်ရွယ်ပါဘူး"

မရွယ်ဘဲထိတာ ဘာကြောင့်လဲ။ ကံကြမ္မာက ချောင်းမြောင်းလုပ်ကြံပြီး သူ့ကို လက်သိပ်ထိုးထည့် အမည်ခံထားလို့များလား ...။

**သီဟသက်တံ**

လင်းရောင်ခြည်စာပေ

## လတ်တေဇအောင်



www.burmeseclassic.com

# အချစ်က ဆက်သွယ်မှုရေိယာထဲမှာ

(လတ်တေဇအောင်)

## ( ၁ )

သူမသည် အနည်းငယ်ထူးဆန်းပြီး ဂျစ်တစ်တစ်ကလေးနေတတ်သော ကောင်မလေးတစ်ယောက်ဖြစ်သည်။ ပြီး ခေတ်မိန်းကလေးဖြစ်သည်နှင့်အညီ ရုပ်ရည်ကလည်း မခေချေ။ ချစ်စဖွယ် ရှင်းသန့်သူလေးဖြစ်၏။

ထို့ကြောင့်လည်း ကျောင်းတက်စဉ်တစ်လျှောက်မှာ သူမအား ချစ်ကြိုက်ပိုးပန်းသူများရှိခဲ့ပါသည်။ သို့သော် စိတ်တိုင်းမကျခဲ့ပါချေ။

ဥပမာပြောရလျှင် . . .

ကျောင်းသားတစ်ယောက်က သူမကို ချစ်ရေးဆိုလာသည်။

"ငါ နင့်ကို တကယ်ချစ်တာပါဟာ၊ နင့်အချစ်ရလျှင် သေပျော်ပါပြီ"

ထိုသို့ဆိုလာပါလျှင် ထိုသူအတွက် အဖြေစကားက အောက်ပါအတိုင်း ဖြစ်၏။

"ငါ့အချစ်ရရင် သေပျော်ပါပြီဆိုတော့ . . . မဖြစ်သေးပါဘူးဟာ နင့်အသက်က ငယ်ငယ်လေးရှိသေးတာ၊ တော်ကြာ ငါက ချစ်တယ်လို့ ပြောလိုက်ရင် နင် သတ်သေမလားမသိဘူး။ အသက်တစ်ချောင်းကယ်ချင်လို့ မချစ်ဘူးလို့ပဲ ပြောပါရစေ၊ သွား သွား . . . နင့်အသက်တစ်ချောင်း တစ်ခါလွတ် ငါ့အသက် ဆယ်ခါလွတ်"

ထိုကျောင်းသားမှာ အူကြောင်ကြောင်နှင့် ကျန်ခဲ့ရ၏။ သူမလည်း



www.burmeseclassic.com

www.burmeseclassic.com



အသက်သခင် မဟာကျေးဇူးရှင်ကြီးလိုလို။

တစ်ခါကလည်း သူမ၏အချစ်ကို မရလျှင် သေရပါလိမ့်မည်ဟု အသနားခံလာသူတွေက ရှိသေးသည်။

မည်သို့ပင်ဖြစ်စေ သူကတော့ ငြင်းခဲ့သည်သာ။

သူငယ်ချင်းတွေမေးတော့ သူမက ...

“ငါ့အချစ်မရမှ မဟုတ်ပါဘူးဟာ၊ ငါ့အချစ်မရလည်း အသက်ကြီးလာရင် သူတို့ သေရမှာပါပဲ”

သူ့အတွေးနှင့်သူ ဟုတ်နေသော ကောင်မလေးဖြစ်သည်။ ခုတော့ ဘွဲ့တစ်ခုလည်း ရခဲ့ပြီ။ ချစ်သူရည်းစားတစ်ယောက်မှ မထားခဲ့။

သူမအနေဖြင့် အပျိုကြီးလည်း မလုပ်ချင်။ ပျင်းပါသည်။ ပြီး ... တော်ရုံတန်ရုံလူကိုလည်း လင်မလုပ်ချင်ပါ။ တော်ရုံတန်ရုံလူကလည်း သူမအား မိန်းမတော်ရဲမည်မဟုတ်။

ဟို့ကြောင့် သူမ လက်ခံနိုင်သည့်အရည်အချင်းရှိသော ယောကျ်ား တစ်ယောက်ယောက်များ ရှိနိုင်မလားဟု စိတ်ကူးယဉ်မိသည်။

မည်သို့မည်ပုံ စမ်းသပ်လိုက်ရှာရမည်မှန်းလည်း မသိ။

ထိုသို့သောကာလတွင် သူမ ရှော့ပင်းစင်တာတစ်ခုမှာ ဈေးဝယ်ထွက်ခဲ့သည်။ အပြန်မှာ လိပ်စာကတ်ကလေးတစ်ခု ကောက်ရ၏။

အမှန်တော့ ထိုကိစ္စသည် ဘာမှထူးဆန်းတာမဟုတ်။ မိန်းမတို့၏ စပ်စုချင်စိတ်နှင့် ဖတ်ကြည့်မိသည်။

| |
|---|
| **မိုး ကျ ရွှေ ကို** |
| AUTHOR |
| 09.5.------- |
| ------------ |
| ------------ |





တဲ့။

အနည်းငယ်ထူးဆန်းသွားရသည်။ Author ဆိုတာ စာရေးဆရာကို ဆိုလိုမှန်း သူမ သိပါသည်။ သို့သော်လည်း အများအားဖြင့် writer ဟု၍သာ သုံးကြသည်မဟုတ်လား။ ပြီးတော့ စာရေးဆရာဆိုသည့် ဒီလိပ်စာကတ်မျိုး စာရေးဆရာတော်တော်များများ လုပ်ကြသည်မဟုတ်။ ဖုန်းနံပါတ်လည်း ပါသေးသည်။

တစ်စုံတစ်ခုကိုတွေးရင်း သူမ နှုတ်ခမ်းထောင့်စွန်းကလေးများ ကွေးညွတ်သွားကြသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

( ၂ )

"ခုပြောနေတာ စာရေးဆရာ မိုးကျရွှေကိုလားမသိဘူး"

"ဟုတ်ပါတယ် ... ဒါနဲ့ ခုပြောနေတာက ဘယ်သူပါလဲ"

"မပြောဘူး"

ရွှေကို ကြောင်သွားရသည်။

"ဘာ ... ငှက်ပျောဖူး ... ဟုတ်လား"

"ဘာ ... မပြောဘူးလို့ ပြောတာရှင့်"

ဘာလဲဟ ... သူကပဲ ဖုန်းဆက်လာသေးသည်။ နာမည်ကိုလည်း မပြောဘူးတဲ့။ အသံလေးကတော့ အတော်ဆွဲဆောင်မှုရှိသည်ဟု ခံစားရသည်။

သို့သော်လည်း ခပ်ချဉ်ချဉ်ဖြစ်သွားသဖြင့် ...

"မပြောဘူးဆိုလည်း ဖုန်းချလိုက်ဗျာ၊ အားယားနေတာ မဟုတ်ဘူးဗျ"

ကောင်မလေးကလည်း မခံချေ။

"အောင်မာ ... ဒီကလည်း အားလို့ လုပ်ကြံပြီးဆက်နေတာ မဟုတ်ဘူးရှင့်၊ ကျွန်မ ရှင့်လိပ်စာကတ်တစ်ခု ကောက်ရတယ်လေ၊ ရှင်က စာရေးဆရာဆိုတော့ သိချင်တာလေးတွေများ မေးလို့ရမလားလို့ပါ၊ ကျွန်မနာမည်





ပြောလို့လည်း ရှင်က သိမှာမှမဟုတ်တာ"

ဖတ်လမ်းရှာနေတာလားဟု စာရေးဆရာပီပီ တွေးလိုက်သည်။ ပြီးမှ စာရေးဆရာက ကိုယ်ပဲ၊ ရှာမယ့်ရှာ ကိုယ်ကပဲ ဖတ်လမ်းရှာသူဖြစ်ရမည်။

ဒါဆို ဖတ်လမ်းလာပေးတာလားဟူ၍ ဘာသာ တိုးတိုးလေး တွေးလိုက်ပြီး ...

"ကဲ ပြော ... ခင်ဗျားက ကျွန်တော့်ဘယ်စာအုပ်တွေ ဖတ်ဖူးလဲ၊ ဘာသိချင်လို့လဲ"

"ဘယ်စာအုပ်မှ မဖတ်ဖူးဘူး"

"အင်"

ရွှေကို နင်သွားရ၏။ ဘယ့်နှယ့်ဟာလေးလဲဟု တွေးနေစဉ်မှာပဲ

"သြော် ဒီလိုပါ ... ကျွန်မက ဝတ္ထုတွေ,ဘာတွေ မဖတ်ဖြစ်ဘူးလေ၊ ရှင့်စာအုပ်တွေလည်း မဖတ်ဖြစ်ပါဘူး၊ ဒါနဲ့ ရှင်က ဘယ်လိုဝတ္ထုတွေ ရေးတာလဲ"

"အပျော်ဖတ်ပါပဲ၊ အပျော်ဖတ်ဆိုပေမယ့် ချစ်,ကွဲ,ညား မွဲပြာပုဆိုးတွေကြီးပဲ မဟုတ်ပါဘူး၊ Edutainment ဆိုတဲ့ ပညာပေးဖျော်ဖြေရေး အသိတစ်ခုခုပေးနိုင်၊ ဖြေဖျော်နိုင်တဲ့စာမျိုးတွေရေးနိုင်ဖို့ ကြိုးစားနေတာပါ"

ကောင်မလေးဘက်က တစ်ချက်ငြိမ်သွားသည်။ ပြီးမှ ...

"ရှင်ပြောတာက 'ရသ' စာပေဆိုတာမျိုးလား"

ရွှေကို စဉ်းစားရပြန်သည်။ ဒီကောင်မလေး သူ့ကို လာကျပ်နေတာလား၊ ဒါမှမဟုတ် ပညာစမ်းနေတာလားဟု ထပ်တွေးမိ၏။

ရွှေကိုကလည်း မခေသူပီပီ ဟက်ခနဲတစ်ချက်ရယ်ရင်း ...

" 'ရသ' စာပေတော့လည်း မဟုတ်ပါဘူး"

"ဟင် ... ဒါဆို 'ရသ' စာပေဆိုတာက ဘယ်လိုမျိုးကြောင့်လဲ"

တဖြည်းဖြည်းနှင့် အင်တာဗျူးဆန်လာလေပြီ၊ ရပါသည်။ မြေသို့ လျှင် ဖြေပါမည်။



www.burmeseclassic.com

www.burmeseclassic.com



" 'ရသ' စာပေဆိုတာက ... အဲ ခင်ဗျား နားလည်လွယ်အောင် ပြုံးစရာလေးတစ်ခုနဲ့ ယှဉ်ပြီးပြောပြမယ်၊ နိုင်ငံခြားက ပါမောက္ခတစ်ယောက် ပြောခဲ့တာပါ"

"အင်း"

"ရသစာပေသဘောမှာ နတ်သမီး, နတ်သားတွေ ပါရမယ်၊ ပြီး ... ဘုရားသခင်နဲ့ဆိုင်တာလေးတွေ, ဒါမှမဟုတ် တော်ဝင်မျိုးနွယ်နဲ့ပတ်သက်တာလေးတွေ, ပြီးတော့ ချစ်မှုချစ်ရာလေးတွေ ပါရမယ်တဲ့"

"ဟင် ... အဲ့ဒါတွေ အကုန်ပါရမှာလား၊ ဒါဆို ရေးရတာ ဘယ်လွယ်မလဲနော်"

"လွယ်ပါတယ်ဗျာ၊ အဲ့ဒါတွေ အကုန်ပါချင်ရင် ခုလိုသာ ရေးလိုက်"

"ဘယ်လိုလဲ"

"အို ... ဘုရားသခင် ကျွန်မ ကိုယ်ဝန်ထပ်ရပြန်ပြီ၊ ဘယ်သူ့ပယောဂပါလိမ့်ဟု မင်းသမီးလေးက အလန့်တကြား ရေရွတ်လိုက်သည်တဲ့၊ ကဲ ... အကုန်ပါသွားပြီ မဟုတ်လား"

"ရှင်နော် ပေါက်ကရ ... ခိ ... ရယ်တော့ ရယ်ရသား"

"ဒါပဲဗျာ ... ဝါသနာပါရင်လည်း စာလေးပေလေးဖတ်ပေါ့"

ပြောရင်း သူ့ဘက်က အရင်ဖုန်းချလိုက်၏။ ဟိုဘက်က ကောင်မလေးတော့ အောင့်သက်သက်နှင့် ကျန်ခဲ့မှာသေချာသည်။

အမှန်တော့ ဒင်းကလေးနှင့် စကားမပြောချင်လို့ မဟုတ်ပါ။ နောက်တစ်ခါအတွက် မျှော်စေချထားလိုက်ချင်သာ ဖြစ်သည်။

ရွှေကို အတွေးမှန်သွားပါသည်။ ဇာတ်လမ်းကတော့ စပြီဟုဆိုနိုင်၏။

❖ ❖ ❖



( ၃ )

"ရှင် ... မနေ့က တမင်ဖုန်းချလိုက်တာ မဟုတ်လား"

ဒေါသသံကလေး ရောစွက်နေသည်။ ရွှေကိုက ခပ်အေးအေးပဲ ...

"ဟုတ်ပါတယ်"

"ဘာရှင့်"

"ဪ ... ကျွန်တော်က ခင်ဗျားနဲ့ ခုလို စကားထပ်ပြောချင်သေးတယ်လေ၊ အဲ့ဒါကြောင့်ပါ ..."

"အံမယ် ... ရှင်က အလာကြီးပါလား"

ပြောရင်း တခစ်ခစ်ရယ်လိုက်သေး၏။ ပြီး ...

"ဘာကိစ္စ ထပ်ပြောချင်တာလဲ"

"အင်း ... ခုတော့ မရေရာသေးဘူး၊ ကျွန်တော် ခင်ဗျားနဲ့ အပြင်မှာ တွေ့မှသိရမယ်"

"အောင်မာ ... လာလာချည်သေး"

"အဲ့ဒီလိုတော့ မပြောနဲ့လေဗျာ၊ ကျွန်တော့်ဆီ ဖုန်းစဆက်တာ ခင်ဗျားပဲဥစ္စာ"

ကောင်မလေး ခဏတော့ အသံတိတ်သွားသည်။ ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့လေ၊ ဒါပေမဲ့ ဒီလိုလွယ်လွယ်နဲ့တော့ ဘယ်ဖြစ်မလဲ"

"ဟာ . . . ဦးနှောက်မစားနဲ့ဗျာ"

"စားမှာပဲ . . . ရှင်က ဇာတ်လမ်းရှာနေတာကိုး"

"မဟုတ်ပါဘူးဗျာ . . . ရိုးရိုးသားသားပါ၊ ဘယ်လိုတွေ့ရမလဲဟင်"

"ကျွန်မ သိချင်တာလေးတွေ ဖြေပေးရမယ်"

"ဟာဗျာ . . . လုပ်ပြီ"

"ဘာလဲ . . . မဖြေချင်လည်း ရတယ်နော် . . . ဒါ ရှင့်ကို အခွင့်အရေးပေးတာ"

ထင်တဲ့အတိုင်းပါပဲ။ ရွှေကိုကတော့ မထူးပြီမို့ . . .

"ကဲ ပြောဗျာ . . . ပြော ပြော"

"ရှင့်အတွက် ခက်ချင်မှခက်မှာပါ စာရေးဆရာကြီးရဲ့၊ ကျွန်မ သိချင်တာကလေ . . . လူတွေဟာ ချစ်သူဘဝနဲ့ အိမ်ထောင်သည်ဘဝ ဘယ်လိုခြားနားသွားလဲဆိုတာလေးပါ . . . ဖြစ်တယ်မလား"

စားတော့ စားရပြီ။ ထို့ကြောင့် . . .

"ခုချက်ချင်းကြီး ဖြေရမှာလား၊ ဒါတော့ . . ."

"ရပါတယ် . . . မနက်ဖြန်မှ ဖြေပါ၊ ရှင်မှန်ရင် ဆက်ပြောလို့ ရပါတယ်"

ပြောပြီး ဖုန်းချသွားလေ၏။ ထိုသို့ဆိုလျှင် မားပါက ဆက်ရန်မရှိတော့ဘူးပေါ့။ ရွှေကိုတစ်ယောက် အပြင်းအထန် စဉ်းစားရင်း အိပ်လို့တောင် မပျော်ချေ။

❖ ❖ ❖



( ၄ )

"ဘယ်လိုလဲ ဆရာကြီးရဲ့ . . . ရပြီလား"

ဝေ့ါသံလေးပင် ပါသလိုရှိ၏။ ရွှေကိုကလည်း . . .

"ဟဲ ဟဲ . . ဟဲ . . ဟဲ"

"တဟဲဟဲ လုပ်မနေနဲ့ . . . ရရင် ဖြေတော့"

"ဒီလိုဗျာ . . . ဖတ်ဖူးတာတွေတော့ရှိတယ်"

"ပြောမှာသာပြောပါ . . . ဟွန်း"

"ဒီလိုဗျ . . . ချစ်သူဘဝမှာက အလကားနေရင်း အကြည့်ချင်းဆုံနေတယ်တဲ့၊ အိမ်ထောင်သည်ဘဝမှာတော့ အကြည့်ဆုံရင်လည်း အလကားပဲတဲ့ဗျာ . . . အဲဒါ တစ်ချက်"

"လုပ်ပါဦး"

"လုပ်မှာပါ၊ နောက်တစ်ချက်က ချစ်သူဘဝမှာ မှန်နေရင်လည်း ကိစ္စမရှိဘူးတဲ့၊ အိမ်ထောင်သည်ဘဝမှာတော့ ကိစ္စရှိမှ မှန်တာတဲ့လေ"

"ရှင်နော် . . . ညစ်တီးညစ်ပတ်တွေ မပါနဲ့လေ"

"အမှန်ကို အမှန်အတိုင်း မြင်ပါဗျာ၊ ကျွန်တော်ပြောတာကော မဟုတ်လို့လား"

"ပြီးရော ပြီးရော . . . ဒါပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . တစ်ချက်လောက်တော့ ထပ်ပြောလိုက်ပါဦးမယ် . . . စေတနာပေါ့ဗျာ၊ အဟဲ . . . ချစ်သူဘဝမှာ ချစ်သူလုပ်သမျှကို စိတ်ဝင်စားတာတဲ့၊ အိမ်ထောင်သည်ဘဝမှာတော့ လူပေါင်းများခဲ့လေခြင်းလို့ ရင်ထုမနာတောင် ဖြစ်ရတယ်ကွဲ့"

"ဟုတ်ပါတယ် . . . ဟုတ်ပါတယ် . . . ရှင်တို့ယောကျ်ားတွေက ဒီအတိုင်းချည်းပဲ မဟုတ်လား"

ရွှေကို ဘာပျာကယာ တားရတော့သည်။

"ဟာ . . . အဲ့ဒီလို မဟုတ်ဘူးလေ၊ ဒါက စာထဲမှာ ဖတ်ဖူးတာကို ပြောပြတာဗျ၊ ခုလို မှန်အောင်ဖြေချင်တာလည်း ခင်ဗျားနဲ့ ဆက်စကားပြောချင်လို့ဆိုတာ မမေ့ပါနဲ့၊ ပြီးတော့ . . ."

"ဘာလဲ . . . ဘာလဲ"

"ကျွန်တော် လူပေါင်းမများချင်ပါဘူးဗျာ"

"ဟွန်း . . . ရှင်နော် . . . အပြောကောင်း၊ ရှင် မှန်ပါတယ်၊ ဒါကြောင့် မနက်ဖြန် ရှင် ကျွန်မကိုလာတွေ့နိုင်ပါတယ်"

"ဟာ . . . ဘယ်မှာလဲ ပြော . . . ပြော . . . လာခဲ့မယ်"

အငမ်းမရပင် မေးမိလိုက်သည်။ ဘယ်လိုထင်ထင် မမှုတော့။

ကောင်မလေးက ခပ်တိုးတိုးရယ်ရင်း . . .

"အသေအချာမှတ်ထားနော် . . . မနက်ဖြန် ငါးနှစ်အရွယ်ကလေးတော်တော်များများ ငိုကြတဲ့အချိန်မှာ ရွှေထွက်တဲ့လမ်းက ဘိန်းမုန့်ဆိုင်မှာ ရှိနေမယ်"

"ဟင် . . . ဘယ်လို ဘယ်လို"

"မပြီးသေးဘူး၊ ကျွန်မက ဂျပန်လူမျိုးတွေ ဝမ်းနည်းတဲ့ ဒီဖိုင်းနဲ့ ကမ္ဘာ့သမိုင်းမှာ တော်ဝင်ရှေးနန်းသုံး ရှေးအကျဆုံးပန်းတစ်ပွင့်အနားမှာ ရှိနေမယ်၊ အဲ့ဒါပဲ"

ဂွပ်ခနဲပါပဲ . . . ဖုန်းချသွားလေသည်။ ကိုယ့်နားရင်းကို အုပ်သွားသလို ရွှေကို ထူပူသွားရတော့၏။

လင်းရောင်ခြည်စာပေ



ဘာတွေလဲ . . .။

ဘာတွေလဲ . . .။

ဘာတွေလဲ . . . ဟ . . .။

❖ ❖ ❖

လင်းရောင်ခြည်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်။

အိပ်ရာထဲ ဝင်လှဲကာ တစ်ကိုယ်လုံးရှိ အကြောများ လျှော့ချပြီး အသက်မှန်မှန်ရှူလိုက်၏။

စိတ်အလျင်ကတော့ မေးခွန်းတွေပေါ်မှာ ဝဲပျံလျက်။

❖ ❖ ❖



( ၅ )

ငါးနှစ်အရွယ်ကလေးတွေ ငိုတဲ့အချိန်၊ ရွှေထွက်တဲ့လမ်း၊ ဘိန်းမုန့်ဆိုင်၊ ပြီးတော့ . . . ဂျပန်လူမျိုးတွေ ဝမ်းနည်းတဲ့ဒီဖိုင်း၊ ကမ္ဘာ့ရေးအကျဆုံး နန်းသုံးပန်း။

ရွှေကို အိပ်စက်မရသေးချေ။ စုဆောင်းမိသမျှ စာအုပ်တွေထဲမှာ မွှေနှောက်ရှာကြည့်မိသည်။ မတွေ့ပါ။ လူပင်ပန်း စိတ်ပင်ပန်းရသည်။

ထိုပြီး အိမ်ရှေ့မှာ လင်းတမှိုင်မှိုင်နေစဉ်မှာပဲ ဘေးအိမ်က, ကလေးငိုသံ ကြားလိုက်ရသည်။ သူ့အမေ ရိုက်နေခြင်းဖြစ်၏။ ဟာ . . . ဒီကလေး ငါးနှစ်သားပဲ။

သို့သော် ဒီအချိန်ကြီးက သူ့အမေရိုက်လို့ ငိုနေတာပဲ။ ဟိုကောင်မလေးချိန်းတာ ဒီအချိန်မျိုးတော့မဖြစ်နိုင်ပါ။

ကလေးအမေ၏ဆူသံက ဆက်ထွက်လာ၏။

"စာကျက်နိုင်းရင်လည်း ငိုမယ်၊ ဆော့ဖို့တစ်ခုပဲ သိတယ်၊ ပြီးရင် မနက်ကျောင်းတက်ချိန်မှာ မပျက်မကွက် ငိုဦးမယ်၊ ကျောင်းမတက်ချင်ရင်"

နောက်ပိုင်းအသံများကို ရွှေကို မကြားတော့ပါ။ သူ့ခေါင်းထဲ လင်းပွင့်သွားလေပြီ။ ဒီအတိုင်း ထိုင်စဉ်းစားနေလို့တော့ ရမည်မဟုတ်။ Informal Thinking လို့ခေါ်တဲ့ သမားရိုးကျမဆန်သော ဆက်စပ်စဉ်းစားမှုရပေ



www.burmeseclassic.com

www.burmeseclassic.com



( ၆ )

''ကျွန်တော် ရွှေကိုပါ . . . ထိုင်မယ်နော်''

ကြည်စင်လှပသော မျက်နှာလှလှလေးက အရင်မော့လာသည်။ ပြီး မျက်ပန်းလေးများက အံ့သြဟန်အပြည့်ဖြင့် မပွင့်တပွင့်လေး။

''ရွှေကို . . . ဟုတ်လား''

''ဟုတ်တယ် . . . ရွှေကို၊ မိုင်နိမ်းအစ်(စ်) မိုးကျရွှေကို''

ကောင်မလေးက တခစ်ခစ်ရယ်တော့သည်။ ပြီးမှ . . .

''အင်း . . . ရှင်က ကျွန်မကို ရှာနိုင်သားပဲ''

''ဪ . . . မိုးကျရွှေကိုဆိုမှဗျာ''

''ဒါနဲ့ နေစမ်းပါဦး . . . ဘယ်လိုစဉ်းစားမိသွားတာလဲ''

ရွှေကိုက ခပ်တည်တည်ပင် ပခုံးတွန့်လိုက်သေးသည်။

''ဒီအတိုင်း လျှောက်တွေးနေလို့တော့မရဘူးပေါ့ဗျာ၊ ဆက်စပ်စဉ်းစားမိတာပါ၊ ငါးနှစ်အရွယ်ကလေးတွေ ပုံမှန်ဝိုင်ကြတာ ခုလို ကျောင်းတက်ချိန်ပဲရှိတာ မဟုတ်လား''

''ဒါဆို ကျန်တာတွေကကော''

''ရွှေထွက်တဲ့လမ်းလို့လည်း မရှိနိုင်ဘူးလေ၊ ဒါပေမဲ့ ဒီလမ်းနာမည်က ရွှေဘုံသာလပ်း၊ ပြီးတော့ အရင်က ဒီလမ်းမှာ ရွှေအရောင်းအဝယ်တွေ





သုပ်ကြတယ်၊ အဲဒါ ရွှေထွက်တာပေါ့''

''ဘိန်းမုန့်ဆိုင်က''

''ဒီလမ်းမှာ ဘယ်တိန်းမုန့်ဆိုင်ရှိမှာလဲဗျ၊ ခု ဒီပီဇာဆိုင်ကက ဘိန်းမုန့်နဲ့ အနီးစပ်ဆုံးလေ၊ အီတလီဘိန်းမုန့်ပေါ့''

''ဟုတ်ပါပြီရှင် . . . ဟုတ်ပါပြီ . . . ဆက်ပါဦး''

''ဂျပန်တွေက တရုတ်နဲ့ပြောင်းပြန်ဗျ၊ သူတို့ဝမ်းနည်းရင် အဖြူဆုဝတ်ကြတာ၊ ခင်ဗျားက ခု အဖြူရောင်ဝတ်စုံနဲ့လေ၊ နှင်းဆီပန်းကိုတော့ ရှုအကျဆုံးနန်းတွင်းသုံးပန်းမှန်း ကျွန်တော် အရင်ကပဲ စာထဲမှာဖတ်ဖူးတာပါ''

''ကဲ . . . ထားလိုက်ပါတော့၊ ရှင့်ကို ချီးကျူးပါတယ်၊ ကဲ . . . ပြော . . . ရှင် တွေ့ချင်တဲ့ကိစ္စက''

ရွှေကို ပင့်သက်ရှိုက်လိုက်သည်။ ကောင်မလေးကို စေ့စေ့ကြည့်လျက် . . .

''ခင်ဗျား မေးခွန်းတွေမေးလာကတည်းက ကျွန်တော် စိတ်ဝင်စားခဲ့တယ်၊ ခင်ဗျားကို တွေ့အောင်ရှာမယ်လို့လည်း ဆုံးဖြတ်ခဲ့တယ်''

''အဲဒီတော့''

''ရှေ့က နှင်းဆီပန်းကလေးကို ကျွန်တော့်ကိုပေးပါလား''

''ဘာ . . . ဘာလုပ်မလို့လဲ''

''ဒီလိုလေ . . . နှင်းဆီတစ်ပွင့်တည်းဆိုတာ ရင်ထဲမှာ မင်းပဲရှိတယ် ဆိုတဲ့အဓိပ္ပာယ်လေ၊ ကိုယ် မင်းကိုပေးချင်လို့ပါ''

''အို''

ရွှေကို အသာပြုံးလိုက်မိ၏။ ခုမှစတွေ့ကြသော်လည်း သူတို့နှစ်ယောက်သည် မရိုးနိုင်သော မေးခွန်းများကို တစ်သက်လုံး ကြည်ကြည်နူးနူး ဖြေကြတော့မည်သာ။ အရာအားလုံးသည် လှပလင်းကျင်းလျှက် . . .။

လေးစားစွာ

လတ်တေဇအောင်



www.burmeseclassic.com

www.burmeseclassic.com

# မုဒိတာကောက်ကြောင်း

ရဲစတိုင်း

## မုဒိတာကောက်ကြောင်း

ရဲစတိုင်း

( ၁ )

သူရိယနေမင်းကြီးဟာ တစ်ရာ့ငါးဆယ်တန် နံပြားတစ်ချပ်လို ပြည့်ဝိုင်းစက်စွာနဲ့ ထွန်းလင်းတောက်ပနေပါတယ်။ လမ်းထိပ်အမှိုက်ပုံနားမှာ ခွေးတစ်ကောင်ဟာ အပုံတစ်ပုံကို လှည့်ပတ်စူးစမ်းနေသလို မြေကြွက်တစ်ကောင်ဟာ အမှိုက်ပုံကို ဆော်လမွန်ရတနာသိုက်အလား ဝင်ချည်ထွက်ချည် ပြုနေပါတယ်။

ပတ်ဝန်းကျင်အနေအထားအရ လူသူလေးပါး ကင်းရှင်းတာမို့ ကျွန်တော်ဟာ မလွယ်နိုင်တော့ဘဲအန္တရာယ်ကို ဖြေရှင်းဖို့ ကြိုးစားပါတော့တယ်။ ဒီမနက်အစောပိုင်းက ရပ်ကွက်လူကြီးအလှူမှာ မုန့်ဟင်းခါးငါးပွဲတိတိ ရှောတ်သီးမှုန့်များများနဲ့ အမုန်းဆွဲခဲ့မိတာ အခုမနက် ဆယ်နာရီလောက်ကျတော့ ဗိုက်ထဲက ဆန္ဒပြနေခဲ့ပါပြီ။ အိမ်ရောက်ဖို့ လိုသေးပေမယ့် အန္တရာယ်က အချိန်မရွေး ထပေါက်ကွဲတော့မယ့် ဗုံးတစ်လုံးလို ပြူတစ် ပြူတစ် ဖြစ်နေပါပြီ။

ဒါကြောင့် ခေါင်းပေါ်ကဦးထုပ်ကို ခပ်ဗိုက်ဗိုက်ဆောင်းရင်း အမှိုက်ပုံအကွယ်ဆီကို ခပ်သွက်သွက် ချီတက်ခဲ့မိပါတယ်။ စိတ်ရှိလက်ရှိ အားပါးတရ ရှုန့်ထုတ်နေတုန်း အမှိုက်လာသိမ်းတဲ့ စည်ပင်ဝန်ထမ်းတစ်ယောက်ကို တွေ့လိုက်ရလို့ ကိုယ့်ကိစ္စ အမြန် လက်စသတ်လိုက်ရပါတယ်။ စည်ပင်ဝန်ထမ်းက ကျွန်တော့်ကို မြင်သွားပြီဖြစ်လို့ တန်းတန်းမတ်မတ် လျှောက်လာပါတယ်။

လင်းရောင်ခြည်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ဖောရွှေးပြန်နေရပြီ။ လမ်းဘေးမှာ အညစ်အကြေး စွန့်ရင် ဒဏ်ငွေတစ်သောင်း ဆောင်ရမှာ။ လက်ထဲမှာက ငွေတစ်သောင်း မပြောနဲ့ . . . တစ်ရာတောင် မရှိဘူး။ ဒီတော့ ကြံမိကြံရာအဖြစ် ကျွန်တော့်အပုံ ကို ဦးထုပ်နဲ့ အုပ်ထားလိုက်မိပါတယ်။

''ဟေ့လူ . . . ဘာထိုင်လုပ်နေတာလဲ''

''ငှက် . . . ငှက် . . . ငှက်တစ်ကောင်မိထားလို့ဗျ''

''ဘယ်မှာလဲ ငှက်''

''ဒီဦးထုပ်အောက်မှာ . . . အရက်နဲ့မြည်းလိုက်ရရင် အိုကေပဲ''

''ဟုတ်လား . . . ပြစမ်း . . . ကြည့်ရအောင်''

''ဖွင့်လိုက်ရင် လွတ်သွားလိမ့်မယ်၊ ခင်ဗျား ခဏ လာဖိထားပေး . . . ကျွန်တော် တုတ်တစ်ချောင်းလောက် ရှာကြည့်ဦးမယ်''

စည်ပင်ဝန်ထမ်းဟာ ကျွန်တော်လုပ်သလို ဦးထုပ်ကို လာဖိပေး ထားပါတယ်။ ကျွန်တော်လည်း တုတ်ရှာသလိုလို ဘာလိုလိုနဲ့ ခပ်တည်တည် လစ်ထွက်ပြီး အခြေအနေကို မလှမ်းမကမ်းက စောင့်ကြည့်မိပါတယ်။ တစ် အောင့်ကြာတဲ့အထိ ကျွန်တော်ပြန်မလာတော့ စည်ပင်ဝန်ထမ်းဟာ စိတ်တို လာပုံရပါတယ်။

ဦးထုပ်ကို အသာဟပြီး အားနေတဲ့ သူ့လက်တစ်ဖက်နဲ့ အထဲကို စွေ့ခနဲ ဆုပ်ကိုင်လိုက်ချိန်မှာ ကျွန်တော်ဟာ အဲဒီနေရာက အဝေးဆုံးဝေး အောင် သုတ်ခြေတင်နေပြီ ဖြစ်ပါတယ်။

ကံကောင်းချင်တော့ . . .

အသိမိတ်ဆွေ ကိုအောင်ကြီးဆိုက်ကားနဲ့ ကြုံလို့ အိမ်ကို အမြန်ပြန် ရောက်လာခဲ့ပါတယ်။ အိမ်ရှေ့ရောက်တော့ ပေးစရာပိုက်ဆံ မရှိပေမယ့် ဟန်လုပ်ပြီး မေးလိုက်ပါတယ်။

''ဆိုက်ကားခ ဘယ်လောက်ပေးရမလဲ ကိုအောင်ကြီး''

''မပေးပါနဲ့ ညီလေးရယ် . . . မင်းတို့ကျေးဇူးကြောင့် ငါ အခုလို ဆိုက်ကားသမား ဖြစ်နေရတာ ကျေးဇူးတင်လွန်းလို့ပါ''





ဒါဟာ သူ့ရင်တွင်းစကား အမှန်ပါ။ သူ့ကို ဆိုက်ကားသမား ဖြစ် အောင် ကျွန်တော်တို့သူငယ်ချင်းတစ်သိုက် ကြိုးစားပမ်းစား ဆောင်ရွက်ပေး ခဲ့ရတာပါ။ အရင်ကဆို သူ့ဘဝဟာ ဒီထက် အပုံကြီးဆိုးပါတယ်ဗျာ။

❖ ❖ ❖


www.burmeseclassic.com

www.burmeseclassic.com

## ( ၂ )

မြောက်ဒဂုံရဲ့ ရပ်ကွက်တစ်ခုမှာ ကျွန်တော်တို့မိသားစု နေထိုင်ပါတယ်။ ရပ်ကွက်ထဲမှာ ဝန်ထမ်းမိသားစုတွေ အနေများတာဆိုတော့ အတော်အေးချမ်းငြိမ်သက်မှု ရှိပါတယ်။ ကိုအောင်ကြီးတို့လင်မယား ကျွန်တော်တို့ ရပ်ကွက်ထဲ ပြောင်းမလာခင်အချိန်ထိ ဆိုပါတော့လေ။

သူတို့လင်မယားက အိမ်ငှားအဖြစ် ရောက်လာကြတာပေါ့။ ယောကျ်ားလုပ်သူဟာ အလုပ်အကိုင် မယ်မယ်ရရမရှိပေမယ့် ညတိုင်း မူးရူးပြီး သူ့မိန်းမကို ပြဿနာရှာလေ့ရှိပါတယ်။

ကျွန်တော်ရယ်၊ စိုးဝင်းရယ်၊ မြင့်နိုင်ရယ်၊ စိန်သန်းရယ် သူငယ်ချင်းလေးယောက်ဟာ ညတိုင်းလိုလို စိန်သန်းတို့အိမ်ရှေ့က အုတ်ခုံမှာ လူစုပြီး ဂီတာတီးကြပါတယ်။

♫ နောက်လူရင်မှာ ပျော်ရွှင်မှာပါ ××× ငါနားလည်ပြီးသား ××× အခုလိုပြောတာ မချစ်လို့ မဟုတ်ဘူးနော် ××× သိပ်မကြာခင် ××× အဆင်ပြေမှာပါ ××× ငါနားလည်ပြီးသား××× မင်းနဲ့ကိုယ်နဲ့ စည်းခြားနေပြီကွာ ♫

"ဘုန်း ‥ ဘုန်း ‥ အတော်အသုံးမကျတဲ့ကောင်မ ... ကဲဟာ"

"အောင်မလေးတော့ ... ကျိုးပါပြီတော်"

"သေစမ်း ... ဗိုင်းတာမ ... ငါ့ ဘာများမှတ်နေလဲ ... ကဲဟာ"





'ဘုန်း ‥ ခွပ်'

"ကြောက်ပါပြီ ကိုအောင်ကြီးရဲ့ ... ကျုပ်မှာ ကလေးသုံးယောက်နဲ့ ကုန်းရုန်းရှာကျွေးနေရတာ ကိုယ်ချင်းစာပါဦးတော့"

"အောင်မာ ... ငါရှာကျွေးတုန်းက ဘာသံမှ မကြားရဘူး၊ အခုတော့ ဒီလိုပြောလာပြီပေါ့လေ ... ဟုတ်လား ... ကဲဟာ ... ကဲဟာ"

အဲ့သလို လူကြားမကောင်း သူကြားမကောင်း လင်မယား ရန်ဖြစ်သံကို ကြားရတာနဲ့ ကျွန်တော်တို့ဂီတာဝိုင်းဟာ အလိုလို တိတ်ပြီးသွားပါပဲ၊ မတိတ်လို့ မဖြစ်ဘူးလေ။ တော်ကြာ သူတို့ရန်ဖြစ်တာကို ဝမ်းသာလို့ တီးနေကြတယ်ဆိုပြီး ပတ်ရမ်းရင် ခံရလိမ့်မယ်။

နားမချမ်းသာလွန်းလို့ ကျွန်တော်တို့လည်း တစ်ယောက်တစ်ပေါက် ညည်းတွားနေမိပါတယ်၊

"ကြားရ ... ကြားရ နားဝမသက်သာပါလားနော်"

"ဒီလူကွာ ... သူ့မိန်းမကို ညတိုင်း အသားလွတ် ရိုက်နေတော့တာပဲကွာ၊ ငါ့အမျိုးသာဆိုရင် သွားဆော်ပစ်တယ်"

"သည်းခံစမ်းပါ စိန်သန်းရာ ... ကြားသုံးကြားဆိုတာ အရမ်းဝင်ပါလို့မရဘူးကွ"

"အေး ဟုတ်တယ် ... ငါတို့ ဝင်ဆော်လည်း အမှုပတ်တာပဲရှိမယ် ပြီးရင် ပြန်ဖြစ်ကြမှာပဲ၊ ဟိုတစ်လောက ရပ်ကွက်လူကြီးတွေ ခေါ်ပြီး ဆုံးမတာ တစ်ရက်၊နှစ်ရက်တော့ ငြိမ်သား ... နောက်တော့ ဒုံရင်းက ဒုံရင်းပဲ"

ကိုအောင်ကြီးက သူ့မိန်းမ ခင်အေးဝင်းကို ပြဿနာရှာပြီး ရိုက်နှက်တာ ရိုးရိုးမဟုတ်ပါဘူး၊ ဟိုလူနဲ့သမုတ်၊ ဒီလူနဲ့သမုတ်၊ တစ်ရပ်ကွက်လုံးကုန်ရောဆိုပါတော့၊ သူတို့ ရန်ဖြစ်သံကြားရရင် ကျွန်တော်တို့ ဂီတာဝိုင်းကို ဆက်တီးလို့ မဖြစ်တော့တာကြောင့် စိတ်ပျော်ရွှင်စရာတစ်ခုခုနဲ့ အစားထိုးဖို့ တိုင်ပင်ခဲ့ကြပါတယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## ( ၃ )

ဂစ်တာဝိုင်းကို ရုပ်သိမ်းပြီး ဘာဆက်လုပ်ရမှန်း လောလောဆယ် ဝေခွဲမရတာကြောင့် အချိန်ဖြုန်းတဲ့အနေနဲ့ လမ်းလျှောက်ထွက်ခဲ့ကြပါတယ်။ တစ်ဖက်ရပ်ကွက်ရောက်တော့ နတ်ကနားပွဲတစ်ခုနဲ့ တည့်တည့်တိုးမိလို့ ဝါသနာမပါပေမယ့် အပျင်းပြေသဘော ကြည့်နေကြပါတယ်။ နတ်ကနားပွဲကို ကြည့်ရင်း လူငယ်ပီပီ ဗရုတ်ကျချင်စိတ်တွေ ကျွန်တော်တို့လေးယောက် စလုံး ဖြစ်ပေါ်လာခဲ့ပါတယ်။

"နတ်ပူးနေတာကြည့်ရင်း သွားရည်တောင်ကျလာပြီကွာ"

"ဘာသွားရည်ကျတာလဲ မြင့်နိုင်"

"ဟိုမှာလေ . . . ရမ်ပုလင်းတစ်ဖက်, ကြက်ကြော်တစ်ဖက် ဝင် ကွယ်ရရင် တစ်နပ်စာတော့ အိုကေမယ်"

"ဒါဖြင့် ဒီလိုလုပ်ကြစို့"

အချင်းချင်း တီးတိုးတိုင်ပင်ပြီးတဲ့အခါ လက်ရှိဝင်ပူးနေတဲ့ ကိုကြီးကျော် နတ်ထွက်သွားချိန်ကို စောင့်နေကြပါတယ်။ အဲဒီနတ် ထွက်သွားတာနဲ့ မြင့်နိုင်က အရင်ဆုံး ခုန်ဝင်သွားပါတယ်။ နတ်ပွဲခဏနားမလို့ ပြင်ဆင်နေတုန်း ဝိုင်းထဲကို လူစိမ်းတစ်ယောက် ဝင်လာတာကြောင့် နတ်ထိန်းအခြောက်ကြီး အမြန်ပြန်ထလိုက်ရပါတယ်။





နတ်ကနားပရဝုဏ်အတွင်း ရောက်နေပြီဖြစ်တဲ့ မြင့်နိုင်ဟာ လက် နှစ်ဖက်ပူးပြီး သွန်ဖူးကို တဖတ်ဖတ် ရိုက်နေပါတယ်။ နတ်ထိန်းက အနားကို လက်အုပ်ချီကပ်ပြီး မေးလိုက်ပါတယ်။

"ဘယ်နတ် ဘယ်ယဉ်ဆိုတာ အမိန့်ရှိပါ ကိုယ်တော်"

"ငါက ညောင်ပင်စောင့် ရုက္ခစိုးနတ်ကွ"

"ရုက္ခစိုးက သစ်ပင်မှာမနေဘဲ ဘာဖြစ်လို့ ဒီကိုလာရတာလဲ"

"ပျော်ချင်လို့ဟ . . . ပျော်ချင်လို့ လျှာမရှည်နဲ့"

"မသိလို့ပါ ကိုယ်တော်ရယ် . . . အမိုက်အမဲလေးမို့ ဗွေမယူပါနဲ့၊ စိတ်ကြိုက်ပျော်တော်မူပါ"

ဆိုင်းဝိုင်းက မြူးမြူးကြွကြွတီးပေးလိုက်တဲ့အတွက် မြင့်နိုင်တစ်ယောက် ယှက်တွှဲရှိအောင် လှည့်ပတ်ကခုန်နေပါတယ်။ တမော ကပြီးသွားတော့ နတ်ထိန်းကို ကျရည်ဆက်ခိုင်းပါတော့တယ်။

"သမီးတော် . . . အဖေကြီးကို အကျရည်ဆက်စမ်းဟေ့"

"ရုက္ခစိုးဆိုတော့ ဘာအကျရည် ဆက်ရမှာပါလိမ့်၊ သီလဖျက်သလို ဖြစ်နေမှာစိုးလို့ ကော်ဖီမစ်သုံးဆောင်ပါလား ကိုယ်တော်"

"သယ် မလေးမစားနဲ့ . . . ဘယ်နတ်မှ ကော်ဖီမစ်မသောက်ဘူးကွ ဟိုပေါ်က အနီပုလင်းကို ဆက်စမ်းဟေ့"

မြင့်နိုင် ရမ်ပုလင်းမော့နေချိန်မှာ စိန်သန်းဟာ စိတ်မထိန်းနိုင်စွာနဲ့ ဝိုင်းထဲ ခုန်ဝင်သွားပြန်ပါတယ်။

"ဟော့တော့ . . . နောက်တစ်ပါး ဝင်လာပြန်ပြီ၊ ဘာနတ်များလဲ ဆိုတာ အမိန့်ရှိပါ"

"ငါက တခြားမဟုတ်ဘူးကွ . . . ကွင်းပိုင်ကြီးကွ၊ ရုက္ခစိုးကြီး ပျော် နေတာတွေ့လို့ အမြန်လိုက်လာခဲ့တာ"

"ကွင်းပိုင်ကြီးရယ် . . . ရိုသေပါတယ်၊ လေးစားပါတယ်၊ လိုအပ်တာ ရှိရင် မိန့်တော်မူပါ"

စိန်သန်းဟာ နတ်ပူးသူတွေအတိုင်း ကိုယ်ကို လူပ်ယိမ်းကချင်ပြီး



www.burmeseclassic.com

www.burmeseclassic.com

စင်ပေါ်က ရမ်ပုလင်းတစ်လုံးကို သွားဆွဲယူလိုက်ပါတယ်။ မော့သောက်လိုက် ထိုးထိုးထွန့်ထွန့်ကလိုက် လုပ်နေတာကို စိတ်ရှုပ်ပုံမရဘဲ နတ်ထိန်းကြီးဟာ တောင်းပန်သံနဲ့ ပြောလိုက်ပါတယ်။

"ကိုယ်တော်တို့ရယ် ပျော်လို့အားရရင် လာရာလမ်းကို ပြန်ကြွကြပါ ... နောက်ထပ်ဝင်မယ့်နတ်တွေ တန်းစီနေကြလို့ပါ"

"နေဦး ခဏစောင့်ဦး ... ငါတို့မှာလည်း နှစ်ပါးကျန်သေးတယ်တဲ့"

"ဟင် ... ကိုယ်တော်တို့က အုပ်စုလိုက် ချီတက်လာတာကိုး"

"အဲဒါ နင့်အလုပ် မဟုတ်ဘူး၊ ဟော့ကောင် စိုးဝင်းနဲ့ ဖော်ကြီး ... အထဲကိုဝင်လာခဲ့ကြ"

သူတို့နှစ်ယောက်က မူးနေပြီမို့ ဇာတိတွေပြလာပါပြီ။ အပြင်မှာ ရပ်ကျန်ခဲ့တဲ့ ကျွန်တော်တို့နှစ်ယောက်ကို အတင်းလက်ဆွဲပြီး ဝိုင်းထဲ ခေါ်သွင်းလိုက်ပါတယ်။

"ဟော့ကောင်တွေ ယူကြလေကွာ ... ဘာလုပ်နေကြတာလဲ"

"အေးပါကွာ ... အေးပါ"

ကျွန်တော်တို့လည်း သူတို့လုပ်တဲ့အတိုင်း လက်အုပ်ချီပြီး နဖူးကို တဖတ်ဖတ် ရိုက်လိုက်ပါတယ်။ နတ်ထိန်းအခြောက်ကြီးက ကျွန်တော်တို့ကို မယုံသင်္ကာဖြစ်နေပေမယ့် ဘယ်လိုမှဝေခွဲမရတာကြောင့် လက်မှိုင်ချနေရပုံ ပါပဲ။ အခုဝင်တဲ့နတ်တွေဟာ သူတွေ့ဖူးနေကျ နတ်မျိုးမှမဟုတ်တာ၊ နတ်ထိန်းကြီးက ကျွန်တော့်အနားလာပြီး မေးလိုက်ပါတယ်။

"ဘယ်နတ် ဘယ်အရှင်ဆိုတာ အမိန့်ရှိပါ"

"ငါ ဘိုးဘိုးအောင်ကွ"

"ဘိုးဘိုးအောင်ဆိုတာ ဝိဇ္ဇာပဲ ... နတ်မှမဟုတ်တာ"

ပြောပြီးမှ ကျွန်တော့်အမှားကိုသိရလို့ ချက်ချင်း စကားပြင်ရပါတယ်။

"အိမ်း ... ငါပြောတာ လောကြီးသွားလို့ဟေ့၊ ငါက ဘိုးဘိုးအောင်ကို စောင့်ရှောက်တဲ့နတ်ကွ"

"အလို ... နတ်ထိန်းလုပ်လာတာ အမွေးဖြူတော့မယ်၊ ဒီလို





နတ်မျိုး အခုမှကြားဖူးတယ်"

"အခု ကြားဖူးပြီ မဟုတ်လား၊ တော်တန်တိတ် ... ငါ ဝင်ပြီး နားရင်းအုပ်လိမ့်မယ်"

ပထမဆုံး ဝင်ပူးနေတဲ့ မြင့်နိုင်စကားကြောင့် နတ်ထိန်းကြီးလည်း ခပ်ရွံ့ရွံ့ ဖြစ်သွားပါတယ်။ နို့မို့ဆို သူလျှာရှည်နေပုံကြောင့် အလိမ်တွေ ပေါ်ကုန်နိုင်ပါတယ်။ ဟုတ်တိပတ်တိ မကတတ်ပေမယ့် သူတို့လုပ်သလို လက်လှုပ်ခြေလှုပ်နဲ့ နတ်ပူးချင်ယောင် ဆောင်လိုက်၊ အရက်မော့လိုက်နဲ့ အဆင်ပြေနေပါတယ်။

မပြေတာက စိုးဝင်းအလှည့်မှာပါ။ နဖူးနဲ့ လက်ဝါးနှစ်ဖက်ကို တဖတ် ဖတ်ရိုက်နေတဲ့ စိုးဝင်းအနားကို နတ်ထိန်းကြီးက သွားမေးလိုက်ပါတယ်၊

"ဒါက ဘယ်ကိုယ်တော်များပါလိမ့် ... အမိန့်ရှိပါ"

"ဟဲ့ မသာမရေ ... ငါက အမေဂျမ်းဟဲ့"

"အမေဂျမ်းက ဘာလို့ ယောကျာ်းလေးခန္ဓာကိုယ်ထဲ ဝင်ပူးရတာ လဲ"

"ရတဲ့ဆီ ဝင်ပူးရတာဟေ့၊ လျှာရှည်လိုက်တဲ့ကောင်မ ... ငါ ပျော်တော်မူမယ်"

စိုးဝင်းဟာ ကြားဖူးတဲ့နတ်အမည်ကို ပါးစပ်ကပြောပြီး နတ်ဒိုးများ နဲ့အပြိုင် လှည့်ပတ်ကခုန်နေပါတယ်။ အရပ်က ရှည်မျောမျောကြီးဆိုတော့ ကြည့်ရတာ အချိုးမကျလှပါဘူး။ ကျွန်တော်တို့လေးယောက်ဟာ အုပ်စုအင် အားတောင့်တာကြောင့် အရက် တစ်ကျိုက်စီမော့လိုက် လက်ချင်းတွဲပြီး ကရင်ဒုံးယိမ်းကသလို ကလိုက်ကြ ... ပျော်ဖို့အရမ်းကောင်းပါတယ်။

နတ်ထိန်းကြီးဟာ ပထမဝင်တဲ့သုံးယောက်ကို တကယ့်နတ် ဟုတ်၊ မဟုတ် မခွဲခြားတတ်ပေမယ့် နောက်ဆုံးဝင်လာတဲ့ အမေဂျမ်းအတွက် စမ်း သပ်စရာ အကွက်တစ်ခု ရသွားခဲ့ပါတယ်။ ဖယောင်းတိုင်ငါးတိုင်ကို သားရေ ပင်နဲ့ ပူးချည်ပြီး မီးညှိလိုက်ပါတယ်။

"အမေဂျမ်းရေ"


www.burmeseclassic.com

www.burmeseclassic.com



''ဘာတုံး ကောင်မ''

''မီးနည်းနည်းလောက် စားပြပါ''

''ဟင့်အင်း ... မစားဘူး''

''စားပြပါ အမေရယ် ... အမေ့အစွမ်းကို မြင်ရအောင်လို့''

''မချားဘူး ... လုံးဝမချားဘူး ... ဟင့်အင်းဆို ဟင့်အင်းပဲ''

စိုးဝင်းဟာ အကြောက်အကန် ငြင်းပြီး နတ်ကနားတွင် လှည့်ပတ်ပြေးနေပါတယ်။ နတ်ထိန်းကြီးကလည်း ဒီခွင်ကို အလွတ်မခံနိုင်တာကြောင့် ထက်ကြပ်မကွာ လိုက်ကျွေးနေပါတယ်။

အခြေအနေ မဟန်မှန်းသိလို့ စိန်သန်းက ဝင်ဟန့်လိုက်ပါတယ်။

''ဟိုက မစားဘူးလို့ပြောနေတာ အတင်းမကျွေးနဲ့လေ''

''အမေဂျမ်းဆိုရင် မီးစားပြနိုင်ရမှာပေါ့။ သူ မစားရင် ကိုယ်တော်ကြီး စားပြလေ''

''အောင်မာ ... ငါနဲ့ ဘာဆိုင်လို့လဲ''

''တကယ့်နတ် ဝင်ရိုးမှန်ရင် စားပြရမှာပဲ၊ ကဲ ... ရော့ ... စားပြ''

''မသာမရယ် ... မစားချင်ဘူးလို့ပြောနေတာ ဘာလို့ အတင်းကျွေးရတာလဲ''

''ကိုယ်တော်မစားရင် အမေဂျမ်းစားပြ''

''ကဲဟာ ... မစားဘူးလို့ ပြောနေတာ နားမလည်ဘူးလား''

'ဘုန်း'

''အွန့်''

မြင့်နိုင်က စိတ်မရှည်တော့လို့ နတ်ထိန်းကြီးကို အနောက်က ဖနောင့်နှင့် ပေါက်လိုက်ပါတယ်။ လေးယောက်စလုံး လက်ရှည်ညီပြီးသားမို့ ပြီးတော့ မူးလည်း မူးနေကြတာမို့ နတ်ထိန်းအခြောက်ကြီးကို တစ်ယောက်တစ်လှည့် ဝိုင်းဖွဲ့လိုက်ကြပါတယ်၊

'ဘုန်း .. ခွပ်'

''အောင်မယ်လေးတော့''





''ဟာ ... ကန်တယ်ဟေ့ ... ပြန်ချကြကွာ''

''ပြေးကြ ဟေ့ကောင်တွေ ... တို့ကို ဝိုင်းဖွဲ့တော့မယ်''

''လိုက်ဟေ့ ... လူလိမ်တွေ ... ခဲနဲ့ဝိုင်းထုကြကွာ''

နတ်ကတော် အခြောက်ကြီး မရှုမလှခံနေရတဲ့အတွက် ဆိုင်းဆရာအုပ်စု ဝင်ကူပါတော့တယ်။ ကျွန်တော်တို့လည်း ဘာရယ်ညာရယ်မဟုတ် ... ဝင်ပျော်မိရာက နှာခေါင်းကျည်ပွေ့ တွေ့တော့မယ့်အန္တရာယ်ကြောင့် အမြန်ဆုံး သုတ်ခြေတင်ရပါတော့တယ်။

အဲဒီညက ဂစ်တာမတီးဖြစ်ပေမယ့် လူငယ်ပီပီ စိတ်လှုပ်ရှားစရာတွေ ကြုံခဲ့ရလို့ တကယ်ပျော်ခဲ့ကြပါတယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## ( ၄ )

နောက်နေ့ နောက်နေ့တွေမှာလည်း ဂစ်တာတီးမလို့လုပ်တိုင်း အဲဒီ လင်မယား ရန်ဖြစ်သံက စိတ်အနှောင့်အယှက်ဖြစ်ရလွန်းလို့ ဒီအန္တရာယ်က ကျော်လွှားနိုင်အောင် အမျိုးမျိုးကြံဆရပါတော့တယ်။

"နင်က ငါ့အရက်ဖိုး မပေးချင်ရအောင် ဘယ်လင်ငယ်ကို ပေး နေလို့တုံး"

'ဘုန်း . . ဘုန်း'

"အွန့် . . . သေပါပြီတော့"

ပတ်ဝန်းကျင်ကို အားမနာတတ်ကြပါဘူး။ ကိုအောင်ကြီးဟာ ပြဿနာတစ်ခုမဟုတ်,တစ်ခုကို ရှာကြံပြီး သူ့မိန်းမကို နှိပ်စက်နေတာ ဖြစ် ပါတယ်။ အိမ်နီးချင်းတချို့ကတော့ သူတို့လင်မယား ရန်ဖြစ်တာကို ကျေးဇူး တင်ချင် တင်နေကြမှာပါ။ ဘာလို့လဲဆိုတော့ သူတို့လင်မယား ရန်ဖြစ်သံ ထက် ကျွန်တော်တို့ ဂစ်တာသံက ပိုဆိုးနေရလို့ပါ။

"ဒီကိစ္စ ဘယ်လိုလုပ်ရင် ကောင်းမလဲ . . . ကြံကြစမ်းပါဦးကွာ"

"ငါတို့ အိမ်ပြောင်းကြမှဖြစ်မယ် စိန်သန်းရဲ့"

"မင်းအကြံ မနိမ့်လိုက်တာ စိုးဝင်းရာ၊ ဟိုနေ့ကလို လမ်းလျှောက် ထွက်ပြီး နတ်ဝင်ပူးကြတာမှ အဆင်ပြေလိမ့်မယ်"





"တော်ပါတော့ . . . ငါတို့ရုပ်တွေ သူတို့က မှတ်ထားကြမှာ"

"ဟော့ကောင်လေးတွေ မင်းတို့အလှည့် မရောက်သေးလို့ စောင့် နေကြပုံပဲ . . . ဟဲ ဟဲ"

ကျွန်တော်တို့ အကြံရကျပ်နေတုန်း ဝေါပကာလူကြီး ဦးလေးထွန်းက လှမ်းစပါတယ်။

"မင်းတို့အတွက် ငါ အကြံတစ်ခု ပေးစရာရှိတယ်"

"ဘာအကြံလဲ ဦးလေးထွန်း"

"မင်းတို့ အေးအေးဆေးဆေး ဂစ်တာတီးနိုင်အောင်လို့"

"ဟုတ်လားဟင် . . . ပြောပြစမ်းပါဦးဗျာ"

ဦးလေးထွန်းဟာ ဝေါပကာလူကြီးပေမယ့် ကျွန်တော်တို့ လူငယ်တွေ ရဲ့ဝါသနာကို မကန့်ကွက်တတ်ပါဘူး။ လွတ်လပ်မှုပေးသူ ဖြစ်ပါတယ်။ သူ လည်း ငယ်ငယ်က လူငယ်ဘာသာဘာဝ ပျော်ခဲ့,ကဲခဲ့ပုံးကြောင်း စကား လက်ဆုံကျတိုင်း ပြောပြတတ်ပါတယ်။

"သူတို့လင်မယား ရန်မဖြစ်တဲ့နည်းကို ငါ ပေးမယ်"

"ဘာလဲ . . . ဦးလေးထွန်းက ညနေတိုင်း ကိုအောင်ကြီးအတွက် အရက်ဖိုးပေးမလို့လား"

"ဟင့်အင်း . . . ငါ အရက်ဖိုးပေးလည်း ရန်ဖြစ်တာက ဖြစ်နေမှာပဲ၊ အဓိကအချက်က သူ့မှာ အလုပ်မရှိဘူး၊ ဒီတော့ အလုပ်လည်းဖြစ်အောင် ပုံမှန်ဝင်ငွေရမယ့် အလုပ်တစ်ခု လုပ်ဖြစ်အောင် ဒီလိုလုပ်ကြမယ်"

ဦးလေးထွန်းပြောတာ မှန်ပါတယ်၊ ကိုအောင်ကြီးက အလုပ်မရှိတော့ ဝင်ငွေမရှိဘူး။ ဝင်ငွေမရှိတော့ စိတ်ညစ်တယ်။ စိတ်ညစ်တော့ အရက် သောက်တယ်။ အရက်မူးလာတော့ စိတ်ရဲ့ထွက်ပေါက်အဖြစ် သူ့မိန်းမကို ပြဿနာရှာတယ်၊ ဒီလိုနဲ့ သံသရာလည်နေတာပါ။ ပုံမှန်ဝင်ငွေရမယ့် အလုပ် သာရှိရင် အရက်မူးစေဦးတော့ သူ့မိန်းမကို ရန်လုပ်မှာမဟုတ်ပါဘူး။

သူတို့လင်မယား ရန်မဖြစ်တော့ဘူးဆိုရင် ကျွန်တော်တို့ရဲ့ ဂစ်တာ ဝိုင်းကလေး ပုံမှန်စိုပြည်လာနိုင်တော့မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့လေးယောက်ဟာ ဂေါပကလူကြီး ဦးလေးထွန်းရဲ့ အကြံအစည်ကို နားရှက်မလှုပ်စတမ်း နားထောင်နေမိကြပါတယ်။

"ပတ်ဝန်းကျင် သာယာအေးချမ်းအောင်လုပ်တာ ကုသိုလ်ရပါတယ်ကွ။ မင်းတို့ကောင်တွေ စိတ်ညစ်သလို ရပ်ကွက်ထဲကလူတွေ အတော်များများလည်း စိတ်ညစ်နေကြတာပဲ"

"သူတို့က ဘာလို့တစ်နည်းတစ်ဖုံ မကြိုးစားကြတာလဲဗျ"

"လူဆိုတာ အခက်သား ... ကိုယ် တကာယ်ပူမှ ပူမှန်းသိကြတာ၊ ငါကတော့ အားလုံးရဲ့အပူဟာ ငါ့အပူလို့ သဘောထားတယ်၊ မင်းတို့လူငယ်တွေ ဂစ်တာမတီးနိုင်တာလည်း ငါ့အပူပဲ"

ဦးလေးထွန်းရဲ့ လူမှုရေးစိတ်ဓာတ်ကို လေးစားသောအားဖြင့် သူပေးတဲ့အကြံအတိုင်း အကောင်အထည်ဖော်ဖို့ ကျွန်တော်တို့ ဆုံးဖြတ်လိုက်မိပါတော့တယ်။

❖ ❖ ❖



( ၅ )

ညဦးပိုင်း မှောင်စပျိုးချိန်မှာ ကျွန်တော်တို့လေးယောက် စိန်သန်းတို့အိမ်မှာ စုရုံးရောက်နေကြပါပြီ။ ကြိုတင်ပြင်ဆင်စရာရှိတာတွေကို ပြင်ဆင်ထားကြပါတယ်။

သိပ်မကြာခင်အချိန်မှာ ဂေါပကလူကြီး ဦးလေးထွန်းဟာ အရက်သမား ကိုအောင်ကြီးကို တွဲခေါ်ရောက်လာပါတယ်။ အိမ်အဝအရောက်မှာ ကျွန်တော်တို့လေးယောက်သား ဦးလေးထွန်းကို အပြင်မှာချန်ထားခဲ့ပြီး ကိုအောင်ကြီးကို အထဲဆွဲသွင်းလိုက်ပါတယ်။

ကျွန်တော်တို့လေးယောက်ဟာ ပုံမှန်မြင်နေကျဒီဖိုင်း မဟုတ်ကြပါဘူး။ နင်ဂျာတွေလို တစ်ကိုယ်လုံး အဝတ်ခြုံထားပြီး မျက်နှာကိုလည်း အိုးမည်းသုတ်ထားကြပါတယ်။ ရှင်းရှင်းပြောရရင် ငရဲသားကြီးတွေပေါ့ဗျာ။

ဖက်ကျိုးလောက်အောင် မူးပြနေတဲ့ ကိုအောင်ကြီးကို အိပ်ခန်းထဲရောက်တာနဲ့ ရေခဲရေဆွတ်ထားတဲ့ အဝတ်စနဲ့ သူ့ကုပ်ကို အုပ်လိုက်ပါတယ်။

"ဒါ ... ဒါ ... ဘယ်ကိုရောက်နေတာလဲဟင်"

"ငရဲပြည်ကိုရောက်နေတာ"

"ဗျာ ... ငါရဲ ... အဲလေ ... ငရဲပြည် ... ဟုတ်လား"

ငနဲသားကိုအောင်ကြီး မျက်လုံးပြူးသွားပါတယ်။ တစ်ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com



တုန်ယင်ကြောက်ရွံ့နေပါတယ်။ ကျွန်တော်တို့ပုံစံတွေကိုလည်း ကြည့်ပါဦး။ ခေါင်းပုံမှာ အချွန်အတက်တွေနဲ့ လက်ထဲမှာ ထင်းခွဲဓားမကိုင်သူ၊ မိုန်းကိုင်သူ၊ သံချွန်ကိုင်သူတွေနဲ့ဆိုတော့ ကိုယ့်ကိုယ်ကိုယ် မှန်ထဲကြည့်မိရင်တောင် ကြောက်စရာကြီး။

စိုးဝင်းက တမင်လုပ်ယူထားတဲ့ အသံသြသြကြီးနဲ့ ပြောလိုက်ပါတယ်။

"မောင်မင်းကို ငရဲပြည်ခေါ်ရတာ အကြောင်းရှိလို့ကွယ့်"

"ဟုတ် ... ဟုတ်ကဲ့ အမိန့်ရှိပါခင်ဗျာ"

"မောင်မင်းမှာ လူ့သက်တမ်းကျန်နေသေးပေမယ့် ဆိုးတေလွန်းအားကြီးလို့ ခေါ်လိုက်ရတာ၊ ဒီအတိုင်း မူးရူးပြီး မိန်းမကို ပြဿနာရှာမယ်ဆိုရင် အခု လူ့ပြည် ပြန်မလွှတ်တော့ဘူး၊ အဝီစိ တန်းပို့ပစ်လိုက်မယ်"

"မလုပ် ... မလုပ်ပါနဲ့ဗျာ ... ကျွန်တော် မသေချင်သေးဘူး"

"ကောင်းပြီ ... ဒါဆို အရက်မသောက်တော့ဘူးလို့ ကတိပြုရမယ်"

"ပြုပါမယ်ခင်ဗျာ ... ပြုပါမယ်"

ကိုအောင်ကြီးဟာ ကျွန်တော်တို့လေးယောက်ကို ရှိခိုးဦးတင်တောင်းပန်နေပါတယ်။ သူ ဒီလောက် ကြောက်နေပုံကိုကြည့်ပြီး ရယ်ချင်စိတ်ကို ဘရိတ်မနည်း အုပ်ထားရပါတယ်။

"ရော့ ... ဟောဒီသစ္စာရေကို သောက်လိုက်၊ သောက်ပြီးမှ ဖောက်ဖျက်ရင် ချက်ချင်းလာခေါ်မှာနော် ... ငါတို့အလွန် မရှိတော့ဘူး"

"ဟုတ်ကဲ့ပါ ... ဟုတ်ကဲ့ပါ"

သူဟာ သစ္စာရေကို တစ်စက်မကျန် သောက်လိုက်ပါတယ်။ အဲဒီထဲမှာ ဘာမီတွန်ဆယ်လုံးကို အမှုန့်ကြိတ်ပြီး ရေနဲ့ဖျော်ထားတာပါ။ သောက်ပြီး သိပ်မကြာခင် တရှူးရှူးအိပ်မောကျသွားပါတယ်။

ကျွန်တော်တို့လည်း ရုပ်ဖျက်ထားတာတွေ ကမန်းကတန်း ပြန်ပြင်ပြီး ဂေါပကဦးလေးထွန်းနဲ့အတူ သူ့အိမ်ကို လိုက်ပါပို့ဆောင်ပေးလိုက်ကြပါတယ်။ သူ့မိန်းမ ခင်အေးဝင်းဟာ လိုက်ပို့တဲ့သူတွေကို အားနာနေပုံ





ရပါတယ်။ အိမ်ရှေ့ထွက်ပြီး ပျာပျာသလဲ ဆီးကြိုပါတယ်။

"ကိုအောင်ကြီးတို့လုပ်လိုက်ရင် ဒီလိုပဲ၊ လိုက်ပို့ပေးရတဲ့သူတွေကို အားနာလိုက်တာရှင်"

"ရပါတယ် ... ကိစ္စမရှိပါဘူး၊ သူ့ကိုယ်သူ ခေါင်းမထူနိုင်တာတွေ့ရလို့"

"ဟင်း ... အဲဒါလည်း ခပ်ကောင်းကောင်းပါပဲရှင်၊ ဒီည မသောင်းကျန်းနိုင်တော့ဘူးပေါ့၊ ပတ်ဝန်းကျင်ကိုလည်း အားနာလှပါပြီ"

ကျွန်တော်တို့ သူ့ကိုပို့ပေးပြီး ပြန်လာကြချိန်မှာ အားလုံး စိတ်ချမ်းသာ, ကိုယ်ချမ်းသာနဲ့ ညတစ်ဝက်ကျိုးတဲ့အထိ ဂစ်တာတီးဖြစ်ခဲ့ကြပါတယ်။

ဦးလေးထွန်းလည်း သူ့အိမ်ပြန်ရောက်လျှင် အေးအေးဆေးဆေး မေတ္တာပို့ ပုတီးစိပ်နိုင်လိမ့်မယ် ထင်ပါတယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# ( ၆ )

ပြီးခဲ့တဲ့ညက ကျွန်တော်တို့ လုပ်ကိုင်ခဲ့ပုံကို ရှင်းပြပါမယ်။ ဦးလေးထွန်းဟာ ကိုအောင်ကြီးကို နိုင်လုံတဲ့အကြောင်းတစ်ခုပြပြီး အရက်ခေါ်တိုက်ခဲ့တာပါ။

''ဟော့ကောင် အောင်ကြီးရေ ... ဦးလေးကို တစ်ခုလောက် ကူညီကွာ''

''ဘာကူညီရမလဲ ဦးလေး ... ဘုရားမှာ ရွှေလိုက်ချပေးရမှာလား''

''မင်းကွာ ... ငါ့စကားကို ဆုံးအောင်နားထောင်ပါဦး၊ ငါ့ကို ဗေဒင်ဆရာက ဟောထားတယ်၊ ကျန်းမာရေးအညံ့ရှိတယ်တဲ့၊ အဲဒါ ယတြာချေချင်ရင် အိမ်နီးချင်းတစ်ဦးဦးကို အရက်ငါးပုလင်း တိုက်လိုက်ပါဆိုလို့၊ အင်း ... ပြောမယ့်သာပြောရတယ် ကြိုက်မှန်းမသိ, မကြိုက်မှန်းမသိ''

''အရက်သမားကို အရက်တိုက်တာ ဘာမကြိုက်စရာ ရှိမှာလဲဗျာ၊ ဒီဗေဒင်ဆရာ ကြီးပွားဦးမယ်၊ ကျွန်တော်လည်း ဒီနေ့ အရက်ဖိုး ဘယ်လိုပန်ရမလဲ စဉ်းစားရကျပ်နေတာ''

''အိုကေ ... ဒါဆို ဒီညနေ ငါလာခေါ်မယ် ... ဟုတ်ပြီလား''

ညနေ ငါးနာရီလောက်ကျတော့ ဦးလေးထွန်းက ကိုအောင်ကြီးကို သူ့အိမ်ခေါ်သွားပါတယ်။ ဘယ်က,ဘယ်လို ရှာဖွေယူလာမှန်း မသိရတဲ့





အရက်ဖြူငါးပုလင်းကို တည်ခင်းဧည့်ခံလိုက်တာ ကြွက်တွင်းထဲ ရေလောင်းသလိုပါပဲ။ ပုလင်းထဲ အကပ်အသပ်တောင် မကျန်အောင် သောက်ပစ်လိုက်ပါတယ်။

''ရှိသေးလား ဦးလေးထွန်း''

''ကုန်ပြီကွ၊ ဗေဒင်ဆရာက ငါးပုလင်းဆိုလို့ ငါးပုလင်းပဲ ဝယ်ထားတာ''

''အေးဗျာ ... ဒီဆရာ ဒီတစ်ကွက်တော့ လိုသွားတယ်၊ ဆယ်ပုလင်းလောက် ဆောင်နိုင်းထားရမှာဗျ''

''လာ ... လာ ... မင်းကို ငါလိုက်ပို့မယ်''

''ဟာဗျာ ... အရက်သမားသိက္ခာကျတယ် ... မတွဲနဲ့ဗျာ''

ပြောမယ့်သာပြောတာ သူ့ကိုယ်သူ မဟန်နိုင်ပါဘူး။ ဖက်ကျိုးကျနေပါပြီ။ ဒီလိုနဲ့ တဖြည်းဖြည်း ထိန်းခေါ်ခဲ့ရင်း ကျွန်တော်တို့အုပ်စုရှိရာ စိန်သန်းတို့အိမ်ကို ရောက်လာကြတာ ဖြစ်ပါတယ်။

ဒီမနက်တော့ အခြေအနေ စနည်းနာရအောင် သူတို့အိမ်ဘက်သွားကြည့်ကြပါတယ်။ အိမ်ရှေ့မှာ ကိုအောင်ကြီးဟာ ကြက်ကြီးလည်လိမ်ထားသလို ငေါင်စင်းစင်းထိုင်နေပါတယ်။

''ဟော့လူ ကိုအောင်ကြီး ... မနေ့ညက ခင်ဗျား ခေါင်းတောင်မထူနိုင်ဘူး၊ ကျွန်တော့်တို့တွဲပြီး လိုက်ပို့ပေးခဲ့ရတာ၊ ဒီမနက် စိတ်ပူလို့ လာကြည့်တာဗျ''

''အေးကွာ ... ငါ့မိန်းမ ပြောပြပါတယ် ... လိုက်ပို့တာ ကျေးဇူးပါပဲ''

''ကြည့်ရတာ အရက်နာကျနေပုံပဲ ... တစ်ခွက်လောက် တင်လိုက်ပါလား''

''တော်ပါပြီ ... ဒီအရက်ကို ဒီနေ့ကစပြီး မသောက်တော့ဘူး''

မြင့်နိုင်ရဲ့သွေးတိုးစမ်းစကားကို ငြင်းဆန်လိုက်တာကြောင့် ကျွန်တော်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိပါတယ်။ အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေက ကိုယ့်ဘက်ပါသွားပါပြီ။ ကျွန်တော်က ထပ်မေးကြည့်လိုက်ပါတယ်။

"ဘယ်လိုဖြစ်တာလဲ . . . ချက်ချင်း ကောက်ကာငင်ကာနဲ့ ဖြတ်မယ် ဆိုတော့"

"အေးကွာ . . . မိန်းမနဲ့ကလေးတွေအပေါ် တာဝန်မဲ့ခဲ့တာ ကြာပြီလေကွာ။ ဒီလိုသာ ဆက်သွားနေရင် ဘုရားမကြိုက်, နတ်မကြိုက်နဲ့ . . . သေပြီးရင်လည်း ငရဲခံရဦးမှာ၊ ဒါကြောင့် မိန်းမ ဈေးကပြန်လာရင် ဘုရားသွားပြီး အရက်လျှကြောင်း သစ္စာပြုဖို့ ထိုင်စောင့်နေတာလေ"

"ကြားရတာ မင်္ဂလာပဲဗျာ"

သူ တကယ် လေးလေးနက်နက်ပြောနေမှန်း သိသာပါတယ်။ နောင်တရနေပုံကိုကြည့်ပြီး ကျွန်တော်တို့ လုပ်ရကျိုးနပ်ခဲ့တဲ့အတွက် အူလှိုက်သည်းလှိုက် ပျော်မိရပါတယ်။ ပြောရင်းဆိုရင်း သူ့မိန်းမ ဈေးက ပြန်ရောက်လာပါတယ်။

"ဒီမနက် သူတောင်းပန်နေပုံများ မျက်ရည်တောင် လည်မိပါရဲ့တော် . . . ငါ မင်းကိုနှိပ်စက်ခဲ့သမျှ ငရဲမှာ နှစ်ဆပြန်ခံရမယ်လို့ ပြောပြီး ညတုန်းက ငရဲပြည်ရောက်ခဲ့ပုံအကြောင်း ပြောပြတာ ကြောက်ဖို့ကောင်းလိုက်တာ"

သူ့ဖနီးခင်အေးဝင်းက ဝမ်းသာအားရပြောပြနေပေမယ့် သူမရဲ့ မျက်လုံးတစ်ဖက်ကတော့ အရင်ရက်တွေက ထိုးထားတဲ့အရှိန်ကြောင့် မူးရောင်နေတုန်းပါပဲ။

"ငါလည်း တကယ်နောင်တရပါပြီကွာ။ ငါ့မှိုက်ပြစ်တွေပါ၊ ဒါကြောင့် အခုကစပြီး အရက်မသောက်တော့ဘူး။ မင်းတို့မိသားစုကို သမ္မာအာဇီဝကျကျ လုပ်ကိုင်ကျွေးတော့မယ် . . . ကုန်ပဲ ထမ်းရ ထမ်းရ, ဆိုက်ကားပဲ နင်းရ နင်းရ"

သူ့မိန်းမကို ကြင်ကြင်နာနာနဲ့ ပခုံးဖက်ပြီး ပြောပြလိုက်ပါတယ်။ သူ့မိန်းမမျက်နှာပေါ်မှာ ပီတိတွေဖြာဝေနေသလို ကျွန်တော်တို့လည်း ကုသိုလ်စိတ် စိတ်အဟုန်ကြောင့် ကျိတ်ပြီး ပျော်နေမိကြပါတယ်။





"သြော် . . . ဒါထက် စိန်သန်းရေ"

"ဗျာ"

"မင်းတို့အိမ်မှာ ညက ငါ့ဦးထုပ် ကျန်ရစ်ခဲ့သလားကွာ"

"ဟင် . . . ဘာ . . . ဘာပြောတယ်"

"ငါ့ဦးထုပ်လေကွာ . . . မင်းတို့အိမ်မှာ ကျန်ရစ်ခဲ့သလားလို့"

"ဟို . . . ဟို . . . ငရဲပြည်ကို ပြောနေတာလား"

"အေးလေ . . . တခြား ဘယ်နေရာ ရှိရဦးမှာလဲ"

"ဟီး ဟီး . . . ဒါဖြင့် ကိုအောင်ကြီး ညကကိစ္စ သိတယ်ပေါ့လေ . . . ဟဲ ဟဲ"

စိန်သန်းဟာ ပိပိရိရိလုပ်ခဲ့သမျှ တစ်ဖက်လူက သိထားပြီးပြီဆိုတော့ ရှူးသလို ပေါသလို လုပ်ပြလိုက်ပါတယ်။ ခုနက ကတိစကားတွေဟာ တကယ်ပဲ ယုံရမှာလား။ အတည်ပေါက်နဲ့ ပြန်လိမ်နေတာလားဆိုတာ ဝေခွဲမရတော့ပါဘူး။

"သိပ်သိတာပေါ့ကွာ၊ ငါက အမူးသမားပါ၊ အရူးမှ မဟုတ်တာ၊ ဦးလေးထွန်းတိုက်တဲ့ အရက်ငါးပုလင်းသောက်တော့ ပျင်းသနားတယ်၊ အပြန်မှာ ငါ့အိမ်ကိုမပို့ဘဲ ဘာလို့ မင်းတို့အိမ် ခေါ်လာရသလဲဆိုတာ ဇဝေဇဝါဖြစ်နေတာ၊ ပထမတော့ ငါ့ကို အရက်ထပ်တိုက်မယ် မှတ်နေတာကွ၊ အထဲရောက်တော့မှ မင်းတို့ကောင်တွေ လုပ်ပုံကိုင်ပုံကိုကြည့်ပြီး ရယ်ချင်စိတ်ကို မနည်းထိန်းထားရတယ်"

"ရမလားလို့ လုပ်ကြည့်တာပါ ကိုအောင်ကြီးရာ"

"ငါနားလည်ပါတယ်၊ ပထမတော့ မူးနေတဲ့အရှိန်ကြောင့် ပြူးပြူးပြဲပြဲ လုပ်ဦးမလို့ပဲ . . . အသေအချာ စဉ်းစားလိုက်တော့ မင်းတို့စေတနာနဲ့ လုပ်တာဟာ ထင်ရှားနေတာကြောင့် အလိုက်သင့် ဖော်လိုလိုက်ပေးခဲ့တာ၊ ငါ တကယ် နောင်တရပါပြီကွာ၊ လုံးဝ အရက်မသောက်တော့ပါဘူး။ ငါ့ကို ကူညီလက်စနဲ့ အလုပ်တစ်ခုခု ရှာပေးကြပါကွာ . . . သိလား"

ကျွန်တော်တို့လေးယောက် စုဆောင်းထားတဲ့ မုန့်ဖိုးငွေတွေနဲ့



www.burmeseclassic.com

 www.burmeseclassic.com


ကိုအောင်ကြီးတို့ မိသားစု အေးချမ်းသာယာစေဖို့ ဆိုက်ကားတစ်စီးရှာဖွေပြီး စပေါ်တင်ပေးလိုက်ကြပါတယ်။ နည်းနည်းချင်း ပြန်ဖုံ့ဆပ်တာကြောင့် အခု တော့ ကျေသွားပါပြီ။

ဘာပဲဖြစ်ဖြစ် လူတစ်ယောက်၊ မိသားစုတစ်စု ကောင်းရာမွန်ရာ ဖြစ်သွားစေဖို့ ကျွန်တော်တို့လူငယ်လေးယောက် လုပ်ပေးနိုင်ခဲ့မှုအပေါ် တစိမ့်စိမ့်တွေးမိတိုင်း ကြည်နူးပီတိ ဖြစ်မိရပါတယ်။

လူငယ်ဆိုတော့ အများလည်း မကောင်းကြဘူးပေါ့။ ဒါပေမဲ့ ကောင်း ရာမွန်ရာလေးတွေလည်း ကူညီလုပ်ကိုင်ပေးတတ်တဲ့အကြောင်း အများသိ အောင် လက်တို့ပြီး ပြောပြလိုက်ချင်ပါရဲ့ဗျာ။

အဲဒီနေ့ကစပြီး ကျွန်တော်တို့ရဲ့ ဂစ်တာဝိုင်းကလေး စိုပြည်အသက် ဝင်ခဲ့ရသလို ဦးလေးထွန်းရဲ့ မေတ္တာပို့အမျှဝေသံဟာလည်း ကြားရသူတိုင်း ကြည်နူးစရာပါပဲ။

ရဲစတိုင်း



လင်းရောင်ခြည်စာပေ

www.burmeseclassic.com

www.burmeseclassic.com

# အုန်းတလု

လရောင်ချို

အစကတော့ ဒီတဲစုကလေးကို ငါးအိမ်စုလို့ ခေါ်ကြတယ်။ ငါးအိမ်တစ်စုတစ်ဝေးတည်း ရိုးချောင်းကလေးဘေးမှာ ယာတဲပမာ ဆောက်လုပ်ထားကြတာကို အစွဲပြုပြီး ငါးအိမ်စုလို့ အလွယ်ခေါ်ကြတာပေါ့။ အနောက်ရိုးမတောင်ခြေနဲ့ မလှမ်းမကမ်းမှာရှိတယ်။ အရှေ့စူးစူးကို လျှောက်ရင် 'ကညွတ်ကွင်း' ဆိုတဲ့ မြို့ကလေးကို ရောက်မယ်၊ တောင်နဲ့မြောက်ကတော့ လယ်ယာမြေပြန့်လွင်ပြင် တစ်မျှော်တစ်ခေါ်ကြီးပေါ့။

ငါးအိမ်စုက ထန်းသုံးပင်ရွာကြီးမှာ လယ်ယာလုပ်ကိုင်တဲ့ ကိုပေတော တို့ညီအစ်ကိုတွေ စုဆောက်ထားတဲ့ ယာတဲဖြစ်တယ်။ အနောက်ရိုးမပေါ် တက်တဲ့လှည်းလမ်းနဲ့ လူသွားလမ်းဘေးမှာ ကပ်ဆောက်ထားလို့ ထန်းသုံးပင်နဲ့ တခြားရွာတွေက တောင်ပေါ်ထင်းခုတ်တက်ကြရင်ပဲဖြစ်ဖြစ်၊ တောင်ခြေရွာတွေကို အလည်အပတ်နဲ့ အလှူအတန်း၊ မင်္ဂလာပွဲ အစရှိသဖြင့် လူမှုကိစ္စအဖုံဖုံနဲ့ သွားကြလာကြရင်ပဲဖြစ်ဖြစ် ကိုပေတောတို့ရဲ့ ငါးအိမ်စုကို မဖြစ်မနေ ဖြတ်သန်းသွားကြရတယ်။ အဲဒီလို ဖြတ်သန်းသွားကြတဲ့အခါတိုင်း အနီးအပါး ရွာဝန်းကျင်မှာ လူရည်လည် အပေါင်းအသင်းဆန့်ပြီး လူချစ်လူခင်များတဲ့ ကိုပေတောကို လမ်းပေါ်က သိဟောင်းကျွမ်းဟောင်းတွေက လှမ်းအော်ပြီး နှုတ်ဆက်သွားကြတယ်။ တချို့ကတော့ အဖန်ရည်လေး ဘာလေးသောက်ဖို့ ဝင်နားရင်း ကိုပေတောနဲ့ အာလူးဖုတ်ချင် ဖုတ်သွားတတ်



www.burmeseclassic.com

www.burmeseclassic.com



တယ်။

ကိုပေတောကတော့ ယာထဲစောင့်တဲ့သူ့အိမ်မှာ သုံးနှစ်သုံးမိုးကြာအောင် နေပြီးကတည်းက ထန်းသုံးပင်ထဲက အိမ်ရှိရာကို မပြန်တော့ဘူး။ သူ့မိန်းမနဲ့ ကလေးတွေ လိုက်လာပြီးနေကြတယ်။ ယာလုပ်သူတွေ စပါးရိတ်သိမ်းချိန်၊ သီးနှံခင်း ပြန်စိုက်ပျိုးကြချိန်ဆိုရင် ရွာထဲမှာထက် ယာထဲကတဲတွေမှာ အနေများကြတယ်။

ကိုပေတောတစ်ယောက်လည်း စပါးရိတ်သိမ်းပြီး တလင်းနယ်ချိန်မို့ ယာထဲကတဲစုမှာ အနေများခဲ့တယ်၊ အဲဒီလို အနေများရင်းက ကိုပေတောတစ်ယောက် အဖြစ်အပျက်တစ်ခု ကြောင့် 'အုန်းတစ်လု' ခေါ် 'ကိုအုန်း' ဆိုတဲ့ နာမည်ပြောင်တစ်ခု ရလာခဲ့ရတယ်။

အဖြစ်က ဒီလိုရယ် . . .။ ကိုပေတောက ခွေးချစ်တတ်တယ်။ ကိုပေတောမှာ အမဲလိုက်တော်တဲ့ စုတ်ဖွားဆိုတဲ့ ခွေးတစ်ကောင်ရှိတယ်။ စုတ်ဖွားက ကြွက်လိုက်၊ ယုန်လိုက်တဲ့နေရာမှာ ဘာတော်သလဲ မမေးနဲ့။ လွတ်ရိုးထုံးစံ မရှိ။ သားကောင်ကို အမိဖမ်းနိုင်တယ်၊ အဲဒါကြောင့် စုတ်ဖွားဟာ ကိုပေတောအမဲလိုက်တဲ့အခါတိုင်း အမြီးလေးတနှံ့နှံ့နဲ့ အမြဲလိုက်ပါတတ်တယ်။ ကိုပေတောရဲ့ လက်စွဲတော်ကြီးပေါ့။

တစ်နေ့တော့ ကိုပေတောတစ်ယောက် ကြွက်လိုက်ပါလေရော။ တချို့စပါးခင်းတွေက ရိတ်သိမ်းပြီးလို့ ရိုးပြတ်တောတွေ ဖြစ်ကုန်ကြပြီ။ တချို့စပါးခင်းတွေက မရိတ်သိမ်းရသေးဘူး။ ပြွတ်သိပ်ယိမ်းငိုက်နေတဲ့ စပါးနှံသိုက်ကို ကိုက်ဖြတ်စားသောက်ပြီး အဆီတွေတင်းနေတဲ့ လယ်ကြွက်ကြီးတွေဟာ နွေအခါမှာတောင် စပါးခင်းတွေထဲမှာ သောင်းကျန်းချင်တိုင်း သောင်းကျန်းနေတတ်သေးပြန်တယ်။

တစ်မြန်နေ့က ကိုပေတောညီ အောင်ဘော်တစ်ယောက် လယ်ကြွက်သွားထောင်တာ တစ်ပိဿာနီးပါးရှိတဲ့ ကြွက်ကြီးဆယ်ကောင်လောက်မိခဲ့တာ . . . ဖျက်ပြီး ရွာထဲသွားရောင်းလို့ ဦးဂျမ်းပုဆိုး ဝယ်ဝတ်နိုင်တဲ့ အမြတ်ရတဲ့အပြင် တဲငါးအိမ်လိုက်ဝေလို့ ကြွက်သားနဲ့မလဲနိုင်တဲ့ လယ်ကြွက်





ကင်သားကို ငရုတ်သီးစပ်စပ်နဲ့ကြော်ပြီး ချဉ်ရည်ဟင်းနဲ့ ကိုပေတော စားမြိန်ခဲ့ရတာ သိပ်မဝချင်သေးဘူး။

ကျတ်တီးကုန်းဘက်မှာ ကြွက်ပေါတယ်ဆိုလို့ ကြွက်ထောင်တဲ့ ကပ်ပိတွေ၊ ကြွက်ထိုးတဲ့ ရူးတံမှိန်းတွေကိုင်ပြီး လက်စွဲတော် စုတ်ဖွားကိုခေါ်ကာ ကြွက်လိုက်ထွက်လာဖြစ်ခဲ့ရတာပေါ့။

ကျတ်တီးကုန်း ရိုးပြတ်တောကိုရောက်တော့ ညနေ ဆည်းဆာက ပုစွန်ဆီအသွေးအရောင်တွေ ဖြာဝေလို့ . . .။ ကြွက်တွင်းတွေအနားမှာ ကပ်ပိတွေ လိုက်ထောင်တယ်။ ထောင်နေရင်းတန်းလန်းက ကြွက်တစ်ကောင် ဖြတ်ပြေးပြီး ကျင်းတစ်ကျင်းထဲ လှစ်ခနဲဝင်သွားတာ တွေ့လိုက်ရတယ်။

"စုတ်ဖွား . . . မင်းအလှည့်ကျပြီ၊ တွင်းနှုတ်ခမ်းက အဆင်သင့်စောင့်နေ၊ ငါ ရူးနဲ့ထိုးတာနဲ့ ကြွက်ပြေးထွက်လာလိမ့်မယ်၊ အလွတ်မခံနဲ့ . . . ငါ့ကောင်ကြီး အမိအရသာ လုမ်းဟပ်ပြီး ကုပ်ကို အပြတ်ခဲထားလိုက်ပေတော့၊ မင်းတော်ရင် ထန်းလျက်တစ်လုံး ဆုချမယ် . . . ဟုတ်လား"

စုတ်ဖွားက သူ့သခင်ပြောတာ နားလည်သည့်အလား မျက်တောင်ပုတ်ခတ်ပြီး နှုတ်ခမ်းတွေကို လျှာကြမ်းရှည်ကြီးနှင့် သိမ်းသပ်နေ၏။ ကိုပေတောက ကြွက်ဝင်သွားသောတွင်းကို ရူးနှင့်ထိုးသည်နှင့် စုတ်ဖွားက တွင်းနှုတ်ခမ်းမှာ အသာဝပ်ပြီး ကျားချောင်း ချောင်းနေလေပြီ။ ကိုပေတော ရူးထိုးသည့်တွင်းမှာ ကင်းပိတ်တွင်းတိုလေးဖြစ်မှန်း ကိုပေတော လက်နှိုက်ကြည့်မှုန်း၍ သိပြီးသား။ ကယ်ပေါက်တွေ လုံးဝမရှိ။

ကိုပေတောက တစ်လုံးထိုးမှိန်းနဲ့ ကျင်းထဲကို လိုက်စမ်းပြီး ထိုးဆွကြည့်လိုက်တယ်။ ကြွက်အော်သံကြားတယ်။ ကြွက်ကို ထိသွားပုံရတယ်။ ကြွက်က ထွက်မလာဘူး။ တွင်းထဲမှာပဲ ဒဏ်ရာရပြီး မှိန်းနေသလား၊ သေနေသလား။

ကိုပေတောကတော့ ဓလေ့အတိုင်း ခါးတောင်းကို မြှောင်နေ မြောင်နေအောင် ကျိုက်လိုက်တယ်။ တွင်းထဲကို လေးဖက်ကုန်းပြီး ကြည့်တယ်။ မှောင်နေလို့ မမြင်ရဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ . . . မုဆိုးဒူးထောက်ထိုင်ပြီး စဉ်းစားတယ်။ ခါးတောင်းမြှောင်နေအောင် ကျစ်ကျစ်လေး ကျိုက်ထားလို့ ကိုပေတောရဲ့ မွေးရာပါတစ်ဝက်က နေရှိန်ပျပျမှာ တွဲပြီး ဘေးကိုကျနေတယ်။ လယ်တောထဲမှာဆိုတော့ ဘယ်သူမြင်တာ မှတ်လို့။ လွတ်လွတ်လပ်လပ်ပေါ့။

အဲဒီအချိန်မှာပဲ အလစ်ချောင်းနေတဲ့ ကြွက်က 'ဖြုန်း'ဆို တွင်းထဲကနေ လှစ်ခနဲ ပြေးထွက်ပြီး ကိုပေတောရဲ့ပေါင်ကြားထဲ ဖြတ်အဝင် . . .

ပါးနပ်လျင်မြန်သော သတ္တဝါချင်းအတူတူ သားကောင်လိုက် ကျင်လည်နေတဲ့ စုတ်ဖွားက ကြွက်ကို ဆတ်ခနဲ ထိုးဟပ်လိုက်တယ်။

ပြဿနာက အဲဒီမှာ စတော့တာပဲ။

ကြွက်က ကိုပေတောရဲ့ မုဆိုးဒူးထောက်ထိုင်နေတဲ့ ခြေထောက်ကြားက ဖြတ်ထွက်ပြေးသွားပြီး စုတ်ဖွားက . . . မှီရာလှမ်းဟပ်လိုက်တဲ့အခါ ကိုပေတောရဲ့ မွေးရာပါတစ်ခြမ်းကို သွားဟပ်မိပြီး ကိုက်ခဲ့ငုံကာ ခါယမ်းလိုက်တဲ့ဒဏ်ကို ကိုပေတော မရှုမလှ ခံလိုက်ရတယ်။ ဝေဒနာ ဘယ်လောက်ပြင်းထန်သလဲတော့ မေးမနေနဲ့။

ကိုပေတောတစ်ယောက် တုံးခနဲ ပစ်လဲပြီး သတိလစ်သွားပါလေရော။ စုတ်ဖွားလည်း သားကောင်မဟုတ်မှန်း သိတော့မှ ငုံခဲဖိကိုက်ထားတာကို လွှတ်ပေးလိုက်တယ်။ သူ့သခင် မောပန်းလွန်း၍ အနားယူနေတယ်ထင်ပြီး သခင့်ပါးကို လျှာနဲ့တောင် သွားလျက်ပေးနေလိုက်သေးတယ်။

ကံကောင်းလို့ပေါ့။ ကိုပေတောရဲ့ ညီအလတ်တစ်ယောက် ဗျိုင်းပစ်ပြီး ပြန်လာတာနဲ့သွားကြုံလို့။ သူ့အစ်ကိုကြီး ပိုးထိတယ်ထင်ပြီး လယ်ကွက်ထဲမှာ ပြန့်ကျဲနေတဲ့လူတွေကို အသံပြာအောင် အော်ဟစ်အကူအညီ တောင်းတော့တာပေါ့။

အနီးဝန်းကျင်က ဘဝတူ လယ်ယာလုပ်သားတွေ ရောက်လာပြီး ကိုပေတောဒဏ်ရာကို စစ်ဆေးကြတယ်။

"မြွေကလည်းကွ . . . ပေါက်စရာရှားလို့ ဒီနေရာမှ ရွေးပေါက်ရတယ်လို့၊ အခု ဘယ်လိုလုပ်မလဲ . . . မြွေဆိပ်မပျံ့အောင် ဘယ်နေရာကို





ပတ်တီးစည်းမလဲ"

"လုပ်မနေနဲ့ ဘကြီးအောင် . . . ဝါးလုံးပုခက် မြန်မြန်ဆင်ပြီး မြို့ဆေးရုံအရောက် ပို့ကြမယ်"

"ရွာထဲက ကျွန်းမာရေးမှူးအမြန်ခေါ်တာ ပိုကောင်းမယ် ထင်တယ်"

"ကျန်းမာရေးမှူး ဖျားနေလို့ မြို့ဆေးရုံတက်နေရတယ်လေဗျာ"

"သူ့ကိုယ်သူ ပြန်မကုနိုင်ဘူးလားဟ"

"ဆံသဆရာလို သူ့ကိုယ်သူ ပြန်ညှပ်လို့ မလွယ်သလိုပေါ့ ဘကြီးရယ်၊ ကဲ ကဲ . . . ပြောနေကြာတယ် . . . နီးတဲ့တဲက စောင်ကောင်းကောင်းတစ်ထည်နဲ့ နွားချည့်ကြိုးတွေ ယူလာခဲ့စမ်း နီမောင်၊ အောင်တိုးက ထမ်းပိုးဖို့ ဝါးပိုးဝါး တောင့်တောင့်တစ်လုံး အမြန်ရှာ၊ မှတ်ကြီးက ငါးအိမ်စုကို ပြန်ပြီး ဆေးရုံတက်ဖို့ လိုရမယ်ရတွေ စုထည့်ပြီး ပေတောက မိန်းမနဲ့ ဆွေမျိုးတွေကို နောက်ကနေ ဆေးရုံအမြန်လိုက်လာဖို့ အကြောင်းကြားချေကွယ်"

"ဒီခွေးစုတ်ကို ဘယ်လိုလုပ်မလဲ . . . သူ့သခင်အနားမှာ တအီအီနဲ့ အလကားကောင် . . . သူ့သခင် မြွေပေါက်ခံရတော့ ဒင်း ဘယ်ရောက်နေသလဲ မသိဘူး"

"ဟော့ကောင် လှမောင် . . . ဒဏ်ရာက မြွေကိုက်တာနဲ့ မတူဘူး . . . ဒဏ်ရာက မြွေစွယ်ရာတော့ မဖြစ်နိုင်ဘူး"

"အရေးထဲ သမားတော်က အမှုစစ်သလို စစ်ဆေးနေသေးတယ်၊ သွေးထွက်လွန်ကုန်တော့မယ်၊ ဆေးရုံပို့ဖို့ အမြန်လုပ်ကြဟေ့ . . . လုပ်ကြ"

"လုပ်နေတယ် . . . ခိုင်းတဲ့အတိုင်း သွားတဲ့လူတွေလည်း သွားလုပ်ကုန်ကြပြီ၊ ကိုလှမောင်တစ်ယောက်တည်း တောင်ပြောမြောက်ပြော"

"ငါပြောလို့ပေါ့ကွ . . . နှမ်းမို့ မင်းတို့ နှလပိန်းတုံးတွေ ယောင်ခြောက်ဆယ်လုပ်နေမှာ မဟုတ်လား၊ ဟိုကောင် ငခဲ . . . ဒဏ်ရာကို မင်းအကျႌချွတ်ပြီး ဖိအုပ်ပေးထားစမ်း"

"မလုပ်ပါနဲ့ဗျာ၊ ကျုပ်မှာ . . . ဒီတစ်ထည်ပဲရှိတာ၊ ကိုကြီးလှမောင် အကျႌချွတ်ပေး . . . ကျွန်တော် အုပ်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဒီကောင်ကွာ အသက်တစ်ချောင်းက အရေးကြီးသလား, မင်း အကျိုက အရေးကြီးသလား''

''ကိုကြီးလှမောင်ရဲ့အကျီကကော အရေးကြီးသလား''

ရော့ ... ရော့ ... ဟော့ကောင် ... ငါလည်း ဒါ၀တ် ကိုယ်တော် မို့လို့ မင်းကို ဒီလောက်ပြောနေရတာပေါ့၊ ပေတော ... ပေတော ... ဘာမှမပူပါနဲ့ငါ့ကောင်ရေ့ သေတာထက်အပြင် ဘာမှဖြစ်လာစရာ အကြောင်း မရှိတော့ပါဘူးကွာ ... စိတ်တင်းထားစမ်းပါ''

ဘကြီးကောင်းက ကွမ်းတံတွေး ပျစ်ခနဲ ထွေးလိုက်ရင်း ...

''အရေးဆို မင်းကတစ်မှောင့် ... နေရာတကာ လျှာရှည် နှာရှည် နိုင်လွန်းလို့ ရွာဦးကျောင်းက ဘုန်းဘုရားက မင်းကို မျက်နှာသာကို မပေး တာပေါ့၊ ကြပ်ကြပ်အာချောင်လေ ကြိမ်ဘုနဲ့ ခေါက်ခံရလေမှတ်လား''

ကိုပေတော သတိပြန်လည်လာသလို ညည်းညူလေ၏။

''ဟ ... ပေတော ပြန်သတိရပြီ ... ဒီကောင် အသက်ပြင်းသကွ''

''ပေတော ... မင်းကိုကိုက်တာ ဘာမြွေလဲ ... မင်း တွေ့လိုက် လား''

''အား .. အား .. ကျွတ် ကျွတ် ကျွတ် ... နာလိုက်တာ သေမ တတ်ပဲ၊ ကျုပ် ... ကျုပ်ကို မြွေမကိုက်ဘူး ... စုတ်ဖွား ... ခွေးမသား စုတ်ဖွား''

''ဟကောင် ပေတော ... စုတ်ဖွားက နဂိုကတည်းက ခွေးမက မွေးထားလို့ ခွေးဖြစ်နေတာလေ၊ ဒီကောင် ဒဏ်ရာအရှိန်နဲ့ ငန်းဖမ်းပြီး တွေ့ကရာတွေ လျှောက်ပြောနေပြန်ပြီနဲ့ တူတယ်''

''စုတ်ဖွားကို သတ်မယ် ... စုတ်ဖွားကို သတ်မယ်''

ကိုပေတောရဲ့ ကြိမ်ဝါးသံကို ရိုးပြတ်ကွင်းတစ်လျှောက်မှာ ပဲ့တင် ပျံ့ပြီး ဆူညံသွားတော့သည်။

❖





ကိုပေတောတစ်ယောက် ဆေးရုံမှာ ဆယ့်ငါးရက် တက်ရောက် ကုသလိုက်ရ၏။ မွေးရာပါ တစ်ခြမ်းမရှိတော့။ ''ဥတစ်လုံး တစ်ကောင် ကြွက်''ဆိုသည့်စကားမှာ တစ်ကောင်ကြွက်ကြောင့် 'ဥ'တစ်လုံးဘ၀ကို ရောက်သွားရသည်ကတော့ ကိုပေတောရဲ့ ဖြစ်ရပ်မှန်။

ဖြစ်ရပ်မှန်ကို ကြားသိကြရမှ ထန်းသုံးပင်ရွာသားတွေ လူစုမိတိုင်း မပြောမဖြစ် ဟာသအဖြစ် ပြောပြောပြီး. ရယ်လိုက်ကြတာ ... စီစီကို ညံနေတော့တာပဲ။ ကိုပေတောတို့မိသားစုဆိုတာ ရှက်လွန်းလို့ အိမ်ပြင်တောင် ခုနစ်ရက်လောက် မထွက်ကြဘူး။ ဆေးရုံက ပြန်ဆင်းလာတဲ့ ကိုပေတော ဆိုရင်တော့ လိပ်ဖြစ်ရင် ခေါင်းဝှက်လမ်းလျှောက်ပြီး ရွာထဲကသူ့အိမ်ကို ပြန်ရောက်လာမှာ သေချာတယ်။

ရွာသားတွေက ကိုပေတောကို 'ဥတစ်လုံး' ကို မခေါ်ရက်ကြလို့ 'အုန်းတစ်လု' လို့ ပြန်လှန်ခေါ်ပြီး မကြားတကြား ပြောကြ၊ ဆိုကြ၊ စကြ၊ နောက်ကြတယ်။ ကိုပေတောတစ်ယောက် စုတ်ဖွားကို တွေ့ရာသချိုင်း ဓား မဆိုင်းဘဲ အတင်းလိုက်သတ်နေပုံကလည်း ဟာသကိုမြောက်ရော။ စုတ်ဖွား ခမျာ အိမ်မကပ်ရဲရှာဘူး။ ဟိုချောင်ဒီချောင် ခိုပြီး သူ့သခင်ဒေါသကို အိုဟ စတေးရှောင်သလို ရှောင်နေရတယ်။

ကိုပေတောကလည်း ကိုပေတောပဲ။ စုတ်ဖွားကို လေးခွနဲ့နီး လေးခွနဲ့ လိုက်ပစ်တယ်။ ဝါးရင်းတုတ်နဲ့နီး ဝါးရင်း တုတ်ဆွဲပြီး လိုက် ရိုက်တယ်။ တစ်ခါက ခွေးသိပ်ချစ်တဲ့ ကိုပေတောတစ်ယောက် ခွေးဆိုရင် အသေမုန်းလိုက်ပုံကတော့ စံပြမုဆိုးကြီးကို ဖြစ်ရောပဲ။

စုတ်ဖွားကို သေအောင် မသတ်ရတိုင်း တွေ့သမျှခွေးတွေ အော် ဟစ်ဆဲဆိုပြီး လိုက်လိုက်ရိုက်နေတော့တာပဲ။ ရွာထဲကလူတွေ သူ့ကို 'အုန်း တစ်လု'လို့ မကြားတကြား စနောက်နေကြတာကိုလည်း ဝါးရင်းတုတ် တစ်ချောင်းနဲ့ ရွာရိုးကိုးပေါက် ပတ်ကြမ်းလိုက်တာ ကလေးလူကြီး ဘယ်သူမှ မခေါ်ဝံ့ကြတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကိုပေတောနဲ့ ပြောမနာဆိုမနာ ရင်းနှီးတဲ့ လူရွတ်လူနောက် တချို့ကတော့ ကိုပေတောကို အဖျားဆွတ်ပြီး 'ကိုအုန်း' 'ကိုကြီးအုန်း' လို့ ခေါ်တတ်ကြသေးတယ်။

ကိုပေတော သိပ်ရက်လာပြီး ရွာထဲမှာနေရင်တော့ သူက ကွယ်ရာက မခံချင်လေ ပိုစနောက်ပြောကြလေဆိုတဲ့ ရွာသူရွာသားတချို့ကြောင့် ကြာရင် ကိုပေတော အမှုတွဲမိတော့မယ်။ အဲဒါကြောင့် မိသားစုအဂနုန်ခေါ်ပြီး ယာတဲမှာ စုနေလိုက်ကြတယ်။

ဒီလောက် ရှင်းရှင်းနေတာတောင်မှ ကိုပေတောတို့နေတဲ့ 'ငါးအိမ်စု'ကို 'အုန်းတစ်လု'လို့ ရွာသူရွာသားတွေက ပြောင်းခေါ်ဖြစ်အောင် ခေါ်လိုက်ကြသေးတယ်။ နောက်တော့ အနီးဝန်းကျင်ရွာတွေက ဆက်နွယ်ရာ ရွာသားတွေပါ သိကြားကုန်ကြပြီး 'ငါးအိမ်စု'တဲ့တန်းလို့ ဘယ်သူမှ မခေါ်ကြတော့ဘူး။

'အုန်းတစ်လု' တဲ့တန်းလို့ပဲ ခေါ်ကြတော့တယ်။ အဲဒီလို ခေါ်သံမျိုး မကြားတကြား ကြားရလေ ကိုပေတောက သူ့ငယ်ပါတစ်ခြမ်းကို ပါးစပ် သရမ်းသွားသည့် စုတ်ဖွားကို သတ်ချင်လေလေ၊ ဒေါသကြီးပြီး စုတ်ဖွားကို သတ်ဖို့ . . . ဒူးလေး၊ မြှားနဲ့ တခြားလက်နက်ဆန်းတွေ တီထွင်ထုတ်လုပ်ပါလေရော။ စုတ်ဖွားကို အစာနဲ့မျှားတယ်။

တွင်းတူးပြီး ကျင်းထဲမှာ ဆူးငှာင့်ထောင်တယ်။ ဘယ်လိုလုပ်လုပ် အကင်းပါးတဲ့စုတ်ဖွားကို မိဖို့ကတော့ မလွယ်ရေးချ မလွယ်။

စုတ်ဖွားကလည်း သခင်ဟောင်းက ကြံ့ပြီဆိုတော့ သူ့အပေါ် ကောင်းမယ်ထင်တဲ့ သခင်ဘသစ်ကို မင်ရတော့ပြီပေါ့။ တခြားမဟုတ်ပါဘူး။ ရွာမြောက်ဖျားက မုဆိုးမ သားအမိနှစ်ယောက်အိမ်အောက်မှာ စုတ်ဖွား စတည်းချနေတာကို ဆိုလိုချင်တာပါ။ ဒေါ်ဒေါင်းက ဆင်းရဲမွဲတေပေမယ့် စေတနာတော့ ကောင်းရှာပါတယ်။ သူ့ခမျာ ကောက်သင်းကောက်လို့ ရတာလေးတွေ၊ ရွာထဲမှာ တောက်တိုမယ်ရလုပ်ရတာလေးတွေနဲ့ သားအမိနှစ်ယောက် လောက်ငရုံ စားသောက်နိုင်တာလေးတွေထဲက စုတ်ဖွားကို ခွဲကျွေး





ရှာပါတယ်။

စုတ်ဖွားရဲ့ သခင့်အမျက်ဒဏ်သင့်နေတဲ့ သတင်းကိုလည်း ကြား သိထားကြပြီး တစ်ရွာလုံး စုတ်ဖွားကို ဘယ်သူမှ လက်မခံရဲကြတဲ့အချိန်မှာ 'ရွှေသီး'တို့က မသိမသာလေး လက်ခံထားကြတယ်။ လယ်တောမှာ ကိုပေတောနဲ့ ရွှေသီးတို့ ဆုံဖြစ်ကြတိုင်း . . .

"ဟေ့ကောင် ရွှေသီး . . . မင်းအိမ်မှာ ဟိုခွေးမသား စုတ်ဖွား လာနေတယ်လို့ ငါသတင်းကြားတယ်၊ အဲဒီကောင်ကို ငါသတ်မလို့ လိုက်နေတာကွ၊ မင်းအိမ်အောက် ငါလာဖမ်းမယ် . . . ဖြစ်မလား"

"ဖမ်းလေ ဦးလေးပေတော . . . ကျွန်တော်တို့က တမင် မွေးထားတာမဟုတ်ပါဘူး . . . သူ့ဘာသာသူ လာနေတာပါ"

"အေး . . . ဒါဆို ဒီည ငါလာခဲ့မယ်"

အဲဒီညမှာ ရွှေသီးက စုတ်ဖွားကို ထန်းလျက်ခဲနဲ့မျှားပြီး အရိုးကျော့တို့ ကောက်ရိုးပုံဘေးမှာ ရွှေ့ထားလိုက်တယ်။

ကိုပေတော လက်နက်မျိုးစုံနဲ့ တပည့်နှစ်ယောက်နဲ့ ရောက်လာပြီး စုတ်ဖွားအလာကို တစ်ညလုံး ထိုင်စောင့်တယ်။ အရုဏ်ဦး ကုလားတက်တုံးမောင်းခေါက်သံကြားမှ မကျေမချမ်းနဲ့ တောက်ခေါက်ပြီး ပြန်သွားတယ်။

ဒေါ်ဒေါင်းက ကိုပေတောကို ရွှေပြည်အေးတရားလေး ဟောပါသေးတယ်။ ကိုပေတောက ရွှေပြည်အေးတရားလည်း ကြားရော ဒေါ်ဒေါင်း တည်တဲ့ရေနွေးကြမ်းကို မှုတ်သောက်နေရာက ဆတ်ခနဲချပြီး လက်ဖျားနဲ့တောင် မတို့တော့ဘူး။

"ဘာမှ လာမပြောနဲ့ . . . ခင်ဗျားအကြောင်းနဲ့ ခင်ဗျား၊ ကျုပ်အကြောင်းနဲ့ ကျုပ်ဗျ . . . မဒေါင်းရဲ၊ စုတ်ဖွားကို မသတ်ရမချင်း ကျုပ်စိတ်ဒုက္ခရောက်ရတယ်၊ ကျုပ် လူညွန့်တုံးသွားလို့ ခင်ဗျား ဘာပြန်လုပ်ပေးနိုင်သလဲ၊ လုပ်မပေးနိုင်ရင် ဘာမှမပြောတာ အကောင်းဆုံးပဲ"

"ပြောမရရင်လည်း ကိုကြီးအုန်းသဘောပေါ့"

"ဘာ . . . ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် . . . ဘွာတေး . . . မေ့လို့တော် . . . ကိုပေတော သဘော ပေါ့လို့"

"မဒေါင်းနော် . . . မဒေါင်း . . . တစ်ရွာတည်းသားချင်းမို့ ကျုပ် သည်းခံလိုက်တယ် မှတ်ပါ၊ ကျုပ်ကို အဲဒီနာမည် ခေါ်တဲ့လူမှန်သမျှ လျှာ ဖြတ်ပစ်မယ် . . . နောက်နောင် ဆင်ခြင် မဒေါင်း"

"အေးပါတော် . . . ကျုပ်မေ့သွားလို့ပါ ကိုကြီးအု . . . ဟု . . . ဟု . . . ကိုကြီး ပေတောရယ်"

ဒေါ်ဒေါင်းက သတိမကောင်းသူပီပီ ယောင်မှားခေါ်မိမလိုဖြစ်သွား တာကို ကြည့်ပြီး ကိုပေတောတစ်ယောက် ဒေါသတွေကို ကျိတ်မျိုချလိုက် သံကြီးက . . .

"ဟင်း . . ဟင်း . . ဟင်း" . . . တဲ့။

❖

ကိုပေတောမှာ 'ကြွေဥ' ဆိုတဲ့ သမီးချောလေးတစ်ယောက် ရှိတယ်၊ ကိုပေတောနဲ့ မသေးတင်တို့မွေးထားက မွေးချင်း မောင်နှမနှစ်ယောက်တည်း ရယ် ရှိတာပါ။ အကြီးကောင်က ဆိုးပေ။ ထန်းရည်သောက်ကျူးလို့ ကိုပေ တော အိမ်က နှင်ချထားရာက ထန်းရည်သည် ဆယ်လင်ကွာတစ်ယောက်နဲ့ အိမ်ထောင်ကျပြီး သောက်တော်ဘူးရည်နဲ့ ကိုယ်မကွာဆိုတဲ့ ကိုကြီးကျော် ဓာတ်ခင်းပြီး ထန်းရည်တောမှာ ပျော်မောနေရှာသွားပြီ။

အငယ်မ 'ကြွေဥ' ကတော့ 'ဆိုးပေ' နဲ့ အားလုံး ဆန့်ကျင်ဘက်ပဲ၊ လိမ္မာရေးခြားရှိတယ်၊ မိဘအလုပ်ကို ကူလုပ်တယ်။ အလှအတန်းဆိုလည်း ကြွေဥက အနီးဝန်းကျင် ရွာတွေက လှည်းယာဉ်ကျော့ပြီး လာခေါ်ရတဲ့ ကွမ်းတောင်ကိုင် လုံးကြီးပေါက်လှ မိန်းကလေးပေါ့။

ကြွေဥကို ထန်းသုံးပင်က ကာလသားတွေဆိုတာ အသေရရ အရှင်





ရရ ဝိုင်းပိုးကြတယ်။ ကိုပေတောကို ကြောက်လို့သာ လျှောက်ပြန်သံပေး ခြေအေးဝမ်းယောင်လောက်ပဲ လုပ်နိုင်ကြတယ်။ အနီးဝန်းကျင်က လယ် ပိုင်ရှင်သားနဲ့ ပညာတတ်တွေဆိုတာလည်း လူကြီးမိဘစုံရာနဲ့ ဘယ်ရွေ့ ဘယ်မျှ တင်တောင်းပါ့မယ်ဆိုပြီး နားလာဖောက်ဖို့ ကမ်းလှမ်းကြတယ်။ အဲဒီလိုမျိုးနဲ့ ကြုံတိုင်း . . . ကိုပေတောကတော့ ဘုချည်းတောတော့တာပဲ။

"နားဖောက်ချင်လို့ . . . ဟုတ်စ . . . သူ့ဘာသာ လယ်ကေ တစ် ထောင်, နွားအရှဉ်းငါးရာပိုင်တဲ့ သူဌေးကြီးရဲ့သား ဖြစ်နေပါစေ . . . ငါ့သမီး ကို ဘာမှ လာနားဖောက်ပေးနေစရာ မလိုဘူး၊ ငါ့သမီး 'အူဝဲ' ဆိုကတည်း က လက်သည်နဲ့ နားဖောက်ပေးပြီးသားကွ၊ ရိုးရိုးအပ်တောင်မဟုတ်ဘူး . . . ရွှေအပ် ငွေအပ်နဲ့ ကြက်သွန်နှစ်ဖက် နားမှာကပ်ပြီး ဖောက်ပေးခဲ့ပြီးသား"

"ဟာဗျာ . . . ကိုပေတောကလည်း ကျုပ်ပြောတာက အဲဒီလို နား ဖောက်တာ ပြောတာမဟုတ်ပါဘူး . . . အာဝါဟ ဝိဝါဟကို ပြောချင်တာပါ"

'ဘာဗျ . . . အာဝါဒ . . . အာဝါဒဆိုတာ ကြက်သမားတွေသုံးတဲ့ စကား . . . လေမျှားတယ်, အရာမရောက်ဘူးဆိုတဲ့ သဘောလား"

"ဟုတ်ဘူးလေဗျာ . . . စေ့စပ်ကြောင်းလမ်းတာကို ပြောနေတာ"

"စေ့စပ်ကြောင်းလမ်းရအောင် ကျုပ်သမီးက ဘယ်သူနဲ့မှ ရန်ဖြစ် ဖူးတာမှ မဟုတ်ဘဲ"

"လယ်ပိုင်ကြီး ဦးခင်မြရဲ့သား မောင်နိုင်ဝေက ကိုပေတောရဲ့သမီး လေး ကြွေဥကို လက်ထပ်ချင်လို့တဲ့ဗျာ၊ အဲဒါ . . . ကျုပ်တို့ ရပ်ရွာလူကြီး တွေကတစ်ဆင့် စကားကမ်းလှမ်းပေးပါဆိုလို့ ကျုပ်လာရတာပဲ . . . ရှင်းပြီ လား"

"ကျုပ်သမီးနဲ့ အဲဒီသူငယ်က မေတ္တာမျှနေကြလို့လား"

"မျှတော့ မမျှသေးဘူး၊ မောင်နိုင်ဝေက ကိုပေတောကို ကြောက်လို့ ကြွေဥအနားလည်း မကပ်ရဲရှာဘူးလေ၊ အဲဒါကြောင့် အခုလို မိသားဖသား ပီပီ တောင်းရမ်းလက်ထပ် . . ."

"ဒီလောက်ဆို အဖြေထုတ်လို့ရပြီ၊ ကျုပ်သမီးနဲ့ မေတ္တာမျှနေလို့က



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘယ်သူမဆို ကျုပ်ပေးစားမယ် . . . ဆင်းရဲတာ၊ ချမ်းသာတာ အဓိက မဟုတ်ဘူး၊ ကျုပ်သမီးက မေတ္တာမမျှဘဲနဲ့တော့ ဘယ်လိုလူမျိုးနဲ့မှ ကျုပ် မပေးစားနိုင်ဘူး . . . ရှင်းလား''

''ရှင်းပါတယ် ကိုအုန်းရယ် . . . အဲ . . . အဲ . . .''

''ခင်ဗျားတို့ ပြန်တော့ဗျာ . . . ကျုပ်ကို ဒေါသဖြစ်အောင် တမင် လာဆွနေကြတာလား၊ လူကြီးတွေဖြစ်ပြီး လူကြီးစကား မပြောဘူး။ ဘာလဲ . . . ကျုပ်ကို လာသရော်နေတာလား''

''မဟုတ်ပါဘူး ကိုပေတောရာ . . . ယောင်ပြီး ခေါ်မိသွားတာပါ၊ မင်းဟာကလည်း ထစ်ခနဲရှိ ဒေါသချည်းပဲ''

''အဲဒီဒေါသ ခင်ဗျားတို့အပေါ် ပုံကျမလာခင် မြန်မြန်သာ ကျုပ်တဲထဲက ပြန်ကြ''

အောင်သွယ်တော်လူကြီးများမှာလည်း မအီမလည်၊ မကျေမနပ်နှင့် ပြောရတာအစေးမကပ်သော ကိုပေတောကို ကျိတ်မေတ္တာပို့ပြီး ပြန်သွားကုန်ကြ၏။

''ဟဲ့ . . . သေးတင်''

''တော်''

''နင်ကြားတယ် မဟုတ်လား''

''ကြားပါ့''

''ဘယ်လို သဘောရသတုံး''

''တော်ပြီးရင် ကျုပ်ဘာပြောရမှာလဲ''

''ငါ့သမီးလေး သဘောကကော ဘာတဲ့တုံး''

''သမီးက ရှက်နေတယ်''

''မေးစမ်းပါဦးဟ . . . သူ့မှာ မေတ္တာမျှနေတဲ့သူများ တွေ့နေသလားလို့''

ဒေါ်သေးတင်က အခန်းထဲမှာရှိသော သမီးကို တိုးတိုး ကျိတ်မေးနေတယ်။ ဘာတွေ ပြောနေကြသလဲဆိုတာ ကိုပေတော မကြား။ ရှေ့နေသာ





ဖိသောက်ပြီး . . . သမီးရှေ့ရေးကို မျှော်တွေးနေမိတယ်။ ခဏကြာတော့ မသေးတင် အပြင်ပြန်ထွက်လာပြီး . . .

''တော့် . . . ကိုပေတော''

''ပြောလေဟယ်''

''တော့်သမီးကတော့ ဘယ်သူ့ကိုမှ ပြန်မကြိုက်သေးဘူး ပြောနေတယ်၊ မနေ့က ရွာထဲ ဆန်အိတ်သွားရှက်ပို့တော့ အပြန်မှာ အင်းသူကြီးသား ဖိုးမှိုက စာအတင်းလိုက်ပေးလို့ မယူချင်ယူချင်နဲ့ ယူခဲ့ရတယ်ဆိုပဲ၊ အဲဒါ . . . တော် ဘယ်လို သဘောရသလဲ''

''ဟဲ့ . . . ငါက သမီးမှမဟုတ်ဘဲ . . . သမီးကို မေးလကွယ်''

''သမီးကတော့ အဖေတို့, အမေတို့သဘောလို့ ပြောနေတယ်''

''ဟေ . . . ဟုတ်လား။ ကိုင်း . . . အဲဒီ ငမှိုစာကို ငါကြားအောင် နင်ဖတ်ပြစမ်း''

''အိုတော် . . . ကလေးကလား လူကြားလို့မှမကောင်း''

''ဟ . . . ငါတို့သားအဖတွေပဲရှိတာ . . . ဘယ်သူရှိတာ မှတ်လို့၊ ဖတ်ပြမှ ဒီကောင့်သဘော ဘယ်လိုရှိမယ်ဆိုတာ သိရမှာပေါ့၊ ဒါမှ စဉ်းစားလို့ကောင်းမယ်လေဟာ''

''တော့်ဘာသာ ဖတ်ပါလား''

''နင်က အသုံးလုံးကျောင်းဆင်းဆိုတော့ မှန်အောင်ဖတ်နိုင်တယ်၊ ငါက နှစ်တန်းနဲ့ ကျောင်းထွက်ခဲ့တာဆိုတော့ ဖတ်တာ ဘယ်မှန်ပါ့မလဲဟ၊ တစ်ချောင်းငင်တို့, ဝစ္စပေါက်တို့, သေးသေးတင်တို့, လုံးကြီးဟင်တို့, လုံးကြီးပေါက်လှတို့, ရေဆေးငါးလို ဖွေးဖွေးကြီးတို့, ငါးရံ့ကိုယ်လုံးလေးတို့ . . .''

''အို . . . တော် ဘာတွေ လာပြောနေတာလဲ''

''ဟေ . . . အဟေး . . . ငါလည်း ပြောချင်ဇောအားကြီးပြီး ကိုယ့်စိတ်ထဲမြင်ရာတွေ ပြောမိကုန်ပဟ . . . ငါက သတ်ပုံမှားမှာစိုးလို့ နင့်ကို ဖတ်ခိုင်းရတာပေါ့''

''ဒါဆိုလည်း ဖတ်ပြမယ် သမီးရေ . . . စာပေးစမ်း''



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်သေးတင် သွားယူလိုက်၏။ ကြွေဥက ရုက်နေ၍ ဘယ်စာကို တောင်းမှန်းမသိ။ နီးရာစာရွက်ကို ကောက်ပေးလိုက်၏။

ဒေါ်သေးတင်က ပွင့်ပွင့်လင်းလင်း ထိုင်ချလိုက်ပြီး ...

"တော် ... နားထောင် ... ကျုပ်ဖတ်ပြမယ်၊ အင်း ... ဘာတဲ့ ... သံဝေဂါထာတဲ့ တစ်နေ့ ငါသည် မုချသေရမည် ... အဲ ... ဟုတ်သေးပါဘူး"

"နှင့်စာကလည်း ငါတောင်ကြက်သီးထတယ်"

"စာများပေးလိုက်ပြီ ... တော့်သမီး ပေါ့လျော့တာလေ"

"ဟဲ့ ... သမီး ... ငမို့ရဲ့စာကို တောင်းနေတာ"

"ဒီမှာ အဖေ"

"ဒီလာပေးပါလား ... နင်က အခန်းထဲကနေ အခန့်သား"

"ကျုပ် မျက်နှာပူလို့ပါ"

"ဟွန့် ... ပြောကိုမပြောချင်ဘူး၊ ရှင့်သမီးကတော့ သူများထက် ပိုကိုပိုတယ် ... ကြားတဲ့အတိုင်းပဲ ကျောင်းဒကာရေ"

"အေးပါ ဇရပ်ဒကာမကြီးရယ် ... သွားယူပြီး ဖတ်ပြချေစမ်းပါ"

ဒေါ်သေးတင် သွားယူပြီး ဖတ်ပြ၏။

"နားထောင်နော် ... ကျုပ်ဖတ်ပြီ ... အင်း ... ဘာတဲ့"

"ဟဲ့ ... သေးတင် ... စာအစမှာ 'အင်း ... ဘာတဲ့'လို့ ရေးထည့်ထားတာလား"

"အ,ပါ့တော် ... အဲဒါ ကျုပ်စကားရှင့်၊ အခုမှ ဖတ်မှာ ... ဘယ်လိုလှုမှန်း မသိဘူး၊ ဖတ်ပြီဆိုတာနဲ့ လေလည်မိရင်တောင် 'ဘူ'ဆိုတဲ့ အသံကို စာထဲကလို့ ထင်ချင်ထင်ဦးမယ့် လူစား၊ ဒါကြောင့်မို့လည်း နှစ်တန်းနဲ့ ကျောင်းထွက်ရတာ"

"ဟုတ်ပါတယ် အ,သုံးလုံး ကျောင်းဆင်းကြီးရယ် ... ဖတ်မှာသာ ဖတ်ပါ"

"ကဲ ... ဖတ်ပြီ ... ဖတ်ပြီ ... ဆယ့်သုံးကျပ်"

လင်းရောင်ခြည်စာပေ



"ဟဲ့ ... ဆယ့်သုံးကျပ်က နင့်စကားလား၊ စာထဲကလား ... ဘာမဆိုင် ညာမဆိုင်နဲ့"

"သိဘူးလေတော် ... စာထဲမှာ အဲဒီအတိုင်း ရေးထားတာပဲဟာ ... ဒီမှာကြည့်ပါလား"

"ဟ ... မိန်းမ ... အဲဒါ 'သို့' ပါဟ ... ဘယ့်နှယ့် ၁၃/-ဖြစ်မှာလဲ၊ ဒီလောက်တော့ ငါလည်း လူလည်ပါ ... သိပါသေးတယ်"

"သိပါဘူးတော် ... ငမို့လက်ရေးကလည်း ပဲပင်ပေါက်ခင်း ကြွက်နင်းထားသလိုပဲ၊ ကဲ ... ဆက်ဖတ်ပြီနော် ... ညီမလေးဥ ... တဲ့၊ ခေါ်ပုံကိုက တဏှာဆန်လိုက်တာ"

"မင်းက ထင်မြင်ချက်တွေ ဝင်ဝင်မပေးနဲ့၊ ငမို့ရေးတဲ့စာထဲ ပါတာလား, မင်းပြောတာလားဆိုတာ ငါ စဉ်းစားမရ ဖြစ်ကုန်တော့မယ်"

"အေးပါတော် ... သူ့အတိုင်းပဲ ဖတ်ပြပါ့မယ် ... သို့/ ညီမလေး ...ဥ ... မောင်ကြီးကော့မှို စာရေးလိုပါဒယ်"

"ဘယ်မှာ မောင်ကြီးကော့မိ ဖြစ်ရတာလဲ ... ကိုမှို ဖြစ်ချင်ဖြစ်မှာပါ"

"ကိုမှိုလို့ သဘောထားလိုက်ပေါ့ ... ကျုပ်ကတော့ သူ့လက်ရေးကို နည်းဖတ်နေရတာ၊ တကတဲ ... လက်ရေးကလည်း ပေဒင်ဆရာနဲ့ ဆရာနဲ့ စပ်ကျထားတဲ့အတိုင်းပဲ ... ဘာရေးလို့ ရေးထားမှန်းကို မသိဘူး၊ ဆက်ဖတ်ပြီနော် ... ညီမလေး ဥရေတဲ့ ... ဖောင်တိန်မရှိလို့ ခဲဒန်နဲ့ ရေးရတာ ခွင့်လွှတ်ပါဒဲ့ ... မောင်ကြီးကော့မှိုက ညီမလေးဥကို နှစ်နှစ်ကာကာ ချစ်တာရှိနေဒါပါဒဲ့ ... ညီမလေးကို မိသားဖသားပိပိ တင်တောင်းနိုင်ပါဒယ်ဒဲ့ ... မောင်ကြီးမှာ ပတ်စည်းတွေ ရှိပြီးသားပါဒဲ့"

"ဘာလဲဟ ပတ်စည်း ... ပစ္စည်းကို ပြောတာနဲ့တူတယ်"

"ဟုတ်မှာပါတော် ... ညီမလေးဥရယ်တဲ့ ... ပတ်စည်းတွေ, ပိုက်ဆံတွေဆိုတာက အလကားပါ၊ ပတ်စည်း သံခွာရိုက်, လူသံခွာရိုက်ဆိုတာ ညီမလေးဥလည်း ကြားဖူးမှာပါဒဲ့"

လင်းရောင်ခြည်စာပေ

www.burmeseclassic.com

www.burmeseclassic.com


''ဘာလဲဟ သံချာရိုက်ဆိုဒါ''

''ကျုပ်အထင် ပစ္စည်းသခါရ, လူသခါရပဲ ကြားဖူးတယ်၊ အဲဒါကို ရေးချင်တာ . . . မရေးတတ်လို့ ရေးတတ်သလို ရေးထည့်လိုက်တာ၊ လေးတန်းနဲ့ကျောင်းထွက်ထားတဲ့ ရှင့်သမီးကတော့ လေးတန်းကျောင်းထွက်ဟောင်းဖြစ်တဲ့ ငမှီစာကို ပေါင်းဖတ်ပြီး နားလည်ချင်လည်မှာပေါ့တော်''

ကိုပေတော . . . ရေနွေးခွက်ကို တစ်ကျိုက်တည်းကျိုက်လိုက်ပြီး . . .'အင်း'ခနဲ သက်ပြင်းချတယ်။ နွေနေ့လယ်မို့ လယ်ကွက်ထဲမှ နေရောင်တွေ အင်နဲ့အားနဲ့ကျရောက်နေတာ အလင်းပြန့်သလို ဖြစ်နေတာမို့ အမှောင်ကနေ လှမ်းကြည့်လိုက်ရင် မျက်လုံးတွေ ကျိန်းစပ်သွားမတတ်ပဲ။

ဒေါ်သေးတင်ကတော့ ငမှီရဲ့ရည်းစားစာကို မျက်နှာပူပူနဲ့ စိတ်ပါလက်ပါ ဆက်ဖတ်ပြနေတယ်။

''ညီမလေး ဥရယ် . . . လောကမှာ တကယ်အရည်ကြီးတာက မတ္တာပါဒဲ့ . . . ကော့မှီတဝက သစ်ခြောက်ပင်အောက်က ပန်ကောက်သမပါဒဲ့ . . . ကော့မှီဘဝကို စာနားပါဒဲ့''

''ဘယ့်နှယ့် . . . စာနားခိုင်းနေတာတုံး၊ ဒီကောင် စာခြောက်ရုပ်ပေါ်စာငှက်တွေနားသလို အနားခံချင်လို့နဲ့ တူတယ်''

''တော်ကလည်း ကြော်ငြာသိပ်ဝင်တာပဲ၊ ဒီမှာ မပြီးသေးဘူး . . . ကျန်သေးတယ်''

''ဆက်ဖတ်စမ်းပါဦးဟ''

''ကော့မှီကို စာနားသနားဒဲ့အနေနဲ့ စာပုံ့ပါဒဲ့ . . . တော်သေပြီဒဲ့''

''ဟ . . . ငါက ဘာလို့ သေရမှာတုံး သေးတင်ရဲ့''

''တော်ကလည်း စာထဲရေးထားတဲ့အတိုင်း ဖတ်ပြရတဲ့ဟာကို သိပ်အမေးအမြန်းထူတာပဲ၊ တော်သေပြီလို့ ရေးထားတာနေမှာပေါ့''

''အဲသလို လုပ်ပါ . . . ဒီကောင် လေးတန်းနဲ့ ဒီလောက်ညံ့လို့ ထွက်လိုက်ရတာ . . . ငါ့လို နှစ်တန်းနဲ့သာဆိုရင် ငါ့လောက်နီးနီး တော်ချင်တော်လာဦးမှာဟေ့''

ဒေါ်သေးတင်က ကိုပေတောမမြင်အောင် မဲ့ရွဲ့ပြီး မျက်စောင်းထိုး၏၊ ကိုပေတောကတော့ မေးစေ့လေး သပ်ပြီး ကျောင်းဒကာကြီးလို ဖိမ့်နဲ့နှပ်ပြီး နားထောင်နေပြန်၏။

''လက်ရေးမလှ ဒို့ဘဝ . . . မှားလျှင်သည်းခံ ဖြည့်စွပ်ရန်''

''ဖြည့်စွက်ရန် ဖြစ်မှာပါကွာ''

''တော်သိပြီး ဒါပဲ . . . အောက်မှာက ရေးထားသေးတယ်တော့ . . . ဘာတဲ့ . . . ပဝါပါးကို ကြက်သားထုပ်တော့ စားရလိမ့်မယ်၊ တစ်ရွာသားကို ရည်းစားလုပ်တော့ အိမ်ထောင်သက်ကြာလာရင် ပါးချခံရလိမ့်မယ်၊ အဲဒါကြောင့် တစ်ရွာတည်းသား မောင်ကျီးကော့မှီကိုသာ ဆင်စားပါနော်ဒဲ့''

''ဘယ်က ဆင်သားတွေ ကျွေးနေပြန်သလဲ မသိဘူး''

''ဟုတ်ပ''

''ငါသိပြီဟ . . . စဉ်းစားပါရေးတာ ဖြစ်လိမ့်မယ်''

''အောက်က လက်မှတ်နဲ့ဘာနဲ့တော် . . . ဖတ်ပြမယ်၊ မှန်း . . . မောင်ကျီးကော့မှီဒဲ့၊ အောက်ကလက်မှတ်က ကြက်ခြေခတ်ထားသတဲ့ တော်ရေ''

ကိုမှီရဲ့ ရည်းစားစာကိုဖတ်ပြီး ကိုပေတောတို့လင်မယား စဉ်းစားခန်းဝင်ကြရတော့တယ်။ ကိုပေတာတို့ ဟိုပြောဒီပြောသာ အဖတ်တင်တယ်။ ဘာမှ မယ်မယ်ရရ မစဉ်းစားလိုက်နိုင်ကြဘူး။ နောက်ဆုံးတော့ . . .

''သမီးသဘောကျရင် အဖေတို့ ပေးစားမယ်''

ဆိုပြီး သမီးဘက်လှည့်ပြီး အဖြေထုတ်ရတော့တာပါပဲ။

သမီးအလိမ္မာလေးကလည်း . . .

''သမီး အဖေနဲ့ အမေနဲ့ပဲ နေချင်သေးတယ်''

ဖာတ်လမ်းက ပြီးရော။

❖



www.burmeseclassic.com

www.burmeseclassic.com



သမီးအလိမ္မာလေးကို ယုံပြီး ကိုပေတောတို့လင်မယား ကြွေညကို လွတ်လွတ်လပ်လပ် ထားပေးလိုက်တယ်။ ဘာကြောလို့တုံး ... မတ်ပဲပေါ် ချိန်နီးလာတော့ အရွယ်ရောက်တဲ့မျောက် အမြီးပေါက်တာ ခွေခေါက်ထားမှန်း သိလိုက်ရပါလေရော။ ကိုပေတောတစ်ယောက် 'တောက်' တခေါက်ခေါက်နဲ့ ဒေါသထန်လိုက်ရသည့်ဖြစ်ခြင်း။

"ဟင်း ... ငါ့သမီးလေး တော်လှ, တော်လှနဲ့ ယောက်မ မြင်းစီး ထွက်ရုံတင်မကဘူး ... မီးပါ ထိုးဆိုက်ပလိုက်တဲ့ အပေါက်မျိုးတော့ ဆိုက်ပါ ရောလား ... သေးတင်၊ အဲဒါ နင် အသုံးမကျလို့ သမီးပျိုလေးကို အဓိက သွန်သင်ထိန်းကျောင်းရမှာ မအေဟဲ့ ... ဗိုင်းနာမရဲ့ ...။

ဖအေက နေရာတကာပါလို့ ကောင်းမလား ... ဟင် ... အခုတော့ ကောင်းကြသေးရဲ့လား ... နင်ပေါ့ဆလို့ ငါ့ခေါင်းတော့ မီးစွဲရပြီ"

"ကျုပ်လည်း ထိန်းတာပဲလေ ... ခေတ်ကာလ သားသမီးတွေက ကိုယ့်ထက်လည်လွန်းအားကြီးတော့ သူတို့လှည့်တာ ကျုပ်မှာ ခံရတာပေါ့ တော်၊ ဒါ ... တော့်တူမ အေးမေစနက်လည်း မကင်းဘူး။ ဒီဟာမက ဟိုစပ်စပ်, ဒီစပ်စပ်နဲ့ လေးခြမ်းကွဲအောင် အထောင်းခံထားရတဲ့ ကုလားအော် ရေတ်သီးလို မိန်းမ ... ဟင်းချက်တိုင်း သူမပါ မပြီးဘူး"

"နင့်ဟာက ငါ့တူမကို ပုတ်ခတ်လှချည်လား"

"ပုတ်ခတ်ရုံတင်မကဘူး ... ကျုပ်က လုပ်သတ်ချင်စိတ်ကို ပေါက် နေပြီ၊ အဲဒီ အေးမေ အဆွယ်ကောင်းလို့လေ ... တော်ကြော ရေခပ်ဖို့ လာ ခေါ်လိုက်, တော်ကြော ရွာထဲ ဟင်းစားထွက်ဝယ်ဖို့ လာခေါ်လိုက်, တော်ကြော ... ဘာ ... တော်ကြော ညာနဲ့ ခေါ်ခေါ်ထုတ်သွားတာ၊ အဲဒီကနေ တော်သိတဲ့ ဇာတ်ထုပ် ဖြစ်လာတာပေါ့ ... အေးမေ လုပ်ပုံကောင်းသလား ...။

ကျုပ်ကတော့ ညီအစ်မတစ်ဝမ်းကွဲတွေ ဒီလိုလုပ်ရှာမယ် မထင်လို့ ယုံလိုက်မိတာကိုး ... အခုတော့ တော်ပြောသမျှဆိုသမျှ ပဋ္ဌာမြေလူးသလို ... အမလေး ... သေးတင်"

လင်းရောင်ခြည်စာပေ



"တိတ်"

"တင် ... တင် ... တင်"

"ဘာ ... ငိုချင်းချတာလဲ၊ နင့်ကိုယ်နင် ယေင်ကျူးတဲ့ မင်းသမီး မှတ်နေသလား ... တယ် ... ငါလုပ်လိုက်ရ"

"လုပ်ပါတော် ... တော်လုပ်သမျှ ကျုပ်ခံရမှာပါပဲ၊ ကျားသနားမှ နွားချမ်းသာရမယ့် သေးတင်ဘဝပါ"

"တိတ်"

'ဝါး .. ဟာ .. ဟာ'

"ဘာလဲ ... သံရှည်ဆွဲလာပြန်တာက ... နင်ငိုတာ မျက်ရည် ဘယ်မှာလဲ ... နှပ်တွေပဲ တွေ့တယ်၊ အလကား မိန်းမ ... ဘာမှ အသုံးမကျ ဘူး၊ ဟော့ ... ဒီမယ် ... ဒီနေ့ကစပြီး သမီးကို မျက်စိအောက်က အပျောက်မခံနဲ့ အိုကွာ ... အိပ်ချင်လို့ ငိုက်လာရင်တောင် မျက်ခွံကို စပါးရိုးနဲ့ ထောက်ထားပြီး စောင့်ကြည့်နေ၊ နောက်တစ်ခါ မိဖေါင်းသား ရွှေသီးနဲ့ ကောက်ရိုးပုံမှာ ချိန်းတွေ့တယ်ကြားလို့ကတော့ ... ဟင်း ... သေးတင် ... သေဖို့သာ ပြင်ထား"

"အမလေး ... ကျုပ်မသေနိုင်ဘူး၊ မအိပ်ဘဲနဲ့ ကျုပ် ဘယ်လိုနေ ရမှာလဲ၊ တော်ဟာလေ ... နွားနားဖားကြိုးပျောက်တာတောင် ကျုပ်အပြစ်ပဲ မဲထင်နေတယ်၊ နိုင်စားလွန်းတယ်၊ ကျုပ် သည်းမခံနိုင်တော့ဘူး။ ရှင့်သမီး ရှင့်ဟာရှင် ထိန်း ... ကျုပ် မထိန်းနိုင်ဘူး"

"ငါ ... တယ် ... ဒီဟာမနှယ် မအေဖြစ်ပြီးတော့ ပြောပေါက် ဆိုပေါက်က အခုထိ ကန့်လန့် ... နင်က သမီး မထိန်းချင်လို့ရှိရင် ဘာလုပ် နေမှာလဲ ... ပြောစမ်း"

"ကျုပ်ဟာကျုပ် လုပ်စရာရှိတာ လုပ်နေမှာပါ"

'ဟင်း .. ဟင်း .. ဟင်း'

ကိုပေတော ဒေါသတွေ ပိုကြီးသွားသဲ၊ လက်နှင့်ရိုက်ဖို့ ရွယ်လိုက် ဟန် ...

လင်းရောင်ခြည်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"တော်နေ် ... လက်မပါနဲ့ ... လက်ပါလို့ကတော့ သေးတင်တို့က လက်မခံနိုင်တော့ဘူး၊ ဒီတစ်ခါ လက်ပါရင် ရှင်နဲ့ကျုပ်နဲ့ အကွဲပဲ တော်ရေ ... အကွဲပဲ"

ပြောပြီး ဒေါ်သေးတင် လယ်ကွက်ထဲက ထွက်သွား၏၊ ကိုပေတော က ဒေါသတကြီးဖြင့် ဒေါ်သေးတင်ကို လက်ညှိုးငေါက်ငေါက်ထိုးရင်း ...

"ဘာ ... အကွဲ ... ဟုတ်လား ... အဲဒီအကွဲဆိုတဲ့ ဟာမကို ငါလိုက်လုပ်ပြမယ်"

နွားရိုက်ကြိမ်ကြီး ကိုင်ပြီး ထိုင်ရာကအထမှာ ... ကိုပေတော တစ်ယောက် နွားချည်ကြိုးတန်းလန်းနှင့် ခြေထောက်ရစ်ငြိပြီး မှောက်ခုံဟပ် ထိုးကြီး ပစ်လဲလေတော့သည်။ လဲပြီး လူးလဲအထမှာ ...

"ရွှေသီး ... ရွှေသီး ... ဒီလောက် ဒုက္ခပေးတဲ့ ရွှေသီး ... မင်းကို ငါးဖယ်တေ့တေ့ပြီး ဆုံးမရမှ ငါကျေနပ်မကွ"

❖

ရွှေသီးနဲ့ ကြွေဥတို့ ရည်းစားဖြစ်သွားရခြင်းမှာလည်း ကြွေဥရဲ့ ညီမတစ်ဝမ်းကွဲ မအေးမေကောင်းမှုကြောင့်ပေါ့၊ ရွှေသီးက မအေးမေလိုချင်တဲ့ ဝမ်းဆက်တစ်စုံကို သူ့ရဲ့ လယ်သူရင်းငှားခထဲက ကြိုယူပြီး ဝယ်ပေးခဲ့တယ် လေ။

ရွှေသီးက ကြွေဥကိုကြိုက်နေတာ ကြာပြီ။ ကြွေဥနဲ့ ရွှေသီးက ခင်ပေမယ့် ... ရွှေသီးက မပြောရဲ၊ မဆိုရဲရှိတာကြောင့် ဘာမှမပြောဘဲ နေခဲ့တာ ကြာပြီ။

တစ်နေ့တော့ ... လယ်ပိုင်ရှင်ရဲ့ ရေတ်ခင်းထဲမှာ ရွှေသီးက ရေတ် ခူးနေတယ်။ အေးမေနဲ့ ဒေါ်ဗျားက နေ့စားလိုက်ခူးဖို့ လယ်ရှင်က ငှားထား တာပေါ့။ ရေတ်ခူးကြရင်း လူငယ်ချင်းဖြစ်တဲ့ ရွှေသီးနဲ့ အေးမေတို့ ဗီဒီယို





ဇာတ်ကားအကြောင်း ပြောကြ၊ အနီးဝန်းကျင်က ဘုရားပွဲတွေမှာ ကသွားတဲ့ ဗလာဇာတ်တွေအကြောင်း ပြောကြရင်းနဲ့ အလှူအတန်းအကြောင်းကို ရောက် သွားပါလေရော။

အဲဒီမှာတင် ကြွေဥအကြောင်းက ပါလာတယ်။ အေးမေကတော့ လာမယ့်အလှူပွဲတွေကျရင် ရှိုးစမိုးပြဖို့ ဝမ်းဆက်တစ်စုံ ဝယ်ချင်ကြောင်း ညည်းတွားမိတယ်။ ရွှေသီးက ...

ငါဝယ်ပေးမယ် အေးမေ ... ကြွေဥကို ငါ့ပြန်ကြိုက်ဖို့ နင် အောင် သွယ်လုပ်ပေးမလား"

"ဒါများ ဘာခက်တာမှတ်လို့"

"ငါ အရင်ရအောင် ဝမ်းဆက်ဝယ်ပေးမယ်"

"ကိုရွှေသီးကြီး ဒီလောက်စေတနာကောင်းနေမှတော့ အေးမေက မဖြစ်ဖြစ်အောင်ကို လုပ်ပေးရမှာပေါ့၊ ကျုပ်တာဝန်သာ ထားပါ ... ကြွေဥ က ကျုပ် တိုက်ပါတွန်းပါများရင် သစ်ငုတ်ထက်တောင် လှုပ်လွယ်သေးတဲ့ ဟာမပါ"

ရွှေသီးနဲ့ အေးမေတို့ အပေးအယူတည့်ပြီးတဲ့နောက်ပိုင်းမှာ အေးမေ တစ်ယောက် အကြောင်းမရှိအကြောင်းရှာပြီး ကြွေဥကိုခေါ်ထုတ်ကာ ရွှေသီးနဲ့ တွေ့တွေ့ပေးတယ်။ တွေ့စကတော့ ... 'ဥ'နဲ့ 'ဎ'လို တစ်ယောက်ကို တစ်ယောက် ကျောပေးပြီး အရိုင်းရှက်ရှက်ပြီး စကားပြောဖြစ်ကြတယ်။

တွေ့ရမြင်ရဖန်များလာတော့ အရင်ထက်ပိုရင်းနှီးတဲ့ဟန်မျိုးနဲ့ ပြော ဆိုမိကြတယ်။ အေးမေကလည်း ကျောက်ရုပ်တောင် ခေါင်းညိတ်အောင် ပြောနိုင်တဲ့သူဆိုတော့ ... ရွှေသီးနဲ့ ကြွေဥတို့ ငြိစွန်းကုန်ကြပြီပေါ့။

"ဥ"

"ဘာတုံး"

"ဥ ... ထူးပုံကြီးကလည်း နားထောင်မကောင်းလိုက်တာ၊ ငြိမ့်မှုန် ကြီးဗီဒီယိုရုံမှာပြတဲ့ ဇာတ်ကားတွေထဲကလို ကိုရွှေသီးက 'ဥ'လို့ခေါ်လိုက် တာနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



''အိုတော် ... ကျုပ်တို့က တောသူပဲ ... ဘာဘာညာညာတွေ နားမလည်ပါဘူး ... ရှင်းရှင်းနဲ့ဘွင်းဘွင်းပေါ့၊ ဟန်တွေပန်တွေလည်း မဆောင်တတ်ပါဘူး'''

''ရှက်တတ်တဲ့နေရာမှာ မြို့သူတွေထက်တောင် 'ဉ'က သာပါ သေးတယ်ဗျာ၊ ကောက်ရိုးတွေဆွဲဆွဲနှုတ်ပြီး ပြောလိုက်တာ ... နွားစာ သယ်တဲ့ ခြင်းကျားတစ်လုံးစာတောင် ရတယ်၊ 'ဉ'က ရှက်ပြီး ဆွဲနှုတ်ပစ် လိုက်တာတွေလေ''

''ရွှေသီးနော် ... အဲဒီလို မစနဲ့''

''ချစ်လို့ စတာပဲ ဉရယ်''

''အံမယ်တော် ... ဘယ်သူက ရှင့်ကိုချစ်တယ် ပြောလို့လဲ ... ကိုယ့်ဘာကိုယ်ယက်တဲ့ လိပ်ခေါင်းကြီး''

''လိပ်ကြီးလုပ်စမ်းပါ ... 'ဉ'ပြောမှပဲ ထိုင်ရတာ ကိုယ့်ဘာသာ မလုံမလဲ ဖြစ်ရတယ်''

''တော်က ရိုးရိုးလိပ်မဟုတ်ဘူး ... ခေါင်းကြီးတဲ့ လိပ်လေ၊ အဲဒီလို လိပ်ခေါင်းကို ပြောတာ''

''ဉက ကိုကိုရွှေသီးကို ...''

ရွှေသီးစကားမဆုံးခင်မှာ ကြွေဉက ခွက်ထိုးခွက်လန် ရယ်မော ပါလေတော့သည်။ ဘွင်းဘွင်းရှင်းရှင်းရယ်ခြင်းမျိုးနဲ့ကို ရယ်နေခြင်းပါပဲ။ ရွှေသီးက ...

''ဉက ဘာရယ်တာလဲ''

''တော့်ကိုယ်တော် ကိုကိုရွှေသီးတဲ့ ... ဟီး ဟီး ... ရယ်ချင် စရာကြီး ... ရွှေသီးဟာ ရွှေသီးပေါ့''

''ချစ်သူတွေဖြစ်ကြရင် ကြင်နာတဲ့စကားလေးတွေ နှုတ်ရှနေအောင် ပြောတတ်ကြရမယ်လေ 'ဉ'ရဲ့''

''ကျုပ်တော့ ပြောတတ်ပေါင်''

''ပြောတတ်အောင် ကိုကိုရွှေသီးက သင်ပေးနေတာပဲ''

လင်းရောင်ခြည်စာပေ



''လာပြန်ပြီ ... ဟီ ဟီ''

''အဲဒီလို အမူအရာလေးတွေကြောင့် ကိုကိုရွှေသီးက 'ဉ'ကို မနေ နိုင် မထိုင်နိုင်အောင် ချစ်ရတာ''

''တော်နော် ... လက်ကြီးဖယ်''

''ကောက်ရိုးပုံဘေးမှာ ဘယ်သူမြင်တာမှတ်လို့ ... ရွာစည်းရိုး ဘေးဘက်နဲ့ စည်းရိုးပင်တွေ ကွယ်နေတာပဲ 'ဉ'ရယ်၊ ကိုကိုရွှေသီးက ကိုက်မစားပါဘူး ... ယုယုယယ ပိုက်ထွေးထားမှာပဲ''

''တော်ကြီးနော် ... ဘယ်ဘုတ်အုတ်တွေထဲက စကားတွေ အလွတ်ကျက်လာတာလဲ၊ တော့်လို ငါးတန်းနဲ့ ကျောင်းထွက်တဲ့လူက ဒါမျိုး မပြောတတ်ပါဘူး''

ကြွေဉက စကားသာ နှင်းပြောနေတယ်။ ရွှေသီးကလည်း ကြွေဉ နား အတင်းကပ်ပြီး ဖက်ပွေ့ရဖို့ပဲ ... အတင်းကြိုးစားနေတယ်။

''တော်ဆိုတာကြီး ထည့်မပြောစမ်းပါနဲ့ ဉရယ် ... မောင်လို့ ခေါ်ချင်ခေါ် ... မခေါ်ချင်ရင် ကိုကိုရွှေသီးလို့ခေါ်''

''ခေါ်ချင်ပါဘူး''

''မခေါ်ချင်ရင်တော့ ဖက်မှာပဲ''

''အိုတော် ... ဖယ်စမ်းပါ''

ရွှေသီးက ကြွေဉကို နှူးပြီး အတင်းဖက်ထားလိုက်မိတဲ့အချိန်မှာ ... ကိုပေတောတစ်ယောက် ကြက်ပျောက်လို့ ဟိုချောင်းဒီချောင်း လိုက်ရှာ ရင်းက ကောက်ရိုးပုံဘေး ရောက်လာတယ်။ စုံတွဲတစ်တွဲ ဖက်ပွေ့နေတာကို ဘွားခနဲ မြင်လိုက်မှ ...

''ဟော့ ... မတော်လို့ဟော့ ... ဖက်ကြ ... ဆက်ဖက်နေကြ၊ ငါ ကြက်လာရှာတာ ... နှောင့်ယှက်မိသလို ဖြစ်သွားရင် ခွင့်လွှတ်ကြကွာ''

ပြောပြီး ကိုပေတော ရှက်အမ်းအမ်းနဲ့ လှည့်အထွက်မှာ ခေါင်းထဲ လက်ခနဲဖြစ်သွားတယ်။ ခုန ပုန်းလျှိုးကွယ်လျှိုးနဲ့ ကောင်လေးရဲ့ရင်ခွင်ထဲ ခေါင်းအတင်းထိုးဝှက်နေတဲ့ သူငယ်မဟာ ငါ့သမီးကြွေဉနဲ့ တူလိုက်တာပေါ့။

လင်းရောင်ခြည်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရင်ထိတ်သွားတယ်။ ခေါင်းနားပန်းကြီးသွားတယ်။

ဒါနဲ့ အသာပြန်ချောင်းကြည့်လိုက်တော့ . . .

ကြွေဥမှ ကြွေဥအစစ်။

အံ့သြလွန်းလို့ ထိတ်လန့်လွန်းလို့ ဒေါသဖြစ်လွန်းလို့ ဘာပြောလို့ ဘာကိုင်ရမှန်း မသိတော့ဘူး။

"ကြည့်စမ်း . . . ကြွေဥနဲ့ ချိန်းတွေ့နေတဲ့ကောင်က မိဒေါင်းသား ရွှေသီးပါလား။ မိုက်ရိုင်းလိုက်တဲ့ကောင် . . . အမဲရိုးနှယ် ဟင်းအိုးမှ အားမနာ၊ အားမနာရုံမဟုတ်ဘူး . . . ဟင်းအိုးနှုတ်ခမ်းတွေကို ရေပွက်ပွက်ဆူတိုင်း အမဲရိုးနှုတ်ခမ်းနဲ့ ပိတ်ပိတ်ထိုးလိုက်သေးတယ်"

"ဟေ့ကောင် ရွှေသီး"

"ဗျာ . . . ဗျာ . . . ဦးလေး"

"သမီး . . . လာစမ်း . . . နင်က ခွေးဖြစ်ချင်လို့ ခွေးဇာတ်ခင်း နေတာပေါ့လေ၊ ငါ့သမီးလေး တော်လှ, တော်လှနဲ့ နတ်တော်လမှာမှ ခက်ခက်ခဲခဲ မွေးထားရတယ် . . . နင်ကတော့ အတောင်စုံလို့ တော်သလင်း ဇာတ် ခင်းချင်ပြီပေါ့လေ၊ သမီးမိုက် သမီးဆိုး . . . ငါ ပိတ်ထိုးချလိုက်ရ . . . ရှေ့သွားသုံးချောင်းကျိုးလို့ ငွေသွားပြန်စိုက်နေရဦးမယ် . . . ၊

လာ . . . အခု ငါနဲ့ ပြန်လိုက်ခဲ့၊ ဟေ့ကောင် ရွှေသီး . . . မင်းနဲ့ ငါ နောက်မှ စာရင်းရှင်းမယ် . . . သေဖို့သာ ပြင်ထား"

ရွှေသီးဆိုတာ ကုပ်ကုပ်ကလေး။ ဘာဆိုဘာမှ ပြန်မပြောရဲဘူး။ ကြွေဥဆိုတာ ဖအေဆွဲခေါ်ရာကို ကြိုးတန်းလန်းနဲ့ အဆွဲခံရတဲ့ ရွှံ့ဘီး တပ်ထားတဲ့ အရုပ်နွားလှည်းလေးလို လှုပ်လှုပ်လီလီနဲ့ ပါသွားလေရှာရဲ့။

အဲဒီနေ့က ကိုပေတောတစ်ယောက် ဒေါသကြီးလွန်းလို့ ကိုယ့်ဒေါသ ကိုယ်ပြန်ပိနေတာနဲ့တင် ဘယ်သူ့ကို ဘာဆိုဘာမှ မလုပ်လိုက်ရရှာဘူး။

သူ့ရဲ့ မူပိုင်လိုဖြစ်နေတဲ့ ဒေါသကြီးတိုင်း အမျက်ကျိတ်ဖြေတဲ့ . . .

'ဟင်း . . ဟင်း . . ဟင်း'

. . . ဆိုတဲ့ အသံကတော့ အနန်းတစ်လုတဲစုမှာ မကြားခဏ ပဲ့တင်





ထွက်ပေါ်လာသံ ကြားနေရတော့တာပဲ။

❖

"ဘာ . . . ဘာပြောတယ်"

"အရီး ဟီး ဟီး . . . တော့်သမီး လင်နောက်လိုက်သွားပြီတော့်၊ ညက အခန်းပေါက်မှာ တုတ်တွေ, ဓားတွေနဲ့ စောင့်အိပ်နေတဲ့ တော့်ကို ကျော်ခွပြီး ခိုးရာလိုက်သွားတာ၊ အိပ်ပျော်နေတဲ့ ကျုပ်ကိုတောင် လက်ထဲ စာထည့်ပေးသွားလိုက်သေးတယ် . . . ၊

အမိုက်မ . . . ဒင်းလုပ်ပေါက်နဲ့ ကျုပ်တို့ အိုကြီးအိုမ,ဖြစ်မှ ဒုက္ခ ရောက်ရတော့မယ် ကပေတောရဲ့"

"တိတ်စမ်း . . . ၊

ဖြစ်လာရင် နင် ဒါမျိုးလုပ်ဖို့ပဲ တတ်တယ်မဟုတ်လား၊ သွား . . . ရွာထဲကအိမ်တွေ တစ်အိမ်တက်ဆင်း လိုက်ကြည့် . . . ငါ မိဒေါင်းအိမ်ကို လိုက်သွားမယ်"

"တော် . . . ဒေါသလျှော့နော် . . . အမှုတွေ့,ဘာတွေ ဖြစ်နေဦး မယ်"

"ငါသိတယ်၊ ဒင်းတို့ကို မတွေ့တွေ့အောင် မြေလှန်ရှာမယ်၊ ဟင်း . . . ပေတောလက်က လွတ်ရိုးထုံးစံရှိလို့လား၊ ဟိုခွေးမသား စုတ်ဖွားတစ် ကောင်သာ မမိသေးတာ . . . မိလို့ကတော့ ငါ့မှိန်းပြားမှာ စုတ်ဖွား အသက် ပါပြီသာမှတ်"

ကိုပေတောတစ်ယောက် တပည့်တစ်ယောက်ကိုခေါ်ပြီး အမဲလိုက် တဲ့ လက်နက်မျိုးစုံနဲ့ ဒေါ်ဒေါင်းအိမ် ရောက်သွားပါလေရော။

"ထုတ်ပေး . . . အခုအချက်ချင်း ထုတ်ပေးစမ်း"

"အို . . . ကိုရင်ပေတော . . . ဘယ့်နှယ့် နွေခင်းကြောင်တောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မကို စားပြလာတိုက်နေရတာလဲ၊ ကျုပ်က မုဆိုးမပါတော် . . . ငွေဆိုလို့ မှုးလို့တောင် ရှုစရာမရှိပါဘူး၊ မနက်စာ,ညစာတောင် မနည်းနပ်မှန်အောင် စားနေရတာပါ''

''ငါ့သမီးကို ထုတ်ပေးခိုင်းနေတာ၊ နင့်သားက ငါ့သမီးကို ခိုးပြေးသွားတယ်လေ . . . အဲဒါ ကောင်းသလား၊ အနူလက်က ရွှေခွက်တက်နိုက်ရုံတင်မကဘူး . . . နှပ်ချေးပါ သုတ်သွားသေးတယ် . . . နင့်သား အခု ဘယ်မှာလဲ''

''ကျုပ် ဘာမှမသိရပါဘူး ကိုရင်ပေတောရယ် . . . ညကလည်း ပြန်မအိပ်ဘူး၊ ဒီကလေးကြောင့်တော့ ဒုက္ခပါပဲ''

ထိုစဉ်မှာပင် စုတ်ဖွားက ရေကပြင်နားက ပြန့်ကျဲနေတဲ့ ထမင်းလုံးလေးတွေကို လာလျက်စားနေတာ ကိုပေတော တွေ့လိုက်ရတယ်။ ဘာပြောကောင်းမလဲ . . .

အိမ်ပေါ်က ဝုန်းခနဲခုန်ဆင်းပြီး ဒေါသတကြီးနဲ့ လက်ထဲက လက်နက်တွေနဲ့ လိုက်ပေါက်၊ လိုက်ပစ်တော့တာပဲ။ ကံကောင်းတဲ့ စုတ်ဖွားဆိုတာ ပြေးလိုက်တာ . . . အမြီးကိုတန်းလို့။ ကိုပေတောရဲ့မိုန်းပစ်ချက်က စုတ်ဖွားရဲ့ လည်ပင်းဘေးနားကို စိုက်သွားတယ်။ စုတ်ဖွားစွတ်ရွတ်ပြေးတော့ မိုန်းတန်းလန်းလည်း ပြုတ်ကျန်နေခဲ့တယ်။

ကိုပေတောတစ်ယောက် ရှာပတ်ပြီး စုတ်ဖွားကို လိုက်နေရလို့ သူ့သမီးကိစ္စကို အမှတ်မရနိုင်တော့ဘူး။

စုတ်ဖွားကို ညနေမိုးချုပ်တဲ့အထိ ဖမိလိုက်ဘူး။ သချိုင်းဂူပျက်တစ်လုံးထဲ ဝင်သွားတာ ထွက်ကိုမလာလို့ ကိုပေတော ထိုင်စောင့်နေခဲ့ရတယ်။ နောက်ဆုံး ဂူပေါက်ဝကို ကျောက်တုံးကြီးတစ်တုံးနဲ့ ပိတ်ပြီး ကိုပေတော ပြန်လာခဲ့တယ်။ နောက်နေ့ကျမှ မီးခိုးမှိုင်းတိုက်ပြီး စုတ်ဖွား အပြင်ထွက်အောင်လုပ်မယ်ဆိုတဲ့ အကြံနဲ့ပေါ့။

စုတ်ဖွားက ကယ်ပေါက်တစ်နေရာက ထွက်သွားတာ ကြာပြီ။ မြယာတောစပ်မှာ ပြန်လာတဲ့ကိုပေတောနဲ့ ညနေ မှောင်ရီဖျိုးဖျမှာ





ပြန်ဆုံလိုက်ကြရတယ်။ မြယာတောထဲဝင်သွားတဲ့ စုတ်ဖွားကို ကိုပေတော ဆက်မလိုက်နိုင်တော့ဘူး။ အိမ်ကို မောမောနဲ့ ပြန်ရောက်လာတယ်၊ မမေးရဲလို့ ငြိမ်ကုပ်နေတဲ့ မသေးတင်ကို . . .

''ဟဲ့ . . . သေးတင် . . . အဲဒီကောင်မ ဒင်းထိုက်နဲ့ဒင်းကံ ထားလိုက်ပေတော့ . . . ငါတို့ ဘာမှမလုပ်ဘဲ ငြိမ်နေလိုက်မယ်၊ ဒါမှ ဒင်းတို့ ပြန်လာရဲမှာ၊ အဲဒီကျမှ ဟိုခွေးကောင် ရွှေသီးကို မှတ်လောက်အောင် တီးပြီး သမီးကို ပြန်ခေါ်ထားလိုက်မယ်''

''တော့်သမီး . . . အပျိုမှ ပြန်မဖြစ်တော့တဲ့တာ''

ဒေါ်သေးတင်စကားကြောင့် ကိုပေတော တောက်ခေါက်ပြီး ရင်တွင်းဒေါသကို ထုံးစံအတိုင်းတိုင်း . . . ဟင်း . . ဟင်း . . ဟင်း . . နဲ့ ဖြေချလိုက်ရတော့ပြန်တာပဲ။

❖

နောက်တစ်လလောက်ကြတော့ ကိုပေတောဆီကို လူကြီးစုံရာနဲ့ သမီးပြန်အပ်ပွဲလုပ်လာကြတယ်။ ရတယ်လေ။ ကိုပေတောက လက်ခံထားလိုက်တယ်။ မင်္ဂလာပွဲကို ခြစ်ခြုတ်စုဆောင်းထားတာလေးတွေ၊ ကြိုတင်ယူငွေလေးတွေနဲ့ လုပ်ပေးဖို့ ရွှေသီးတို့သားအမိက စကားကမ်းလှမ်းကြတယ်။

ကိုပေတောက ထကြမ်းလို့ အားလုံး ပုဆိုးမနိုင်၊ ပဝါမနိုင်နဲ့ အကုန်ပြန်ပြေးကြရတယ်။ အချစ်အတွက် အသက်အသေခံမယ်ဆိုတဲ့ ရွှေသီးက ပြေးတဲ့နေရာမှာ ထိပ်ဆုံးက ပထမပဲ။ ကိုပေတောတို့လင်မယား ကြွေညကို ကြိမ်းမောင်းပြစ်တင်ပြောဆိုလိုက်တာ . . . ရက်သတ္တတစ်ပတ်လောက်ကို ကြာရော။

ဒီတစ်ခါတော့ . . . ကိုပေတော ပါးနပ်သွားပြီး အခန်းတံခါးကို



www.burmeseclassic.com

www.burmeseclassic.com



ဖါးကပ်တံခါးကပ်တယ်။ အသံမြည်လွယ်တဲ့ နို့ဆီခွက်တွေ တပ်တယ်။ ကြွေဥ ညဘက်ကြီးလည်း ထွက်ပြေးလို့မရဘူး။ နေ့ဘက် အလုပ်သွားရင်လည်း . . . ကိုပေတောက ကြွေဥကိုခေါ်သွားတယ်။

ဝေးပြီပေါ့။ ရွှေသီးနဲ့ ကြွေဥဘဝဟာ ဘယ်လိုမှ ဟပ်စပ်မရတော့ဘူး။ အေးမေတစ်ယောက်လည်း အုန်းတစ်လုတဲစုမှာ မနေရဲဘူး။ ကိုပေတောလိုက်ရိုက်လို့ ရွာထဲကအိမ်ကို ရောက်နေရရှာတယ်။ သူ့သမီးကို ဒီလောက်ဆုံးမရပါ့မလားဆိုပြီး ကိုပေတောနဲ့ သူညီ (အေးမေတို့အဖေ)နဲ့ စကားများပြီး တစ်ယောက်နဲ့တစ်ယောက် မခေါ်နိုင်၊ မပြောနိုင်ဖြစ်ကုန်ကြရတဲ့ အထိအောင်ပဲ။

ကိုပေတောကတော့ ဘယ်သူမှ ဂရုမစိုက်ဘူး။ ဘယ်သူ့စကားမှလည်း နားမထောင်ဘူး။ သူထင်ရာ သူဖွတ်လုပ်နေတော့တာပဲ။ မသေးတင်လည်း ဘာမှဝင်မပြောရဲရှာဘူး။

ကြွေဥခမျာ မျှော်တော်ယောင်ဘဝနဲ့ တမှိုင်မှိုင် တတွေတွေဖြစ်စပြုလာပြီ။ ရွှေသီးနဲ့ အကြောင်းပါပြီးသွားတော့ ရွှေသီးကို လွမ်းတတ်၊ ဆွေးတတ်လာပြီ။

ကိုရွှေသီးရေ လာပါတော့ . . . ကြွေဥ တမော့မော့ ဖြစ်နေတာ ကိုပေတော သိတာပေါ့။ သမီးကို ပုံပမာတွေနဲ့ နားချကြည့်တယ်။ မရဘူး။ ကိုပေတောလည်း သမီးအဖြစ်ကိုကြည့်ပြီး စိတ်မကောင်းဘူး။ ဒါပေမဲ့ ရွှေသီးဆီက အလဲအလှယ်သဘောမျိုး တစ်ခုခုပြန်ရယူချင်စိတ်က ရင်ထဲဖြစ်နေတယ်။

တစ်နေ့ ရွှေသီးတစ်ယောက် ကြွေဥကိုလာချောင်းနေတာ ကိုပေတော သိလိုက်ရတယ်။ ကိုပေတော ရိုးထဲမှာ မြှုံးထောင်နေတုန်း ပိတ်စွယ်ချုံထဲ ဝပ်ပြီးချောင်းနေတဲ့ ရွှေသီးက မြေစာခဲလေးနဲ့ ကြွေဥထိုင်နေတဲ့ ရိုးစပ်နားကို လှမ်းပေါက်ပြီးအချက်ပြနေတာ ကိုပေတော သိတာပေါ့။

ငယ်ရာက ကြီးလာတာပဲ၊ သေးတင်နဲ့တုန်းကလည်း ကိုပေတော ဒါမျိုးတွေ လုပ်ခဲ့ဖူးတာပဲ။ အဲဒါနဲ့ . . .

လင်းရောင်ခြည်စာပေ



"ဟော့ကောင် ရွှေသီး . . . ချုံထဲက အခုထွက်လာခဲ့"

ရွှေသီးခမျာ ကြွေဥကိုချစ်လွန်းလို့သာ အရဲစွန့်ပြီး ထွက်လာရတယ်။ တစ်ကိုယ်လုံး နတ်ပူးသလိုကို တုန်နေတာပဲ။ ကြွေဥဆိုတာ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘူး။ ကိုပေတောက ရှင်းတယ်။

"ဟော့ကောင် ရွှေသီး . . . မင်း ငါ့သမီးကို တကယ် မင်္ဂလာဆောင်ချင်သလား"

"ဗျာ"

"ငါ မြန်မာလိုပြောနေတာ . . . မင်း နားမလည်ဘူးလား"

"ဆောင် . . . ဆောင်ချင်ပါတယ် အဖေ . . . အဲ . . . ဦးလေးပေတော"

"ဆောင်ချင်ရင် စုတ်ဖွားကို အမြန်သတ်ပေး . . . သတ်ပေးနိုင်တာနဲ့ မင်းတို့ ကျိန်းသေမင်္ဂလာဆောင်ရမယ်လို့ ငါ ကတိပေးတယ်"

"ဗျာ . . . တကယ်လား"

"အေး"

"ကျွန်တော် အခုပဲ စုတ်ဖွားကိုသွားသတ်မယ်"

"အေး"

ရွှေသီး ပျော်ပြီး ပြေးထွက်သွားတယ်။ ကိုပေတောက အသံကျယ်ကြီးနဲ့ လှမ်းအော်ပြောလိုက်သေးတယ်။

"ဟော့ကောင် . . . ခွေးသေကောင်ကို ငါ့ဆီယူလာပြဦးနော်"

"စိတ်ချ ယောက္ခမကြီး"

အော်ပြီး တစ်ဟုန်ထိုး ပြေးထွက်သွားတဲ့ ရွှေသီးကို ကိုပေတော ပြုံးပြုံးကြီးလုပ်ပြီး ဆဲလိုက်ပုံက . . .

"ခွေးသူခိုး . . . ငါ့များ ယောက္ခမတဲ့ . . . ဟင်း"

❖

လင်းရောင်ခြည်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘာကြာလို့တုံး . . . နောက်တစ်နေ့ပဲ ရွှေသီးတစ်ယောက် ခွေးသားရေနဲ့ အသားတုံးကလီစာတွေ ယူပြီး ကိုပေတောဆီ ရောက်လာတယ်။

"စုတ်ဖွား သေပြီ . . . ဒီမှာ သူ့ဟာတွေ"

"ခွေးခေါင်းကရော"

"ညှပ်နဲ့ထောင်လို့ ပိပြီး ပြားကပ်သွားတာနဲ့ ရိုးထဲမျှောလိုက်ပြီ"

"အင်း . . . စုတ်ဖွားက သိပ်ပါးတဲ့ကောင်၊ မင်းတို့ကျွေးမွေးထားလို့ သခင်လို့ထင်နေတာတောင် မင်း ဖမ်းဖို့မလွယ်လို့ . . . အမဲလိုက်ရာမှာသုံးတဲ့ ညှပ်နဲ့တောင် ဖမ်းရတယ်မဟုတ်လား၊ ဒါနဲ့ ခွေးခေါင်းမှာ ဖိတဲ့ညှပ်က ဘာညှပ်လဲကွ"

"ကျွန်တော့်ဘကြီးလက်ထက်က အမဲလိုက်ရာမှာသုံးတဲ့ ညှပ်ပါ၊ အဲဒီညှပ်မျိုးက သားကောင်ရဲ့နုတ်သီးနဲ့ခေါင်းကို မိအောင် အလယ်မှာ အစာနဲ့ ထောင်ရပါတယ် . . . ဒီခေတ်မှာ အသုံးနည်းလွန်းတဲ့ ရှေးဟောင်းညှပ်တစ်မျိုးပါ"

ကိုပေတော ကျေနပ်သွားတယ်။ သူ့ကို လူညွှန့်တုံးအောင် လုပ်သွားတဲ့ စုတ်ဖွားတစ်ကောင်တော့ မရှုမလှနဲ့ ဘဝဇာတ်သိမ်းသွားရရှာပြီ။

"မင်း ဘာတတ်နိုင်သေးလဲ"

"ဗျာ"

"မင်းကို ပြောတာမဟုတ်ဘူး . . . စုတ်ဖွားကို ပြောတာ"

"ဟုတ် . . . ဟုတ်ကဲ့ . . . ကျွန်တော်နဲ့ကြွေညိုတို့ ဘယ်တော့ မင်္ဂလာဆောင်ရမလဲ ခင်ဗျာ"

"အမြန်ဆုံးသာ စီစဉ်ပြီး ဆောင်ကြတော့၊ ငါ့ဘဝမှာ ငါဖြစ်ချင်တာ ဖြစ်လိုက်ရလို့ ကျေနပ်ပါပြီ၊ စုတ်ဖွားကြောင့် ငါ့ဒဏ်ရာပြန်နာတိုင်း ဒေါသဖြစ်နေတယ် . . . အခုတော့ ပြီးသွားပြီ"

ရွှေသီးတို့ဘက်ကလည်း မြန်သလားမမေးနဲ့ . . . နောက်နေ့မှာ





တန်းပြီး မင်္ဂလာမဏ္ဍပ်ထိုး၊ အော်လံဖွင့်၊ မုန့်ဟင်းခါးချက်တော့တာပဲ။ အဲဒီရဲ့နောက်နေ့မှာ မင်္ဂလာပွဲကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပတော့တာပဲ၊ ကိုပေတော စိတ်မပြောင်းခင် တက်သုတ်ရိုက် လုပ်ကြရတာကိုး။

မင်္ဂလာဆောင်ပွဲမှာ ထန်းသုံးပင်ရွာတင်မကဘူး . . . အနီးဝန်းကျင် လာလိုက်ကြတဲ့ လူတွေ။ လက်ဖွဲ့တာက နည်းနည်း . . . မိသားစု မီးခိုးတိတ် လာရိတ်လိုက်ကြတာ . . . မုန့်ဟင်းခါး အချိန်သုံးဆယ်လောက်က တော့ တက်တက်ကိုပြောင်ရောပဲ။

ရွှေသီးမျက်နှာဆိုတာ လပြည့်ဝန်းကြီးပမာ ထိန်ထိန်သာလို့၊ ကြွေညို တစ်ယောက်ကတော့ မျက်နှာချေတွေ ရဲနေအောင် လိမ်းထားလို့ . . . မျက်နှာ ရဲ့ သတို့သမီးကြီးကို ဖြစ်နေတော့တာပဲ။

ကိုပေတောလား . . .။ ပြောမနေနဲ့ . . . ခေါင်းရင်းခန်းထိုင်ပြီး ကွမ်းဝါးလိုက်၊ ဆေးလိပ်ဖွာလိုက် . . . သူကြမ်းခဲ့လို့ ပြေးခဲ့ရတဲ့ လူကြီးတွေကို တောင်းပန်ပြောဆိုလိုက်၊ အဲဒီကုန်းကအဖြစ်တွေကို ပြောပြီး တဝေါဝေါ ရယ်လိုက်နဲ့ . . .။ ဒေါ်ဒေါင်းနှင့် မသေးတင်တို့ကတော့ အညာတဘက်တွေ ကို စံပါကြီးတွေလို ချပြီး ပြောင်းဖူးဖက်ကြီးတွေ တဖွားဖွားဖွာလို့ . . . သားနဲ့ သမီးကိုကြည့်ပြီး ပီတိတွေ ဖြာနေလိုက်ပုံက . . .

"မသေးတင်ရယ် . . . ခုမှပဲ ကျုပ်သားကို စိတ်ချရလို့ ကျုပ် သေပျော်ပါပြီ"

"အဲဒါဆိုလည်း သေလိုက်ပေါ့တော်"

"အို . . . ဘယ့်နှယ် . . . မြေးတွေ,ဘာတွေ ရှင်ပြုနားသ လုပ်ပါ ရစေဦး"

"တော်ကလည်း . . . တော် သား,မမွေးရတိုင်း ကျုပ်သမီးလေးကို . . ."

"မသေးတင်က မြေးမချီချင်ဘူးပေါ့"

'အဟီး . . ဟီး . . ဟီး'

မသေးတင်ရဲ့ ဒုတ်ထိုးအိုးပေါက်ရယ်သံကြီး မင်္ဂလာမဏ္ဍပ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ညံသွားတယ်။ အော်လံကြီးကလည်း ဖွင့်လိုက်တဲ့ မဂ်လာသီချင်းတွေ။

စက်ဖွင့်တဲ့ကောင်ကို မနက်အစောကတင် ကိုပေတော ကြိမ်းထားရပြီးပြီ။ ဘာဖြစ်ရမှာလဲ . . . စက်ဖွင့်တဲ့ကောင်က စာမတတ်ဘူး။ နမော်နမဲ့ကလည်း သိပ်နိုင်တာ။ ရွာသားတစ်ယောက်က လက်ကမြင်းပြီး မင်္ဂလာအခွေကာဗာထဲကို အသုဘငိုချင်းကြီး မှားထည့်ပေးထားခဲ့မိတယ်။ မနက်ကဖွင့်တော့ လော်ထဲကနေ . . .

"အမလေးရယ်မှ ပြောရတော့မယ်"

တွေ ဖြစ်ကုန်လို့ ကိုပေတော ထကြမ်းရတာပေါ့။

လူကြီးဝိုင်းမှာ မုန့်ဟင်းခါး ခုနစ်ပွဲလောက် ကြိတ်၊ ရေနွေးငါးအိုးလောက် ကုန်အောင်သောက်ထားတဲ့ ကိုပေတောတစ်ယောက် အစာဟောင်းတွေနဲ့ ဗိုက်ထဲရစ်လာလေပြီလေ။

လူကြီးဝိုင်းကနေ 'ခဏ' ဆိုပြီး နောက်ဖေးက မိုးမလုံလေမလုံ အိမ်သာဆီ ပြေးရပါလေရော။

ဟော . . . တွေ့ပြီ . . . တွေ့ပြီ။ စုတ်ဖွားမှ စုတ်ဖွားအစစ်။ စုတ်ဖွား မသေဘူး။ နောက်ဖေး ပန်းကန်ဆေးတဲ့နေရာက အကြွင်းအကျန်တွေ လာစားနေတာ။ ရှေ့လည်ပင်းနားမှာလည်း ဒဏ်ရာအပေါက်ကြီးက ပိုးလောက်တွေတောင် တွယ်လို့။

အမှန်အဖြစ်ကတော့ ရွှေသီးက ကိုပေတောကို တစ်ပတ်ရိုက်ပြီး လူလည်ကျလိုက်တာပါ။

နောင်ကိစ္စ နောင်မှရှင်းမယ်ဆိုတဲ့သဘောနဲ့ ရွှေသီးလုပ်လိုက်တာပါ။ ရွာထဲက အောင်ကြီးတို့ ငှက်ဖျားရောဂါပျောက်အောင် ခွေးတစ်ကောင်ချက်စားနေတာကို ရွှေသီးတွေ့ခဲ့တယ်။ ကြွေဥကို သွားချောင်းတာ ကိုပေတောမိတော့ စုတ်ဖွားကိုသတ်မယ်ဆိုပြီး လွယ်လွယ်ကတိပေးလိုက်တယ်။ ရွှေသီးတို့ ကံကောင်းချင်တော့ ရေကန်အသင့်၊ ကြာအသင့်ပါပဲ။

အောင်ကြီးတို့သတ်စားတဲ့ ခွေးအရေခွံနဲ့ စုတ်ဖွားအရေခွံက အရောင်တူပဲ။ ဒါနဲ့ ရွှေသီးက အောင်ကြီးတို့ဆီက ခွေးအရေခွံအမွေးတွေနဲ့ ကလီစာ





အသားတချို့ကို တောင်းထားပြီး နောက်နေ့ကျမှ ကိုပေတောကို မင်သေသေနဲ့ သွားပြခဲ့တာပေါ့။ ကိုပေတော ယုံသွားတော့ အဲဒါတွေ ကျင်းတူးပြီး မြှုပ်ပစ်လိုက်တယ်။ ပြီးရော . . .။

မပြီးနိုင်တာက နောက်ဆက်တွဲပြဿနာ။ ဖုံးထားသမျှ ကိုပေတော အိမ်သာပေါ် ကုန်းတက်မှ ဘွားဘွားကြီးပေါ်လာတော့တာပဲ။ ကိုပေတော နီးရာတုတ်နဲ့ စုတ်ဖွားကို လိုက်ရိုက်တယ်။ စုတ်ဖွား တကိန်ကိန်ကိန်အော်ပြီး ထွက်ပြေးသွားတယ်။ စုတ်ဖွားအော်သံကြားကတည်းက လူကြီးတွေကို ကြိုတင် တိုင်ပင်ပြောပြထားတဲ့ ရွှေသီးက သူ့အမေနဲ့ လူကြီးတွေကို အရင်ပြန်နှိုင်းလိုက်တယ်။ သူကိုယ်တိုင်လည်း ဖိနပ်ခါးထိုးပြီး ကြွေဥလက်ကို တင်းတင်းဆွဲတယ်။

"ဥရေ . . . အချိန်ကျပြီ ပြေးကြစို့"

ကြွေဥကိုလည်း ကြိုပြောပြထားလို့ ကြွေဥ သဘောပေါက်သွားတယ်။ သတို့သမီးဝတ်စုံကြီး ဝတ်ထားရာက ထဘီကိုမ,ပြီး ရွှေသီးလို ခါးတောင်းကျိုက်မလို့ (ယောင်ပြီးလုပ်နေလို့) ရွှေသီးက ဝင်တားရတယ်။ နှစ်ယောက်သား နောက်ကျတဲ့ခြံထောက် သစ္စာဖောက်ဆိုပြီး လယ်ကွက်ထဲကနေ ဖြတ်လမ်းသုံးပြီး ဒုန်းပြေးလိုက်ကြတာ . . . တန်းလို့။

စုတ်ဖွားလွတ်သွားလို့ ဝါးရင်းတုတ်တစ်ချောင်းနဲ့ ကိုပေတော ဒေါသအဖြစ်လွန်ကာ ဆွေ့ဆွေ့ခုန်လာတယ်။

"ရွှေသီး . . . ဟော့ကောင် ရွှေသီး . . . ငါ့ကို နားလည်ပါးချတဲ့ သဘောက်မသား . . . မင်းကို ငါသတ်မယ်၊ ဘယ်မလဲ ရွှေသီး . . . ဟော့ကောင် ထွက်ခဲ့၊ ပေတောကွ . . . တဘောတည်း ရှိတယ် . . . နှစ်တော ရှိရင် ရှင်းပစ်ပြီး ယာလုပ်ထွန်ယက်ပစ်လိုက်မယ် . . . ဘာမှတ်နေသလဲ ငါ့ကို"

မဏ္ဍပ်ထဲမှာ ဟိုကြမ်းဒီကြမ်းလုပ်နေလို့ ဒေါ်သေးတင်ခမျာ ဒူးရဲ့ ခွန့်ပြီး ကိုပေတောကို အတင်းလိုက်ဆွဲရတယ်။ စက်ဖွင့်တဲ့စက်ဆရာဆိုရင် ကိုပေတော တုတ်ကိုင်လာတာမြင်ကတည်းက လုစ်ခနဲ ပျောက်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရောက်လို့ ရောက်သွားမှန်းတောင် မသိဘူး။

ဒါပေမဲ့ စက်ဆရာဖွင့်ထားခဲ့တဲ့ သီချင်းလေးကတော့ မင်္ဂလာမဏ္ဍပ်ထဲမှာ ကိုပေကောတစ်ယောက် ပေါက်ကွဲအော်ဟစ် သောင်းကျန်းနေတဲ့ ပုံစံလေးနဲ့ ဘယ်လောက်များ လိုက်ဖက်လိုက်သလဲဆိုတော့ . . .

♫ xxxမောင်နဲ့မယ်မခွဲ xxx ရွှေလက်တွဲလို့ xxx ယောက္ခမကြီးတွေလည်း xxx အဖေနဲ့အမေခေါ် xxx ဩော် xxx လူကြီးတွေလည်း ပျော်နေလိုက်ပုံများ xxx မြင်သူတကာ ပီတိနဲ့ ဝသွားလောက်ပါရဲ့ xxx သက်ထားနဲ့မောင် xxx နောက်ထပ်တောင် မင်္ဂလာဆောင်ချင်တယ် xxx ♫

. . . တဲ့။

BURMESE CLASSIC .com

လရောင်ချို

www.burmeseclassic.com